# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၀ ပြည့်နှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁ ရက် | ၂၀၁၈ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ကြာသပတေးနေ့ | အတွဲ (၅၇)၊ အမှတ် (၂၆၉)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr . Pier Giorgio ALIB ERTI အား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်

**နေပြည်တော် ဇွန် ၂၇**

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အီတလီသံအမတ်ကြီး H.E. Mr. Pier Giorgio ALIBERTI အား ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုနှင့် ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် အကူအညီပေးနေမှု၊ မြန်မာနိုင်ငံ၏ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေး ပူးပေါင်းဆောင်ရွက်နေမှု၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်မြို့ရှိ UEHRD နှင့် NRPC ရုံးတို့သို့ ရောက်ရှိ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်အတူ ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်၊ UEHRD ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ သတင်းနှင့်ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဦးကျော်မြိုင်တို့နှင့် တွေ့ဆုံစဉ်။ သတင်းစဉ်

**ရန်ကုန် ဇွန် ၂၇**

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ UEHRD နှင့် NRPC ရုံးတို့သို့ ရောက်ရှိသည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်အတူ UEHRD ရုံး၌ UEHRD ကော်မတီအဖွဲ့ဝင်များ ဖြစ်ကြသော ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်၊ UEHRD ဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ သတင်းနှင့် ဆက်သွယ်ရေး ညွှန်ကြားရေးမှူး ဦးကျော်မြိုင်တို့နှင့် တွေ့ဆုံသည်။

**အရေးကြီးကိစ္စရပ်များ ဆွေးနွေး**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်းနှင့် ဆက်စပ်နေသော အရေးကြီးကိစ္စရပ်များနှင့် သတင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် NRPC ရုံး၌ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာ တင်မျိုးဝင်းနှင့်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

**သတင်းစဉ်**

## နေပြည်တော်၌ အင်အား ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်လှုပ်

**နေပြည်တော် ဇွန် ၂၇**

ယနေ့ မြန်မာစံတော်ချိန် ည ၇ နာရီ ၃၂ မိနစ် ၃၂ စက္ကန့်တွင် နေပြည်တော် မြေငလျင်စခန်းမှ တောင်-အရှေ့တောင်ဘက် ခုနစ်မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း မြောက်လတ္တီတွဒ် ၁၉ ဒသမ ၆၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၁၈ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ခတ်သွားကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၆၀၀ တင်ပြခဲ့ရာ ၃၅၁၆ တွဲ ရောင်းချနိုင်ခဲ့

စာမျက်နှာ - ၃

## ရခိုင်ပြည်နယ် မောင်တောဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ်များအတွက် ICRC ဥက္ကဋ္ဌ မြေပြင်သွားရောက်လေ့လာ

စာမျက်နှာ - ၁၀

## ဒုက္ခသည်များကို လက်ခံနိုင်စွမ်းမရှိတော့ကြောင်း ဂျော်ဒန်ဝန်ကြီးချုပ်ပြော

စာမျက်နှာ - ၁၄


KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

မြန်မာ့အလင်း

## နိုင်ငံတော်သမ္မတ၏ သိမ်းဆည်းမြေများဆိုင်ရာ လမ်းညွှန်မှု

တိုင်းပြည်၏ ဖြတ်သန်းခဲ့ရသော သမိုင်းကြောင်းအနေအထားအရ ကျေးလက်ပြည်သူတို့သည် လယ်ယာမြေများ သိမ်းဆည်းခံရခြင်းကို ဆိုးဆိုးဝါးဝါးရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ ကျေးလက်ပြည်သူလူထုသည် ဥပဒေမဲ့လယ်ယာမြေသိမ်းဆည်းခြင်းများကိုပင် ရင်ဆိုင်ကြုံတွေ့ခဲ့ရပါသည်။ နိုင်ငံလူဦးရေ၏ သုံးပုံနှစ်ပုံခန့်က လယ်ယာစိုက်ပျိုးရေးကဏ္ဍအပေါ်မှီခိုနေရသည်ဖြစ်၍ ကျေးလက်ပြည်သူတို့၏ဘဝကို အခြေအမြစ်မှ ကိုင်လှုပ်နိုင်သော လယ်ယာမြေသိမ်းဆည်းမှု ပြဿနာများသည် လေးလေးနက်နက် ကိုင်တွယ်ဖြေရှင်းရမည့် ပြဿနာများ ဖြစ်ပါသည်။

ဤသို့သော နောက်ခံအခြေအနေ၌ နိုင်ငံတော်သမ္မတဦးဝင်းမြင့်သည် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီ၏ ဆဋ္ဌမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို တက်ရောက်၍မိန့်ခွန်းပြောကြားခဲ့ပါသည်။ သမိုင်းတစ်လျှောက် ကြုံတွေ့ခဲ့ရသော လယ်ယာမြေသိမ်းဆည်းမှုများနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က "စီမံကိန်းအတွက် သိမ်းဆည်းသည်ဆိုသော်လည်း လက်တွေ့၌စီမံကိန်းကို အကောင်အထည်မဖော်နိုင်ခြင်း၊ စီမံကိန်းကို အပြီးတိုင် အကောင်အထည်မဖော်နိုင်ခြင်း၊ စီမံကိန်းမအောင်မြင်ခြင်း" စသည့်အကြောင်းရင်းတို့ကြောင့် ကျေးလက်ပြည်သူတို့ ရင်ဆိုင်ခဲ့ရသည့် နစ်နာဆုံးရှုံးမှုတို့ကို ထောက်ပြခဲ့ပါသည်။

ပစ္စုပ္ပန်ကာလ၌ပင် မြေယာတို့ကို သိမ်းဆည်းထားသော်လည်း အများပြည်သူအကျိုးနှင့် နိုင်ငံတော်အကျိုးအတွက် တစ်စုံတစ်ရာ အသုံးပြုမှုမရှိခြင်းများလည်း ကြုံတွေ့ခဲ့ရပါသည်။ တစ်ဖန် လယ်ယာမြေများကို သိမ်းဆည်းသည့်အခါ လိုအပ်ချက်ထက် ပိုမိုသိမ်းဆည်းခြင်းများလည်း ရှိခဲ့ပါသည်။ ချမှတ်ထားသည့် စီမံကိန်း၏ရည်ရွယ်ချက်နှင့် မညီညွတ်သော လယ်ယာမြေသိမ်းဆည်းခြင်းများလည်း ဖြစ်ပေါ်ခဲ့ပါသည်။ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က တိုင်းပြည်နှင့်လူမျိုးအတွက် အကျိုးယုတ်ဆုံးရှုံးစေသည့် အထက်ရည်ညွှန်းပါပြဿနာတို့ကို မှန်မှန်ကန်ကန်ထောက်ပြခဲ့ပါသည်။ ဤပြဿနာတို့သည် တောင်သူလယ်သမားတို့၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဟန့်တားနှောင့်ယှက်နိုင်သည်ဖြစ်၍ အလျင်အမြန် ကိုင်တွယ်ဖြေရှင်းနိုင်ရန် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ယခုကဲ့သို့ မိန့်ခွန်းပြောကြား၍ လမ်းညွှန်ခဲ့ခြင်း ဖြစ်ပါသည်။

လယ်ယာမြေသိမ်းဆည်းခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်တို့၏ လမ်းညွှန်ချက်နှင့်အညီ မူဝါဒ၊ လုပ်ငန်းစဉ် ၅၂ ချက် ချမှတ်ကြိုးပမ်းဆောင်ရွက်နေကြောင်း သိရပါသည်။ ထို့အပြင် လူထုအစိုးရသစ်၏ (၂) နှစ်တာ ကာလအတွင်း လယ်ယာမြေသိမ်းဆည်းခြင်းဆိုင်ရာ တိုင်ကြားစာများနှင့် ပတ်သက်၍ စိစစ်ဆောင်ရွက်မှု အားနည်းခြင်းကိုလည်း နိုင်ငံတော်သမ္မတက ထောက်ပြခဲ့ပါသည်။ ဥပဒေမဲ့သိမ်းဆည်းထားသော လယ်ယာမြေများပြန်လည်ရရှိရေး၊ လျော်ကြေး၊ နစ်နာကြေးရရှိရေးတို့ကို ဥပဒေနှင့်အညီ ဆောင်ရွက်ရေးသည် နိုင်ငံတော်သမ္မတအဖြစ် ကတိသစ္စာပြုစဉ်က ချမှတ်ခဲ့သည့် ဦးစားပေးရည်မှန်းချက်ပန်းတိုင်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတက အလေးအနက်ထား ပြောကြားခဲ့ပါသည်။ တစ်ဆက်တည်းပင် နိုင်ငံတော်သမ္မတက လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီ အဆင့်ဆင့်၏သဘောထားမှတ်ချက်များအပေါ်အခြေခံ၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့က မှန်မှန်ကန်ကန် ကိုင်တွယ်ဆောင်ရွက်ပေးရန် လမ်းညွှန်ခဲ့ပါသည်။ နိဂုံးချုပ်အားဖြင့် တိုင်းပြည်၏အဓိက စိန်ခေါ်ချက်တစ်ရပ်ဖြစ်သော လယ်ယာမြေသိမ်းဆည်းမှု ကိစ္စရပ်များအပေါ် လမ်းညွှန်မှုပေးခဲ့သည့် နိုင်ငံတော်သမ္မတ၏ ဤမိန့်ခွန်းကို ကြိုဆိုဂုဏ်ပြုပါကြောင်းလေးစားစွာ တင်ပြအပ်ပါသည်။ ။

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## မြန်မာ့အသေးစားနှင့် အလတ်စားလုပ်ငန်းများဖွံ့ဖြိုးရေး ချေးငွေစိစစ်ခြင်းနည်းပညာ ဂျပန်ကူညီ

**နေပြည်တော် ဇွန် ၂၇**

မြန်မာနိုင်ငံ၏အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် လိုအပ်နေသော ချေးငွေစိစစ်ခြင်းဆိုင်ရာ နည်းပညာအထောက်အကူဖြစ်စေရန် ဂျပန်နိုင်ငံအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနမှ Policy Research Institute (PRI)၊ Japan Finance Corporation (JFC)နှင့် မြန်မာ့စီးပွားရေးဘဏ်အကြား နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်ခြင်း စီမံကိန်းကို ၂၀၁၅ ခုနှစ်မှ စတင်ကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ စီမံကိန်းအရ Policy Research Institute (PRI)နှင့် Japan Finance Corporation (JFC) တို့က မြန်မာ့စီးပွားရေးဘဏ်သို့ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများအတွက် ချေးငွေထုတ်ချေးရန် စိစစ်ခြင်းနည်းပညာအထောက်အကူပေးအပ်သည့် Second Phase ပထမအကြိမ်အလုပ်ရုံဆွေးနွေးပွဲကို ဇွန်၁၁ရက်မှ ၁၂ ရက်အထိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) နေပြည်တော် အရာထမ်း၊ အမှုထမ်း ၅၀ ကို လည်းကောင်း၊ မြန်မာ့စီးပွားရေးဘဏ် မန္တလေးမြို့ Hotel Marvel ၌ ဇွန် ၁၄ ရက်မှ ၁၅ ရက် အထိ အရာထမ်း၊ အမှုထမ်း ၄၀ ကိုလည်း ကောင်း၊ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ (၁) ရန်ကုန်၌ ဇွန် ၁၈ ရက်မှ ၁၉ ရက်အထိ အရာထမ်း၊ အမှုထမ်း ၅၀ကိုလည်းကောင်း ဆွေးနွေးပို့ချခဲ့သည်။

နေပြည်တော်တွင် ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲသို့ မြန်မာ့စီးပွားရေးဘဏ်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးယဉ်ဇော်မျိုး၊ ဂျပန်နိုင်ငံအစိုးရဘဏ္ဍာရေးဝန်ကြီးဌာနမှ Policy Research Institute (PRI) မှ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးတာဝန်ခံ Ms. Akiyo Mitsumoto၊ Japan Finance Corporation (JFC Micro) မှ အထွေထွေမန်နေဂျာ Mr.Yoshiharu Ueno တို့က တက်ရောက်ဆွေးနွေးခဲ့ကြပြီး JFC Micro ၏ SMEs ချေးငွေစိစစ်ခြင်းဆိုင်ရာနည်းစနစ်များ၊ အာမခံမဲ့ချေးငွေများအတွက် အရည်အသွေးပိုင်းဆိုင်ရာ စိစစ်ခြင်း၊ အရေအတွက်ပိုင်းဆိုင်ရာ စိစစ်ခြင်း၊ ချေးငွေအသုံးပြုမည့်နည်းလမ်း စိစစ်ခြင်း၊ ချေးငွေစိစစ်ခွင့်ပြုခြင်း နည်းလမ်းများကို ဆွေးနွေးပို့ချခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မျိုးစေ့ထုတ်အကျိုးဆောင် တောင်သူများအား မျိုးစပါးများပံ့ပိုး

**မြိုင် ဇွန် ၂၇**

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး၏ ညွှန်ကြားမှုဖြင့် ပခုက္ကူခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးရန်နိုင်ဝင်းက မျိုးစေ့ထုတ်အကျိုးဆောင် တောင်သူများအား မျိုးစပါးများ ပံ့ပိုးပေးအပ်ပွဲကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးက အမှာစကားပြောကြားပြီး မြိုင်မြို့နယ် ဆူးဝင်းအုပ်စု ဝက်ဖိုးကျေးရွာ မျိုးစေ့ထုတ်အကျိုးဆောင်တောင်သူ ၁၂ ဦးတို့၏ လယ်မြေ ၁၅ ဧကအတွက် တစ်ဧကလျှင်စပါးမျိုး တစ်တင်းနှုန်းဖြင့် မနောသုခမျိုးသန့် အဆင့် (၁) ၁၅ တင်းကို အကျိုးဆောင်တောင်သူများထံ ပေးအပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိန်မောင်က သီးနှံသစ်တောရောနှောစိုက်ခင်း၌ စိုက်ပျိုးရန် စိန်တစ်လုံးသရက်ပျိုးပင် ၆၀ နှင့် ပဲမျိုးစုံသီးနှံ စိုက်ခင်းများတွင် ကျရောက်တတ်သော မှိုရောဂါအမျိုးမျိုးအတွက် မှိုမျိုးစေ့ထုပ်များကို ဝက်ဖိုးကျေးရွာမှ တောင်သူဦးအောင်ကျန်အား ပေးအပ်ခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် ကွင်းဝန်ထမ်းများက ဝက်ဖိုးကျေးရွာ၌ SRI စနစ်ဖြင့် စိုက်ပျိုးထားသော နွေစပါး ၁၅ ဧက စံပြကွက် သို့ ကွင်းဆင်းစစ်ဆေးပြီး ရွာသစ်ဖျကျေးရွာသို့ သွားရောက်၍ ဘက်စုံအဆင့်မြင့် စံပြကျေးရွာ ထူထောင်မည့် အကျိုးဆောင် တောင်သူများနှင့် တွေ့ဆုံကာ ခရိုင်မြေအသုံးချရေးတာဝန်ခံဦးစီးအရာရှိ ဒေါ်သင်းသင်းချို၊ ခရိုင်မျိုးစေ့တာဝန်ခံဦးစီးအရာရှိ ဒေါ်သန်းသန်းရီ၊ ခရိုင်ပိုးမွှားတာဝန်ခံဦးစီးအရာရှိ ဒေါ်သက်သက်မြင့်တို့က တောင်သူနည်းပညာပေးဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ကျင်းပ

**သီပေါ ဇွန် ၂၇**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ယမန်နေ့က ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေထံမှ ပေးပို့သည့် သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## သာစည်မြို့ မူလတန်းကျောင်းရှေ့ရှိ မြို့ဝင်ဘီးခွန်ကောက်ဂိတ်ပြောင်းရွှေ့ရေး ဆွေးနွေး

**သာစည် ဇွန် ၂၇**

ဇွန် ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ ထင်သာမြင်သာအခန်းကဏ္ဍတွင် ဖော်ပြပါရှိသည့် 'မူလတန်းကျောင်းရှေ့ရှိ မြို့ဝင်ဘီးခွန်ကောက်ခံဂိတ် ပြောင်းရွှေ့ပေးစေလို' ခေါင်းစဉ်ပါ သတင်းနှင့်ပတ်သက်၍ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့နှင့် အမှတ်(၄)ထိန်ကန် အခြေခံမူလတန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး၊ ကျောင်းအကျိုးဆောင်အဖွဲ့နှင့် ကျောင်းသားမိဘများ ဇွန် ၂၆ ရက်က မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးခန်းမ၌ တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးညှိနှိုင်းပွဲတွင် ကျောင်းသားမိဘများ၏ တင်ပြချက်များအရ မြို့နယ်စည်ပင်သာယာရေးကော်မတီက အခြေခံပညာမူလတန်းကျောင်းရှေ့ရှိ လမ်းကြားလမ်းကို ကျောင်းသား ကျောင်းသူများ အန္တရာယ်ကင်းစွာ သွားလာနိုင်အောင် လမ်းကောင်းမွန်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ယာဉ်ကြီး/ယာဉ်ငယ်များ မောင်းနှင်မှုတွင် အရှိန်မပြင်းစေရေးအတွက် လမ်းဦးစီးဌာနနှင့်ညှိနှိုင်း၍ အရှိန်လျှော့တုံးများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းနှင့် ကျောင်းရှေ့ရှိဓာတ်မီးတိုင်များ မီးလင်းရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

**မောင်ကို(သာစည်)**

## မိုးရေကိုအကျိုးရှိစွာ စီမံခန့်ခွဲခြင်းစီမံကိန်းအရ တောင်သူများ ဈေးကွက်နှင့် ပိုမိုချိတ်ဆက်ရေးဆိုင်ရာ ဆွေးနွေး

**နေပြည်တော် ဇွန် ၂၇**

စိုက်ပျိုးရေးဦးစီးဌာနနှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့ ပူးပေါင်းဆောင်ရွက်သော မိုးရေကို အကျိုးရှိစွာ စီမံခန့်ခွဲခြင်း GWM စီမံကိန်းအရတောင်သူများ ဈေးကွက်နှင့် ပိုမိုတိုးမြှင့်ချိတ်ဆက်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က နေပြည်တော် Horizon Lake View ဟိုတယ်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်စိန်၊ စီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာသန္တာကြည်၊ GWM မှ မြန်မာနိုင်ငံဆိုင်ရာကိုယ်စားလှယ်များ၊ စီမံကိန်းစိစစ်ရေးဆွဲသုံးသပ်ရေးဌာနခွဲနှင့် မြေအသုံးချရေးဌာနခွဲတို့မှ တာဝန်ရှိသူများ၊ စီမံကိန်းဒေသများမှ တာဝန်ရှိသူများနှင့် တောင်သူများတက်ရောက်ကြပြီး မြန်မာနိုင်ငံ၏ ပူပြင်းခြောက်သွေ့သည့် ဒေသများ၌ မိုးရေကို စုဆောင်း၍ စိုက်ပျိုးထုတ်လုပ်ရာတွင် အကျိုးရှိစွာ စီမံခန့်ခွဲနိုင်ရေး၊ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များ ဈေးကွက်နှင့် ပိုမိုတိုးမြှင့်ချိတ်ဆက်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များ တိကျမှန်ကန်စွာရရှိသဖြင့် တောင်သူများ ဈေးကွက်ဝေစုအကျိုးအမြတ် ပိုမိုခံစားနိုင်စေရန်၊ လယ်ယာထွက်ကုန်သီးနှံများ အဆင့်မြင့်သိုလှောင်ခြင်း၊ ထုပ်ပိုးခြင်း၊ သယ်ယူခြင်းနှင့် ဈေးကွက်အရောက် ကုန်စည်စီးဆင်းမှု မှန်ကန်စွာဖြင့် ဈေးကွက်ဝန်ဆောင်မှုစရိတ်များ လျှော့ချနိုင်ရေးတို့အတွက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကုန်သည်များ၊ တောင်သူများ ပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ရည်ရွယ်၍ ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ စီမံကိန်း၏ ရှေ့ပြေးလုပ်ငန်းများအဖြစ် မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးများ အတွင်းရှိ ကျေးရွာများ၌ တောင်သူပညာပေးစံပြကွက်များတည်ဆောက်၍ စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးခြင်းကို ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်စိန်က ပြောကြားသည်။



အဆိုပါစီမံကိန်းသည် တောင်သူလယ်သမားများအား မိုးရေကိုစုဆောင်း၍ ဖြည့်စွက်ရေအဖြစ် စနစ်တကျ အကျိုးရှိစွာ စီမံခန့်ခွဲခြင်းဖြင့် တစ်နှစ်ပတ်လုံးသီးနှံထုတ်လုပ်နိုင်သည့် အသိအမြင်ဗဟုသုတများ ဖြန့်ဝေပေးနိုင်ရေး ဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ရာသီဥတုနှင့် လိုက်လျောညီထွေစွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအပြင် ထုတ်ကုန်များအတွက် ဈေးကွက်နှင့် ချိတ်ဆက်နိုင်ရေး၊ နည်းပညာများ ဖြန့်ဖြူးပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး**

# ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး ကိုရီးယားရိုးရာယဉ်ကျေးမှုအကဖျော်ဖြေပွဲ တက်ရောက်




ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ ကိုရီးယားရိုးရာယဉ်ကျေးမှု အကဖျော်ဖြေပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ၊ ကိုရီးယားယဉ်ကျေးမှုအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

**နေပြည်တော်  ဇွန်  ၂၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှုရရှိလာစေရန် ရည်ရွယ်ကျင်းပသည့် ကိုရီးယားရိုးရာယဉ်ကျေးမှု အကဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ည ၇ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန - ၂ ၌ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက် ကြည့်ရှုအားပေးသည်။

**တက်ရောက်**

ဖျော်ဖြေပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ၊ ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာသန်းမြင့်၊ ဦးဟန်ဇော်၊ ဦးအုန်းမောင်၊ ဦးကျော်တင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်မိုးမြင့်ထွန်းနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်၊ ၎င်းတို့၏ ဇနီးများ၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်လှထွန်းနှင့်ဇနီး၊ ဦးဝင်းမော်ထွန်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံရုံးမှ သံအမတ်ကြီး H.E. Mr. Lee Sang – hwa နှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ကိုရီးယားရိုးရာယဉ်ကျေးမှုအက ဖျော်ဖြေပွဲအခမ်းအနားတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီး H.E. Mr. Lee Sang-hwa က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

**ကပြဖျော်ဖြေ**

ဖျော်ဖြေပွဲကို ငြိမ်းချမ်းရေးဆုတောင်းပွဲတေးသရုပ်ဖော်အကဖြင့် စတင်ဖွင့်လှစ်ပြီး ကိုရီးယားနိုင်ငံမှ ယဉ်ကျေးမှု အနုပညာရှင်များက Abak တူရိယာကို အသုံးပြု၍ ကပြသော အက၊ ကိုရီးယားရိုးရာစက်ဝန်းအက၊ သင်တန်းအကြီးအကဲ၏ လေ့ကျင့်သင်ကြားနေပုံ သရုပ်ဖော်အက၊ Jack and Gill သရုပ်ဖော်အက၊ Jeju Play ကြာပွတ်အသုံးပြု၍ ကပြသော အက၊ ကိုရီးယားယဉ်ကျေးမှုအဖွဲ့၏ မဏ္ဍိစန္ဒာသီချင်းတေးသရုပ်ဖော်အက၊ နန်းတွင်းအက၊ ကြက်တူရွေးအက၊ ပင်လယ်ပျော်မိန်းကလေးအက၊ ပုံကြီး၊ ပုံသေးအကတို့ဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

**မှတ်တမ်းတင်ဓာတ်ပုံရိုက်**

ဖျော်ဖြေပွဲအပြီးတွင် ဒုတိယသမ္မတသည် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသံအမတ်ကြီးနှင့် ကိုရီးယားယဉ်ကျေးမှုအဖွဲ့တို့နှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီးတို့အား သီးခြားစီလက်ခံတွေ့ဆုံ

**နေပြည်တော်  ဇွန်  ၂၇**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ရန်ကုန်မြို့၊ မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Prof.Dr.Iza Fadri အား ယနေ့မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr.Lee Sang-hwa အား မွန်းလွဲ ၃ နာရီခွဲတွင် လည်းကောင်း၊ နေပြည်တော် ရုံးအမှတ်(၃၁) သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာ၌ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။

**သတင်းစဉ်**

# (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ကျောက်စိမ်းအတွဲပေါင်း ၄၆၀၀ တင်ပြခဲ့ရာ ၃၅၁၆ တွဲ ရောင်းချနိုင်ခဲ့

**နေပြည်တော်  ဇွန်  ၂၇**

(၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၄ ရက်မှစတင်၍ ယနေ့အထိ ကျောက်စိမ်းအတွဲပေါင်း ၄၆၀၀ တွဲကို တင်ပြရောင်းချခဲ့ရာ ၃၅၁၆ တွဲကို ယူရိုငွေ ၂၅၁ ဒသမ ၉၅၉ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

ယနေ့ပြပွဲတွင် ကျောက်စိမ်းအတွဲအမှတ် ၃၄၅၁ မှ ၄၆၀၀ အထိ အတွဲပေါင်း ၁၁၅၀ တွဲ တင်ပြရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၈၉၂ တွဲကို ယူရိုငွေ ၅၂ ဒသမ ၄၄၁ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။



ယနေ့တွင် ပြည်တွင်း ပြည်ပမှ ရတနာကုန်သည်များသည် နံနက်ပိုင်းမှစတင်ကာ ဇွန် ၂၈ ရက်တွင် တင်ဒါစနစ်ဖြင့်ရောင်းချရန် ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲအမှတ် ၄၆၀၁ မှ ၅၇၅၀ အထိ ကျောက်စိမ်းအတွဲ ၁၁၅၀ တွဲကို ၎င်းတို့စိတ်ကြိုက် လွတ်လပ်စွာ လှည့်လည်ကြည့်ရှု ရွေးချယ်မှတ်သားကြပြီး ကျောက်စိမ်းတွဲများအတွက် ဈေးနှုန်းတင်သွင်းလွှာများကို တင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

အဆိုပါ တင်ဒါပုံးများကို သဘာပတိအဖွဲ့က ယနေ့ ညနေပိုင်းတွင် ဖွင့်ဖောက်စစ်ဆေးပြီး တင်ဒါအောင်စာရင်းများကို ဇွန် ၂၈ ရက်တွင် အတည်ပြုကြေညာသွားမည်ဖြစ်ကြောင်းနှင့် (၅၅)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဇွန် ၂၉ ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပပြီး ကျောက်စိမ်းအတွဲအမှတ် ၅၇၅၁ မှ ၆၇၉၅ အထိ ကျောက်စိမ်းအတွဲ ၁၀၄၅ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုကျင်းပသည့် ရတနာပြပွဲတွင် အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်သည့် အရိုင်းထည် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့် အထက် တန်ဖိုးသတ်မှတ်သည့်အချောထည်ကျောက်စိမ်း အတွဲများကို ဇွန် ၂၄ ရက်တွင် အတွဲအမှတ် ၁ မှ ၁၁၅၀ အထိ တင်ပြရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၉၇၃ တွဲကို ယူရိုငွေ ၃၈ ဒသမ ၅၃၀ သန်းဖြင့် လည်းကောင်း၊ ဇွန် ၂၅ ရက်တွင် အတွဲအမှတ် ၁၁၅၁ မှ ၂၃၀၀ အထိ တင်ပြရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၈၃၃ တွဲကို ယူရိုငွေ ၇၄ ဒသမ ၁၂၂ သန်းဖြင့် လည်းကောင်း၊ ဇွန် ၂၆ ရက်တွင် အတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ အထိ တင်ပြရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၈၁၈ တွဲကို ယူရိုငွေ ၈၆ ဒသမ ၈၆၆ သန်းဖြင့်လည်းကောင်း ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ယခုပြပွဲတွင် ပုလဲအတွဲ ၃၆၀ တင်ပြရောင်းချခဲ့ရာ ပုလဲအတွဲ ၃၄၁ တွဲ ကို ယူရိုငွေ ၂ ဒသမ ၅၉၈ သန်းဖြင့်လည်းကောင်း၊ ကျောက်မျက်အတွဲ ၃၃၆ တွဲ တင်ပြရောင်းချခဲ့ရာ ကျောက်မျက်အတွဲ ၆၉ တွဲကို ယူရိုငွေ ၁ ဒသမ ၃၇၈ သန်းဖြင့်လည်းကောင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

ယခုပြပွဲကို တရုတ်၊ ထိုင်း၊ ကနေဒါ၊ ဩစတြေးလျနှင့် အမေရိကန်နိုင်ငံတို့မှ ရတနာကုန်သည်များ လာရောက်လျက်ရှိရာ တရုတ်နိုင်ငံမှ အများဆုံးဖြစ်ကြောင်း၊ ပြည်တွင်းရတနာကုန်သည် ၁၂၀၀ ကျော်နှင့် ပြည်ပရတနာကုန်သည် ၃၀၀၀ ကျော် တက်ရောက်ကြောင်း သိရသည်။

(၅၅) ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မြန်မာ့ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် မြန်မာနိုင်ငံအတွင်း တိုးတက်ဖြစ်ထွန်းစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပခြင်းဖြစ်ပြီး ၂၀၁၈ ခုနှစ် ဇွန် ၂၉ ရက်အထိ နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။

**မော်စီ(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတနှင့် တွေ့ဆုံဆွေးနွေး

ပေကျင်း ဇွန် ၂၇


**တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ရောက်ရှိနေသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ပေကျင်းမြို့ Zhong Nan Hai Zi Guang Ge ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E.Mr. Wang Qishan နှင့်တွေ့ဆုံဆွေးနွေးသည်။**

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးတိုးတက်မြင့်မားစေခြင်းဖြင့် နှစ်နိုင်ငံစီးပွားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အတူတကွ ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ကူညီဆောင်ရွက်ပေးရေးတို့နှင့်စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

အလားတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့ ပြည်သူ့ခန်းမဆောင်ကြီး အစည်းအဝေးခန်းမ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌ H.E.Mr. Li Zhanshu နှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် တရုတ်-မြန်မာနှစ်နိုင်ငံအကြား အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှသည် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံပြည်သူလူထုအကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုရှိစေရေး၊ ထာဝရအိမ်နီးချင်းကောင်းဖြစ်စေရေးအတွက် အတူတကွ အစဉ်ကြိုးစားဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တိုင်းတွင် ကူညီဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အတူ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအတွင်းရေးမှူး ဒေါက်တာမြတ်ဉာဏစိုး၊ မြန်မာ-တရုတ်လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်းအဖွဲ့ဝင် ဦးကင်းရှိန်၊ ဦးဝေစိန်အောင်၊ နိုင်ငံတကာဆက်ဆံရေး လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီအဖွဲ့ဝင် ဦးခွန်သိန်းဖေ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီအဖွဲ့ဝင် နော်ဆာမူထူး၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဒေါ်စန်းစန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ H.E.Mr. Wang Qishan တို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် ပေကျင်းမြို့ရှိ ရှေးဟောင်းနန်းတော်သို့ ရောက်ရှိကြပြီး မင်မင်းဆက်မှ ချင်မင်းဆက်တိုင်အောင် စိုးစံခဲ့သည့် နန်းတော်၏ တရုတ်ဗိသုကာပညာနှင့် လက်မှုပညာများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါနန်းတော်ကြီးသည် ပေကျင်းမြို့၏ မြို့လယ်တွင်တည်ရှိပြီး ကမ္ဘာပေါ်တွင် ခရီးသွားအများဆုံး လာရောက်လေ့လာသည့် နေရာတစ်ခုဖြစ်သည်။ ၁၉၈၇ ခုနှစ်တွင် ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်ဆိုင်ရာနေရာအဖြစ် သတ်မှတ်ခံရသည်။ ရှေးဟောင်းနန်းတော်တွင် အဆောင်ပေါင်း ၉၈၀ ရှိပြီး နေ့စဉ်လာရောက်ကြည့်ရှုသူ တစ်သောင်းကျော်မှ အများဆုံး လာရောက်ကြည့်ရှုသူ ရှစ်သောင်းထိရှိကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် ဒေသစံတော်ချိန်နံနက် ၁၁ နာရီခွဲတွင် အမျိုးသားပြတိုက်သို့ ရောက်ရှိကြပြီး ပြခန်းအလိုက် ခင်းကျင်းထားရှိသော ယဉ်ကျေးမှုအမွေအနှစ်များ၊ ငွေထည်ပစ္စည်းများ၊ ပန်းချီကားများနှင့် နိုင်ငံအလိုက်ခေါင်းဆောင်များမှ ပေးပို့ထားသည့် လက်ဆောင်ပစ္စည်းများအား တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံရုံး၌ မြန်မာသံရုံးမိသားစုများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသစ်လင်းအုန်းနှင့် မြန်မာသံရုံးမိသားစုများက တည်ခင်းသော နေ့လယ်စာစားပွဲသို့ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့တို့သည် တရုတ်လယ်ယာစိုက်ပျိုးရေး အကယ်ဒမီသို့ ရောက်ရှိကြပြီး တာဝန်ရှိသူများက စိုက်ပျိုးရေးနည်းပညာများ၊ မျိုးကောင်းမျိုးသန့်ရရှိမှု၊ ပျိုးထောင်မှုနည်းပညာနှင့် သုတေသနလုပ်ငန်းများအကြောင်း ရှင်းလင်းပြသကြသည်။

**သတင်းစဉ်**



# အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေးဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

၂၀၁၈-၂၀၁၉ ပညာသင်နှစ် အခြေခံပညာကျောင်းများ နို့တိုက်ကျွေးရေး ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီက နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ အခြေခံပညာမူလတန်းကျောင်း(ဥယျာဉ်စု)တွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နို့သောက်သုံးခြင်းဖြင့် ကလေးငယ်များ ကျန်းမာကြံ့ခိုင်လာပြီး ပျော်ရွှင်စွာပညာသင်ကြားနိုင်ကြမည်ဖြစ်ရာ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်း၊ သွက်လက်ထက်မြက်သော အနာဂတ်လူငယ်လေးများအဖြစ် လေ့ကျင့်ပျိုးထောင်ပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကြောင့် နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးကို များစွာထောက်ပံ့ပေးနိုင်မည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာအရလည်း ဆက်စပ်ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ မိတ်ဖက်အဖွဲ့အစည်းများ စသည့်ကဏ္ဍပေါင်းစုံပါဝင်သော ဘက်စုံအာဟာရဖွံ့ဖြိုးရေးစီမံကိန်းတွင် နိုင်ငံသူနိုင်ငံသားအားလုံး အာဟာရပြည့်ဝသောအစားအစာများ ဖူလုံစွာစားသုံးနိုင်ရေး အစီအမံများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ နေပြည်တော်ကောင်စီဝင် ဦးမောင်မောင်စိန်၊ အမြဲတမ်းအတွင်းဝန် ဒေါက်တာခင်ဇော်နှင့် အလှူရှင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူလေးများအား နို့နှင့် အာဟာရစားသောက်ဖွယ်ရာများ ကျွေးမွေးကြသည်။

ကျန်းမာကြံ့ခိုင်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်မှ စတင်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် အလှူရှင်များ၏ ပူးပေါင်းမှုဖြင့် အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများအား နို့တိုက်ကျွေးရေး အစီအစဉ်ကိုဆောင်ရွက်ခဲ့ရာ ၂၀၁၇ - ၂၀၁၈ ပညာသင်နှစ်အထိ အခြေခံပညာကျောင်းပေါင်း ၉၆၃၀ ကျောင်းရှိ ကျောင်းသားကျောင်းသူ ၁၈၅၄၁၁ (တစ်ဆယ့်ရှစ်သိန်းရှစ်သောင်းငါးထောင် လေးရာတစ်ဆယ့်တစ်)ဦးတို့အား နို့နှင့်အာဟာရ အစားအစာများ တိုက်ကျွေးနိုင်ခဲ့သည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသည် မြန်မာနိုင်ငံအခြေစိုက် TETRA LAVAL ကုမ္ပဏီနှင့်ပူးပေါင်း၍ မူလတန်းအရွယ်ကလေးငယ်များအား နို့တိုက်ကျွေးရေးအစီအစဉ်ကို ၂၀၁၂ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ - ၂၀၁၉ ပညာသင်နှစ်တွင် ပြည်ထောင်စုနယ်မြေ ရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီး၊ ကယား၊ ကရင်နှင့် မွန်ပြည်နယ်တို့မှ အခြေခံပညာမူလတန်းကျောင်း ၁၈၅ ကျောင်းရှိ ကျောင်းသားကျောင်းသူ ၂၉၈၆၅ ဦးတို့အား တစ်ပတ်လျှင် သုံးရက် နို့တိုက်ကျွေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **သတင်းစဉ်**

# UEHRD ပြည်ထောင်စုစီမံကိန်းအတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ အလှူငွေများ ပေးအပ်လှူဒါန်း

နေပြည်တော် ဇွန် ၂၇

**ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) အတွက် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ လှူဒါန်းငွေများအား အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်သည် ယနေ့မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ သွားရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။** (အောက်ပုံ)

UEHRD အတွက် လှူဒါန်းငွေများမှာ ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့တွင် နေထိုင်သည့် မြန်မာမိသားစုများက ဩစတြေးလျဒေါ်လာတစ်သောင်းငါးထောင်၊ ဆော်ဒီအာရေဗျနိုင်ငံ ဂျဒ္ဒါးမြို့တွင် နေထိုင်သည့် မြန်မာနိုင်ငံသားတစ်ဦးက အမေရိကန်ဒေါ်လာ သုံးထောင့်ကိုးရာ၊ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံးမှ သံအမတ်ကြီးနှင့်ဝန်ထမ်းများ၊ အမေရိကန်နိုင်ငံရှိ မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံသားဟောင်းများက အမေရိကန်ဒေါ်လာ တစ်သောင်းတစ်ထောင်၊ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် နေထိုင်သည့် မြန်မာနိုင်ငံသားများက အမေရိကန်ဒေါ်လာ နှစ်ရာ့ငါးဆယ်နှင့် ရခိုင်ပြည်နယ်ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် အခြားလိုအပ်သည့် ပညာရေးကဏ္ဍများအတွက် အသုံးပြုရန် မကာအိုကုန်သည်ကြီးများအသင်း (Macau Myanmar Chamber of Commerce)က လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ခြောက်ထောင့်သုံးရာငါးဆယ်တို့ကို ပေးအပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## မုတ်သုံလေ အားကောင်းနေ

နေပြည်တော် ဇွန် ၂၇

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် အများအားဖြင့် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေသည်။ မိုး/ဇလ

■ *ကျောဖုံးမှ*

အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရေးအတွက် နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၃ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၁၄/၂၀၁၈ ဖြင့် "e-Government ဦးဆောင်ကော်မတီ"ကို လုပ်ငန်းတာဝန် (၅)ရပ် ချမှတ်ကာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ဒုတိယသမ္မတ ဦးဆောင်၍ ၄၆ ဦးဖြင့်လည်းကောင်း၊ "e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ"ကို လုပ်ငန်းတာဝန်(၅)ရပ် ချမှတ်ကာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဦးဆောင်၍ ၄၅ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

ပါကြောင်း။ ကော်မတီအားလုံးအနေဖြင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် တိုးတက်မှုအခြေအနေများကိုလည်း လစဉ် အစီရင်ခံစာပြုစုတင်ပြသွားရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

IT (Information Technology) နှင့် e-ID စနစ်များနှင့် ပတ်သက်၍ ခေတ်စနစ်နှင့်လျော်ညီသည့် ဥပဒေ၊ နည်းဥပဒေသစ်များ ပြန်လည်ရေးဆွဲနိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြရန်နှင့် ISO (International Standard Organization) အရ ကိုက်ညီသည့် မြန်မာ Unicode ကို စံစနစ်အဖြစ် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သတ်မှတ်အသုံးပြုရေးကိုလည်း အမြန်အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။



e-Government ဦးဆောင် ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်



e-Government ဦးဆောင် ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသာဦး

e-Government ဦးဆောင်ကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ၂၀၁၈ ခုနှစ် ဧပြီ ၄ ရက်တွင် ကျင်းပခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက် (၅)ချက် ချမှတ်ခဲ့ရာ ဆောင်ရွက်ပြီးစီးမှု(၁)ချက်ရှိပြီး ဆောင်ရွက်ဆဲ (၄)ချက် ကျန်ရှိနေသေးသည်ကို သိရှိရပါကြောင်း။ ဆောင်ရွက်ဆဲလုပ်ငန်းများကို အမြန်ပြီးစီးနိုင်ရေးအတွက် အချိန်တစ်ခုသတ်မှတ်၍ ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ကြရန် အရေးကြီးပါကြောင်း။ e-Government စနစ် အလျင်အမြန်တိုးတက်အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကကျသည့် အချက်(၃)ချက်ဖြစ်သည့် "ကျွမ်းကျင်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ပူးပေါင်း

လုပ်ငန်းများဆောင်ရွက်ကြရာတွင် Re-engineering အပိုင်း၌ လက်ရှိဆောင်ရွက်နေကြသည့် လုပ်ထုံးလုပ်နည်းနှင့် လုပ်ငန်းစဉ်များကို ပြန်လည်သုံးသပ်ပြီး မလိုအပ်သည့် အချက်များကို လျှော့ချကာ ခေတ်စနစ်နှင့်လျော်ညီအောင် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

e-Government အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီက ၂၀၁၈ ခုနှစ် ဇွန် ၂၁ ရက်တွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ဗဟိုရုံးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ CIO (Chief Information Officer)များကို



e- ID စနစ် လုပ်ငန်း ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စု ဝန်ကြီး ဦးသိန်းဆွေ



မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ် နာယက ဦးသောင်းတင်

ဆောင်ရွက်မှု"တို့လုပ်ဆောင်မှသာ အောင်မြင်မှုရရှိမည်ဖြစ်ပါကြောင်း။ အဆိုပါ **"အဓိကကျသည့် အချက် (၃)ချက်တွင် ပူးပေါင်းဆောင်ရွက်မှုအပိုင်းကို စတင်လုပ်ဆောင်ရန်နှင့် အစိုးရဌာနအားလုံးက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြမှသာ အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း"**နာယက၏ လမ်းညွှန်ခဲ့မှုအပေါ် အထူးအလေးထား လိုက်နာဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ထို့ပြင် "e-Government အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ပထမအကြိမ် အစည်းအဝေး"ကို ၂၀၁၈ ခုနှစ် မေ ၉ ရက်တွင် ဆက်လက်ကျင်းပခဲ့ရာ အစည်းအဝေးတွင် ဆုံးဖြတ်ချက်(၄)ချက်ချမှတ်ခဲ့ပြီး ဆုံးဖြတ်ချက်အားလုံး အကောင်အထည်ဖော်ဆောင်ရွက်ပြီးဖြစ်သည်ကိုလည်း သိရှိရပါကြောင်း။

e-Government စနစ်ကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဦးဆောင်ကော်မတီက ၂၀၁၈ ခုနှစ် ဇွန်လ ၁၂ ရက်တွင် e-ID စနစ် လုပ်ငန်းကော်မတီ၊ ကြီးကြပ်ကွပ်ကဲမှုဆပ်ကော်မတီ၊ အခြေခံအဆောက်အဦ၊ စနစ်၊ ပုံစံနှင့် ဒီဇိုင်း ဆပ်ကော်မတီ၊ ဝယ်ယူရေးနှင့် အစိုးရ ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီ၊ စံသတ်မှတ်ရေးဆပ်ကော်မတီ၊ သုတေသနနှင့် ဖွံ့ဖြိုးရေးဆပ်ကော်မတီနှင့် ပြန်ကြားရေးနှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ဆပ်ကော်မတီ၊ စုစုပေါင်းကော်မတီ(၁)ခုနှင့် ဆပ်ကော်မတီ(၈)ခုတို့ကို ဖွဲ့စည်းခဲ့ပါကြောင်း။

အဆိုပါလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများအနေဖြင့် အပတ်စဉ် သို့မဟုတ် နှစ်ပတ်လျှင် တစ်ကြိမ် တွေ့ဆုံဆွေးနွေးပြီး သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များကို အမြန်အကောင်အထည်ဖော်နိုင်ရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်သွားကြစေလိုပါကြောင်း။

ထို့ပြင် Quick Win အဖြစ် PPP (Public Private Partnership) ပုံစံဖြင့် အကောင်အထည်ဖော်နိုင်မည့် ဝန်ဆောင်မှုများကိုလည်း သေချာစွာ လေ့လာသုံးသပ်ပြီး အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်သွားကြစေလို

စုစည်း၍ လက်ရှိ IT နှင့် e-Government ဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်သည့် Survey and Assessment (စစ်တမ်းကောက်ယူခြင်း၊ အကဲဖြတ်ခြင်း) လုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်ကိုလည်း သိရှိရပါကြောင်း၊ ယခုကဲ့သို့ စစ်တမ်းကောက်ယူခြင်းမှ ထိရောက်အကျိုးရှိသည့် စီမံချက် (Plan) များ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ပါကြောင်း။

e-Government စနစ် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် "ရေရှည်လုပ်ငန်းစဉ်"များ သတ်မှတ်ဆောင်ရွက်သွားရမည့်အပြင် အချိန်တိုအတွင်း ပြည်သူများအတွက် သိသာထင်ရှားသည့် ရလဒ်များရရှိနိုင်မည့် Quick Win Service များအတွက် "ရေတိုလုပ်ငန်းစဉ်"များကိုလည်း စနစ်တကျသတ်မှတ်ရေးဆွဲပြီး တစ်ပြိုင်နက် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများ၏ "ဖွဲ့စည်းမှုများ"၊ "လုပ်ငန်းတာဝန်များ"နှင့်ပတ်သက်၍ ထပ်မံဖြည့်စွက်ရန်နှင့် ပြင်ဆင်ရန်လိုအပ်သည်များရှိပါကလည်း အကြံပြုဆွေးနွေးတင်ပြကြရန်နှင့် e-Government လုပ်ငန်းစဉ်များ အကောင် အထည်ဖော်ရာတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများနှင့် လိုအပ်ချက်များကို ပွင့်လင်းမြင်သာစွာ ဝိုင်းဝန်းဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် e-Government ဦးဆောင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ဆိုက်ဘာဥပဒေမူကြမ်း ပြုစုရေးဆွဲရေးဆိုင်ရာ အကြောင်းအရာများ၊ e-ID စနစ်အတွက် လိုအပ်သည့် ဥပဒေနှင့် နည်းဥပဒေရေးဆွဲပြဋ္ဌာန်းနိုင်ရေးဆိုင်ရာ အကြောင်းအရာများ၊ Myanmar Unicode စနစ် အသုံးပြုရေးဆိုင်ရာအကြောင်းအရာများ၊ ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း ( Public Private Partnership - PPP ) စနစ် အသုံးပြုနိုင်ရေးဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးသာဦးက e-Government ဦးဆောင်ကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် e-ID စနစ် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက e-ID စနစ်အသုံးပြုနိုင်ရေး လေ့လာတွေ့ရှိချက်များနှင့် e - ID စနစ် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်နာယက ဦးသောင်းတင်က အသင်းချုပ်၏ ဆောင်ရွက်ထားရှိမှုလုပ်ငန်းများ၊ ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့် အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း(PPP)စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် e-Governmentဦးဆောင် ကော်မတီဝင် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ e-Government စနစ် Data Centre နှင့် Central Control Room များအတွက် လူ့စွမ်းအားအရင်းအမြစ် ပြုစုပျိုးထောင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တက္ကသိုလ်များနှင့် ဝန်ကြီးဌာနများတွင် e - Government စနစ်နှင့် စပ်လျဉ်းသည့် လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်းက e - Learning Centre တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ e-Learning Lecture ဆိုင်ရာကိစ္စရပ်များနှင့် အကျိုးဖြစ်ထွန်းမှုများကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ e-Government စနစ် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် Data လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်တည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းက e-ID စနစ် တည်ဆောက် အသုံးပြုနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက e-Government စနစ် အကောင်အထည်ဖော်ရာတွင် ဦးစားပေးဆောင်ရွက်သင့်သည့် အချက်များနှင့် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း ရှင်းလင်းဆွေးနွေးအကြံပြုတင်ပြကြရာ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်တို့က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းပေးသည်။

ယင်းနောက် e-Government ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်စဉ်။ သတင်းစဉ်

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၇**

ထိုင်းနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် ပတ္တရားမြို့ရှိ Wat Chaimongkol ဘုန်းတော်ကြီးကျောင်းနှင့် Wat Luang Phor Aee ဘုန်းတော်ကြီး ကျောင်းများသို့ သွားရောက်ဖူးမြော်ကြည်ညိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် Wat Chaimongkol ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် Prapanyar-attana Porn နှင့် Wat Luang Phor Aee ဘုန်းတော်ကြီးကျောင်း ကျောင်းထိုင်ဆရာတော် Laungpor Ei တို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ထိုင်းဘုရင့်ရေတပ် Sea Turtle ပင်လယ်လိပ် ထိန်းသိမ်းမွေးမြူရေးစခန်းသို့ သွားရောက်လေ့လာကြရာ တာဝန်ရှိသူတစ်ဦးက ထိုင်းဘုရင့်ရေတပ်မှ ပင်လယ်လိပ်များအား စနစ်တကျမွေးမြူစောင့်ရှောက်၍ ပင်လယ်အတွင်း ပြန်လည်စေလွှတ်ပေးမှုအခြေအနေများကို Video Clip ဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် လိပ်များမွေးမြူထားရှိမှုများနှင့် ထိခိုက်ဒဏ်ရာရရှိသည့် လိပ်များအားခွဲစိတ်ကုသမှုဆောင်ရွက်ပေးသည့် ဆေးခန်းတို့အား ကြည့်ရှုလေ့လာပြီး လိပ်များကို ပင်လယ်အတွင်းသို့ လွှတ်ပေးကြကာ ထိုင်းဘုရင့်ရေတပ် Sea Turtle ပင်လယ်လိပ် ထိန်းသိမ်းမွေးမြူရေးစခန်းအတွက် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့သည် ပတ္တရားမြို့ရှိ U-tapao လေဆိပ်မှ ပြန်လည်ထွက်ခွာကြပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြရာ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

**သတင်းစဉ်**

# အန္တရာယ်ရှိ ကုန်စည်၊ ဝန်ဆောင်မှုများကို မသုံးစွဲစေရန် သတင်းမျှဝေကာ နစ်နာမှုများကို တိုင်ကြားပါ

❉ နိုင်ဦး (DOCA) ❉

**ယနေ့ကမ္ဘာကြီးသည် နေ့စဉ် နာရီ၊ မိနစ်၊ စက္ကန့်အတွင်း ပြောင်းလဲဖြစ်ပေါ်တိုးတက်ဖွံ့ဖြိုးလျက်ရှိသလို မြန်မာနိုင်ငံသည်လည်း တဖြည်းဖြည်း တိုးတက်ဖွံ့ဖြိုးလျက်ရှိနေပါသည်။ ယခင်က မိမိအိမ်သို့ ဧည့်သည်ရောက်ရှိလာပါက အပြေးအလွှားသွားရောက်ဝယ်ယူ၍ ဧည့်ခံစရာမလို၊ ဖုန်းလေးတစ်ချက်ဆက်ရုံဖြင့် ဧည့်သည်အတွက် ဧည့်ခံရန်ပစ္စည်းများ အချိန်တိုအတွင်းရောက်ရှိနိုင်သလို အဝတ်အထည်၊ အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများကိုလည်း အင်တာနက်၊ ဆိုရှယ်မီဒီယာများပေါ်တွင် စိတ်ကြိုက်ကြည့်ရှုကာ ဖုန်းဆက်၍ အလွယ်တကူ မှာယူသုံးစွဲလာနိုင်သည်။ သို့သော် ပိုင်ဆိုင်မှု၊ ဝင်ငွေ၊ စီးပွားရေးအခြေအနေ၊ မိသားစုအခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေ၊ နိုင်ငံရေးနှင့် ယဉ်ကျေးမှုအခြေအနေများအရ ဝယ်ယူသုံးစွဲသောပစ္စည်းများသည် တူညီနိုင်မည်မဟုတ်ပေ။**

### ဝယ်ယူပုံစံများပြောင်းလဲလာ

စားသုံးသူများ၏ဝယ်ယူမှုပုံစံများလည်း ပြောင်းလဲလာပြီး ခေတ်မီသော၊ ပို၍ခေတ်မီသောပစ္စည်းများကို တောင်းဆိုလာကြသည်။ မြန်မာနိုင်ငံကိုကြည့်ပါက ယခင်က အသံသာကြားရသော နေရှင်နယ်ရေဒီယိုတစ်လုံးရှိလျှင် တော်တော်ပြေလည်သော အိမ်ထောင်စုဖြစ်သည်။ ထို့နောက်ရေဒီယို အသေးများကို များစွာထုတ်လုပ်နိုင်၍ လူတိုင်းလက်ထဲတွင် ကိုင်နိုင်လာသည်။ ရေဒီယိုထက်ပိုသော အရုပ်ရော၊ အသံပါ ကြည့်ရှုနိုင်သည့် အဖြူ၊ အမည်း ရုပ်မြင်သံကြားများက ရေဒီယိုများနေရာကို အစားထိုးယူလာသည်။ အဖြူ၊ အမည်း ရုပ်မြင်သံကြားစက်များနေရာကို ရောင်စုံရုပ်မြင်သံကြားစက်များက အစားထိုးဝင်ရောက်လာသည်။ ပို၍ရုပ်ထွက်၊ အသံထွက်ကောင်းသော၊ ဈေးသက်သာသော၊ ဈေးကြီးသော၊ သယ်ဆောင်ရန်လွယ်ကူသော သေးငယ်သော၊ ကြီးမားသောရုပ်မြင်သံကြားစက်များကို ဝယ်ယူသုံးစွဲလာကြသည်။ ကုန်စည်ထုတ်လုပ်သူများကလည်း စားသုံးသူများ၏ လိုလားချက်များနှင့်အညီ ကုန်စည်၊ ဝန်ဆောင်မှုအမျိုးအစားပေါင်းစုံကို ထုတ်လုပ်ဆောင်ရွက်လာကြသည်။

အလားတူပင် ယခင်ကမော်တော်ကားတစ်စီး ပိုင်ဆိုင်သူသည် လူချမ်းသာတစ်ဦးဟုပင်ခေါ် ဆိုနိုင်သည်။ ယနေ့တွင်မူ လူလတ်တန်းစားများပင် အလွယ်တကူဝယ်ယူစီးနင်းမောင်းနှင်လာကြသည်။ လမ်းမကြီးများတွင် ကမ္ဘာ့နိုင်ငံပေါင်းစုံမှ ထုတ်လုပ်သောမော်တော်ယာဉ်ပုံစံမျိုးစုံ၊ အရောင် အစုံအလင်များ ပျားပန်းခပ်မျှ မြင်တွေ့နေရသည်။ သဘောမှာ ယနေ့လူချမ်းသာများ၏ ဇိမ်ခံ စားသောက်နေထိုင်မှုစနစ်များသည် မကြာသော ဆယ်စုနှစ်ခန့်ကာလအတွင်းတွင် လူလတ်တန်းစားတို့၏ နေထိုင်စားသောက်မှုပုံစံများ ဖြစ်လာပြီး လူလတ်တန်းစားများ၏ နေရာကို အခြေခံလူတန်းစားများက ပိုင်ဆိုင်လာကြသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့အတူ ယခင်ကသွားလာရန် အခက်အခဲ၊ ဆက်သွယ်ရန်ခက်ခဲသောနေရာသို့ ခေတ်မီကောင်းမွန်သော လမ်း၊ တံတားများ အစားထိုးနေရာယူလာခြင်း၊ ကြိုးဖုန်းများနေရာတွင် လက်ကိုင်ဖုန်းများဖြင့် အစားထိုးအသုံးပြုလာနိုင်ခြင်းတို့ကြောင့် ခရီးလမ်း / ဆက်သွယ်မှုကဏ္ဍများ ကျုံ့သွားကာ တစ်ကမ္ဘာလုံးသည် ရွာကြီးပမာ သတင်းအချက်အလက်များ အလွယ်တကူ ဖြန့်ဝေရယူနိုင်လာခဲ့သည်။

### အလွယ်တကူရရှိလာ

ဆက်သွယ်မှု လွယ်ကူလာမှုများကိုအသုံးပြု၍ သက်သက်သာသာဖြင့် လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ စက်ပစ္စည်းများကို အင်တာနက်တွင် ကြည့်ရှု၍လည်းကောင်း၊ ဖုန်းတစ် ချက်ဆက်ရုံဖြင့် လိုချင်သောပစ္စည်းများကို အလွယ်တကူရရှိလာနိုင်သည်။ ကုန်စည်၊ ဝန်ဆောင်မှုပြုသူ လုပ်ငန်းရှင်များမှလည်း သူ့ထက်ငါ အပြိုင်အဆိုင် ဝန်ဆောင်မှုနှင့် မက်လုံးများပေးကာ စားသုံးသူများအား စည်းရုံးဆွဲဆောင်ရောင်းချလျက်ရှိသည်ကို တွေ့ရှိရပါသည်။

ငွေပေးချေရာတွင်လည်း online စနစ်ကိုအသုံးပြု၍ အီလက်ထရွန်နစ်ငွေပေးချေခြင်း၊ ကတ်စနစ်ကိုအသုံးပြုခြင်း၊ ဘဏ်စနစ်များကို အသုံးပြုခြင်းများကြောင့် အချိန်ကုန်သက်သာ လူပင်ပန်းမှုမရှိဘဲ စားသုံးသူများ စိတ်ကျေနပ်မှုအပြည့်အဝနီးနီးရရှိလာကြ၍ ကျယ်ပြန့်သော ဈေးကွက်ကြီးတစ်ခုအဖြစ်သို့ ရောက်ရှိနေပြီး ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပထဝီဝင်အနေအထားအရ လူဦးရေလွန်စွာများပြားပြီး ကျယ်ပြန့်သော မြေဧရိယာကို ပိုင်ဆိုင်ထားသော ဝယ်လိုအား အဆမတန်များပြားသော နိုင်ငံကြီးနှစ်ခုကြားတွင် တည်ရှိနေမှုကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အခွင့်အရေးကောင်း၊ အခြေအနေကောင်း၊ အားသာချက်ကြီးတစ်ခုအဖြစ် စီးပွားရေးပညာရှင်များက ဝမ်းသာအားရ သုံးသပ်ကြခြင်းကို မစားရဝခမန်း ကြားသိနေရသည်။ သို့သော် ပကတိအခြေအနေများမှာမူ စီးပွားရေးကျင့်ဝတ်များနှင့်အညီ မဆောင်ရွက် မလုပ်ကိုင်နိုင်ကြသော မိမိကိုယ်ကျိုးစီးပွားကိုသာ ရှေ့တန်းတင်သော၊ အကျိုးအမြတ် များများရရှိရေးကိုသာ ဦးတည်သော၊ ဘယ်သူသေသေ ငတေမာလျှင်ပြီးရောဆိုသည့်စိတ်ဖြင့် ဆောင်ရွက်ကြသော စီးပွားရေးလုပ်ငန်းရှင်အချို့ကြောင့် မြန်မာနိုင်ငံထွက်ကုန်ပစ္စည်းများ တင်ပို့ရာတွင် အခက်အခဲများစွာ ကြုံတွေ့နေရသည်။ လူအများစု စီးပွားရေးလုပ်ငန်းရှင်များ မျက်နှာပျက်ကြရသည်။ ပဲ၊ နှမ်းများတွင် ကျောက်ခဲရောခြင်း၊ တရားမဝင်ဓာတုဆေးများ အလွန်အကျွံသုံးစွဲထားခြင်း၊ နိုင်ငံတကာစံနှုန်းများ လိုက်နာမှုအားနည်းခြင်းများကြောင့် ဖြစ်သည်ကို သတင်းစာ၊ ဂျာနယ်၊ မီဒီယာပေါင်းစုံတွင် တွေ့မြင်ကြားသိနေရပါသည်။



**“စားသုံးသူအခွင့်အရေးအပြည့်အဝမရရှိခြင်း၊ ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ကြုံတွေ့ရပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ နီးစပ်ရာ တိုင်းဒေသ ကြီး / ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ CICC များတွင် အလွယ်တကူ တိုင်ကြားကြပါ”**

### စမ်းသပ်ဈေးကွက်

မြန်မာနိုင်ငံမှ ပို့ကုန်များကို ပြည်ပနိုင်ငံများမှ ဝယ်ယူရန် လက်တွန့်လျက်ရှိသော်လည်း အိမ်နီးချင်းနိုင်ငံများမှ တရားမဝင်ထုတ်လုပ်သည့် စံမမီဘေးအန္တရာယ်ရှိသော ကုန်ပစ္စည်းများကိုမူ တရားမဝင် တင်သွင်းကြသည်။ မြန်မာနိုင်ငံကို စမ်းသပ်ဈေးကွက်ကြီးအဖြစ် သဘောထားကာ ဆောင်ရွက်ကြသည်။ ထို စံမမီပစ္စည်းများကို မြန်မာနိုင်ငံရှိပြည်သူများ စားသုံးနေကြရသည်။ မလိုလားအပ်သော ဘေးဥပဒ်အန္တရာယ်များနှင့် မကြားဖူးသော ရောဂါဆန်းများ ဖြစ်ပေါ်နေရသည်။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပို့ကုန်များတင်ပို့ရာတွင် စီးပွားရေးကျင့်ဝတ်များနှင့်အညီ နိုင်ငံတကာ စံနှုန်းများနှင့်အညီ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိသလို တင်သွင်းသောပစ္စည်းများနှင့်ပတ်သက်၍ စားသုံးသူ ပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးအတွက်လည်း အလားတူ ဆောင်ရွက်လျက်ရှိပါသည်။ လူအများစုက ထုတ်ပြန်ထားသော ကျင့်ဝတ်စံနှုန်းများနှင့်အညီ လိုက်ပါပူးပေါင်းဆောင်ရွက်လျက်ရှိကြသော်လည်း လူနည်းစုမှာ လိုက်နာဆောင်ရွက်မှုမရှိခြင်းကြောင့် ကုန်သွယ်မှုပမာဏ ကွာခြားချက်များဖြစ်ပေါ်နေခြင်းဖြစ်သည်။ ငါးခုံးမတစ်ကောင်ကြောင့် တစ်လှေလုံးပုပ်နေခြင်း ဖြစ်ပါသည်။

ထိုအခြေအနေများကို လျော့ပါးသက်သာစေရေးအတွက် စားသုံးသူအကာအကွယ်ပေးရေး ဥပဒေ(၂၀၁၄)ကို ပြဋ္ဌာန်းကာ သက်ဆိုင်ရာ ဆက်စပ်ဌာနများနှင့် ပူးပေါင်း၍ ပညာပေးဟောပြော ဆွေးနွေးခြင်း၊ စစ်ဆေးပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်း၊ ဈေးကွက်အတွင်း စံမမီကုန်ပစ္စည်းများကို သိမ်းဆည်း၊ ဖျက်ဆီးခြင်း၊ လုပ်ငန်းရှင်များအား အသိပညာပေးခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် သက်ဆိုင်ရာဝန်ကြီးဌာနများပါဝင်သော စားသုံးသူ အကာအကွယ်ပေးရေးဗဟိုကော်မတီဖွဲ့စည်း၍ လည်းကောင်း၊ တိုင်းဒေသကြီး / ပြည်နယ်အစိုးရဝန်ကြီးများ ဦးဆောင်၍ စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့နှင့် အဆိုပါအဖွဲ့အောက်တွင် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာလုပ်ငန်း ကော်မတီနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးကော်မတီများကို ဖွဲ့စည်း၍လည်းကောင်း၊ စားသုံးသူများ၏ နစ်နာဆုံးရှုံးမှုများကို အလွယ်တကူတိုင်ကြားနိုင်ရေးအတွက် တိုင်းဒေသကြီး / ပြည်နယ်များတွင် စားသုံးသူသတင်းအချက်အလက်နှင့် တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးစင်တာ (Consumer Information and Complaint Center) (CICC) များကို ဖွင့်လှစ်၍လည်းကောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် စားသုံးသူပြည်သူများသည် ကုန်စည်၊ ဝန်ဆောင်မှုများကို ဆင်ခြင်ကာ ဝယ်ယူသုံးစွဲတတ်သည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာသည်။ နစ်နာမှုများ၊ ဆုံးရှုံးမှုများကို တိုင်ကြားတတ်လာသဖြင့် အောင်မြင်မှုတချို့ရရှိပြီဟု ဆိုနိုင်သည်။ ပြည်သူများ တိုင်ကြားမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်ပေးမှုအချို့တွင် မော်တော်ယာဉ်များ၊ တယ်လီဖုန်းများ၊ အထပ်မြင့်အဆောက်အအုံများ၊ လျှပ်စစ်ပစ္စည်းများ၊ လူသုံး၊ အိမ်သုံးကုန်များနှင့် စပ်လျဉ်း၍ ကတိကဝတ်များနှင့်အညီ ဆောင်ရွက်ပေးခြင်း မရှိမှုများ၊ ကြော်ငြာပါအတိုင်း မဆောင်ရွက်ပေးမှုများ၊ အာမခံချက်များနှင့်အညီ ဆောင်ရွက်ပေးခြင်းမရှိမှုများ စသည်ဖြင့် များစွာပါရှိသည်ကို တွေ့ရှိရပါသည်။ ခက်ခဲသည်မှာ စားသုံးသူရော၊ ကုန်စည်၊ ဝန်ဆောင်မှုများကို ထုတ်လုပ်သူ၊ တင်သွင်းသူ၊ ဖြန့်ဖြူးရောင်းချသူများသည် မိမိနိုင်ငံသားများဖြစ်၍ နှစ်ဦးနှစ်ဖက်လုံးအတွက် မိမိနိုင်ငံသားများသာ နစ်နာဆုံးရှုံးမှု ကြုံတွေ့နိုင်မည်ဖြစ်၍ အသိတရားလက်ကိုင်ထား၍ ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

စားသုံးသူရေးရာဦးစီးဌာနသည် ထုတ်ပြန်ကျင့်သုံးလျက်ရှိသော စားသုံးသူအကာအကွယ်ပေးရေးဥပဒေ(၂၀၁၄) ပြဋ္ဌာန်းချက်များအရ တစ်ဖက်က စားသုံးသူများ စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိရေး၊ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော ကုန်စည်၊ ဝန်ဆောင်မှုများ ရရှိသုံးစွဲနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသလို တစ်ဖက်မှလုပ်ငန်းရှင်များကိုလည်း ထုတ်ကုန်များလုံခြုံစိတ်ချရမှုရှိရေး၊ နိုင်ငံတကာစံနှုန်းသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရေးတို့ကို အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ သို့မှသာ စားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်း၍ ထုတ်လုပ်သူများလည်း ဈေးကွက်ယှဉ်ပြိုင်နိုင်ကာ စီးပွားရေးတိုးတက်လာမည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းစဉ်များ အောင်မြင်စေရန်အတွက် စားသုံးသူများသည် ဘေးဥပဒ်အန္တရာယ်ရှိသော၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသော ကုန်စည်၊ ဝန်ဆောင်မှုများကို ရယူသုံးစွဲမှုမပြုရေး၊ ထိုသို့မသုံးစွဲ၊ မရယူရေးအတွက် မိမိ မိသားစု၊ ဆွေမျိုးသားချင်း မိတ်ဆွေများထံ သတင်းအချက်အလက်များမျှဝေရေး၊ စားသုံးသူ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ရပါက သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ CICC များသို့ စာဖြင့် ဖြစ်စေ၊ တယ်လီဖုန်းဖြင့်ဖြစ်စေ တိုင်ကြားကြရန် လွန်စွာ အရေးကြီးပါသည်။

### ပြည်သူများပူးပေါင်းပါဝင်

စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ အောင်မြင်မှုရရှိစေရေးအတွက် ဌာနများမှ ဆောင်ရွက်ကြရုံဖြင့် မအောင်မြင်နိုင် နှေးကွေးနေမည်ဖြစ်သည်၊ ပြည်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသာ မြန်မာတစ်နိုင်ငံလုံးရှိ စားသုံးသူပြည်သူများ ဘေးဥပဒ်အန္တရာယ်ကင်းရှင်းသော အိမ်သုံး၊ လူသုံးပစ္စည်းများ စားသုံးကြ၍ ကျန်းမာစွာဖြင့် အသက်ရှည်ရှည်ရပ်တည်နေထိုင်လာနိုင်ကြမည် ဖြစ်သည်။ မိမိဆောင်ရွက်သည့်လုပ်ငန်းများကို ပုံမှန်အတိုင်း ဆောင်ရွက်လာနိုင်မည်။ မိမိမိသားစု ဝင်ငွေတိုးလာမည်။ နိုင်ငံဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုလာမည်ဖြစ်သည်။ အလားတူ လုပ်ငန်းရှင်များသည်လည်း နိုင်ငံတကာစံနှုန်းများဖြင့် အိမ်သုံး၊ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်လာနိုင်သဖြင့် ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိသို့ ထိုးဖောက်လာနိုင်မည်ဖြစ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာမည်။ ဈေးကွက်ချဲ့ထွင်လာနိုင်မည်။ နိုင်ငံခြားဝင်ငွေရရှိလာမည်။ နိုင်ငံတကာသို့ဝင်ဆံ့ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကူညီရာရောက်မည်ဖြစ်သည်။

ထို့အပြင် မြန်မာနိုင်ငံအတွင်းရှိ ဈေးများ၊ ကျောင်းများ၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့များတွင်လည်း စားသုံးသူအကာအကွယ်ပေးရေး အသင်းအဖွဲ့များ ဖွဲ့စည်းထားသလို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်းထားသော စားသုံးသူကာကွယ်ရေးအသင်းအဖွဲ့များ များစွာပေါ်ပေါက်တိုးတက်ဖွဲ့စည်းနေခြင်းသည် များစွာအားရဖွယ်ကောင်းလှပါသည်။ စားသုံးသူရေးရာဦးစီးဌာနမှလည်း ထိုအသင်းအဖွဲ့များနှင့် ငွေကြေးကိစ္စမှလွဲ၍ ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိသည့်အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်၍ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ပွဲပြီးမီးသေမဖြစ်စေရေးအတွက် တစ်နိုင်ငံလုံးအမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် လက်ခံဆောင်ရွက်ရေး အရှိန်အဟုန်မြှင့်တင်ရေး ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။

သို့ပါ၍ တိုးတက်လာသောခေတ်နှင့်အညီ ပေါ်ပေါက်လာသော လူသုံး၊ အိမ်သုံးပစ္စည်းများနှင့် ပတ်သက်၍ စားသုံးသူပြည်သူများမှ အသိတရားလက်ကိုင်ထား၍၊ သတိထား၍ ဝယ်ယူသုံးစွဲကြပါရန်၊ ဘေးဥပဒ်အန္တရာယ်ရှိသော ပစ္စည်းများ၊ ထုတ်ကုန်လုံခြုံစိတ်ချရမှုမရှိသောပစ္စည်းများကို ဝယ်ယူသုံးစွဲခြင်းမပြုကြပါရန်၊ မိမိကြုံတွေ့ရသော နစ်နာမှုများကို မိမိမိသားစုသာမက မိတ်ဆွေ၊ အပေါင်းအသင်း၊ ဆွေမျိုးသားချင်းများကို သတင်းအချက်အလက်များမျှဝေဖြန့်ဝေပေးကြပါရန်၊ စားသုံးသူအခွင့်အရေးအပြည့်အဝမရရှိခြင်း၊ ထိခိုက်နစ်နာ ဆုံးရှုံးမှုများ ကြုံတွေ့ရပါက ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားဖြစ်စေ နီးစပ်ရာ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်များရှိ စားသုံးသူရေးရာဦးစီးဌာနများ၊ စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့များ၊ CICC များတွင် အလွယ်တကူ တိုင်ကြားကြပါရန် မှန်ကန်သောသစ္စာဖြင့် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

✻ *ကျောဖုံးမှ*

လိုအပ်သော ပုံစံများကိုလည်း ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့(အခမဲ့) ရယူနိုင်ပါသည်။ ထိုသို့ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲဆန္ဒရှင်စာရင်းကို ၂၀၁၈ ခုနှစ်၊ အောက်တိုဘာလအတွင်းတွင် နောက်ဆုံးအကြိမ်အဖြစ် ၁၄ ရက်ကြာ ထပ်မံကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်များအနေဖြင့်လည်း လိုအပ်သောတောင်းဆိုမှု၊ ပြင်ဆင်မှု၊ ကန့်ကွက်မှုများ ထပ်မံဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

၄။ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင်ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံးတစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇွန် ၂၇**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ ရှမ်းပြည်နယ်မြောက်ပိုင်းတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး၊ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

## လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကိစ္စနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်

၁။ လွှတ်တော်ကိုယ်စားလှယ်များပါဝင်သည့် လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဆင့်ဆင့်၏ စိစစ်တွေ့ရှိချက်၊ သဘောထား မှတ်ချက်များ အပေါ်အခြေခံကာ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များက မှန်မှန်ကန်ကန် ဆောင်ရွက်ပေးကြရန်၊

၂။ စွန့်လွှတ်မြေများအား နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မူလပိုင်ရှင်များထံ အမြန်ဆုံးအပ်နှံသွားရန်နှင့် မစွန့်လွှတ်ရသေးသည့် သိမ်းဆည်းမြေများအပေါ် ကော်မတီအဆင့်ဆင့်က ထိထိရောက်ရောက် အမြန်ဆုံး စိစစ် ပေးကြရန်၊

၃။ ဗဟိုကော်မတီဝင်များနှင့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် ကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဝန်ကြီးချုပ်များက လိုအပ်သည်ထက် အချိန်ဆွဲ ဖြေရှင်းခြင်း မပြုကြဘဲ အမြန်ဆုံး ပြီးစီးအောင်အားသွန်ခွန်စိုက် စီမံခန့်ခွဲဆောင်ရွက်ပေးကြရန်၊

၄။ သိမ်းဆည်းခံမြေများအား သက်ဆိုင်ရာကော်မတီအသီးသီးက ပြန်လည်စိစစ်ရာတွင် အဆင်ပြေချောမွေ့မှု မရှိစေရန် အဟန့်အတားဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပေးရန် အနှောင့်အယှက်ဖြစ်စေသည့်၊ စွန့်လွှတ်ပြီးမြေများအား အပ်နှံပြီးသော်လည်း ယာယီလွှဲပြောင်းပေးရန် အခက်အခဲလုပ်နေသည့်၊ အသုံးချပိုင်ခွင့် အမည်ပေါက် ရရှိစေရန် အကျပ်အတည်း ဖြစ်စေသည့်၊ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း လိုအပ်သလို အရေးယူကြရန်၊

၅။ စွန့်လွှတ်မြေများပေါ်တွင် ကျူးကျော်များဝင်ရောက်နေမှုအားဥပဒေ၊လုပ်ထုံးလုပ်နည်းများနှင့်အညီ ရှင်းလင်းပေးကြရန်၊

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများဆိုင်ရာ လုပ်ငန်းကော်မတီ ဒုတိယနေ့ဆွေးနွေးပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၇**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍများ၏ လုပ်ငန်းကော်မတီအလိုက် ဒုတိယနေ့ ဆွေးနွေးပွဲများကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ရှိ သတ်မှတ်နေရာအသီးသီး၌ ကျင်းပသည်။

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍနှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများတွင် ယမန်နေ့က ဆွေးနွေးရန်ကျန်ရှိသည့် အဆိုပြုချက်များကို ဆက်လက်ဆွေးနွေးကြသည်။

**ဆက်သွားနိုင်ဖို့ ဆွေးနွေးကြတာဖြစ်**

လူမှုရေးကဏ္ဍ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲနှင့် စပ်လျဉ်း၍ ဒေါ်ဇင်မာအောင်က "ကျွန်မတို့ အဓိက ဆွေးနွေးတာကတော့ ကျား၊ မ တန်းတူညီမျှရေးနဲ့ ပတ်သက်တာတွေ၊ လူငယ်ရေးရာနဲ့ မူးယစ်ဆေးဝါးပြဿနာတွေ၊ တိုင်းရင်းသားတွေရဲ့ယဉ်ကျေးမှု စာပေကိစ္စတွေနဲ့ ပတ်သက်တဲ့ အချက်တွေ၊ အမျိုးသားအဆင့်နိုင်ငံရေး ဆွေးနွေးပွဲတွေကနေ တက်လာတဲ့အချက်တွေ၊ ပြီးခဲ့တဲ့ ပင်လုံအစည်းအဝေးမှာ ဆက်လက်ဆွေးနွေးရန်ဆိုပြီး ကျန်ရှိတဲ့အချက်တွေ၊ နောက်ထပ်တက်လာတဲ့ CSO Forum၊ မွန်ဒေသလုံးဆိုင်ရာ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက စာတမ်းတွေ၊ အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲတွေက တက်လာတဲ့စာတမ်းတွေကို အခြေခံပြီး တူတာတွေကိုစုမယ်၊ သဘောတူညီချက်တွေကို ရယူမယ်။ အဲဒါတွေအပေါ်မှာ မူအရ အားလုံးက ဘုံသဘောတူညီမှုရမယ်ဆိုရင်တော့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး သဘောတူညီတဲ့အချက်တွေ ပင်လုံအစည်းအဝေးကို ဆက်လက်သွားနိုင်ဖို့ ဆွေးနွေးကြတာ ဖြစ်ပါတယ်။ ဆုံးဖြတ်ချက်ချတဲ့အထဲမှာ အမျိုးသမီးတွေရဲ့ပါဝင်မှုပါ။ အဲဒါနဲ့ပတ်သက်လို့ သဘောတူညီမှုရရှိခဲ့ပါတယ်။ အခုလောလောဆယ်ကတော့ ဆွေးနွေးဆဲပဲဖြစ်ပါတယ်။ မနက်ဖြန်မှာဆွေးနွေးလို့ ပြီးပါမယ်။ ကျွန်မတို့မှန်းထားတာက လူမှုရေးကဏ္ဍအနေနဲ့ ဆယ်ချက်လောက်ကို သဘောတူညီမှုရအောင် ကြိုးစားသွားကြမယ်။ လျော့ရင်လည်း လျော့မယ်။ ဒီထက် ပိုရင်လည်းပိုနိုင်ပါတယ်" ဟု ပြောသည်။

မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ လုပ်ငန်းကော်မတီ၏ ဆွေးနွေးမှုများနှင့် ပတ်သက်၍ ခွန်မြင့်ထွန်းက "ဒီနေ့ မြေယာကဏ္ဍကို အဓိကဆွေးနွေးတဲ့အခါမှာ ပြီးခဲ့တဲ့ (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးမှာ ဆွေးနွေးလို့ အပြီးမသတ်သေးတဲ့ ကိစ္စတွေကို ဆက်လက်ဆွေးနွေးကြတာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ စာတမ်းအသစ်တွေ ထပ်တင်လာတာတွေလည်းရှိပါတယ်။ အထူးသဖြင့် မွန်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက တင်သွင်းလာတဲ့ မြေယာကဏ္ဍဆိုင်ရာ စာတမ်းရှိပါတယ်။ ထို့အတူ လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ မလုပ်ရသေးပေမယ့် ရခိုင်ပြည်လွတ်မြောက်ရေးပါတီက တင်သွင်းလာတဲ့ မြေယာသယံဇာတမူဝါဒနဲ့ ပတ်သက်တဲ့စာတမ်းကိုလည်း ဆွေးနွေးပွဲပထမနေ့က တင်သွင်းဖတ်ကြားခဲ့ပါတယ်။

**အဓိပ္ပာယ်ဖွင့်ဆိုချက်တွေ ဆွေးနွေးနေ**

"ပြီးတော့ ဒုတိယအကြိမ်ပြုလုပ်တဲ့ ကရင်လူမျိုးအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲက စာတမ်းနဲ့ ချင်းအမျိုးသားတပ်ဦးကတင်သွင်းတဲ့ မြေယာကဏ္ဍ စာတမ်းတွေကို ပထမနေ့ လုပ်ငန်းကော်မတီအစည်းအဝေးမှာ ဖတ်ကြားဆွေးနွေးခဲ့ပါတယ်။ စာတမ်းတွေထဲမှာ အစိုးရအဖွဲ့က ယခင်ဆောင်ရွက်ခဲ့တာတွေကို ပြန်လည်သုံးသပ်ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်ကနေ တင်သွင်းတဲ့ မြေယာနဲ့ ပတ်သက်တဲ့ စာတမ်းတစ်စောင်ကိုလည်း ဖတ်ကြားတင်သွင်းပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အစုအဖွဲ့ကစုပေါင်းပြီး တင်သွင်းထားတဲ့ စာတမ်းကိုလည်း ပထမနေ့ကဖတ်ကြားတင်သွင်းခဲ့ပါတယ်။ နိုင်ငံရေးပါတီက တင်သွင်းတဲ့ စာတမ်းလည်း မှတ်တမ်းတင်ထားရှိပါတယ်။ ပထမနေ့မှာ ထပ်မံတင်သွင်းလာတဲ့ စာတမ်းတွေကို ဆွေးနွေးကြပြီး ဒီနေ့မှာတော့ ပထမနေ့ကစာတမ်းတွေပေါ်မှာ အခြေခံပြီး ဆွေးနွေးကြတာဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာလည်း ဆွေးနွေးပွဲဖြစ်စဉ်တစ်လျှောက်လုံးမှာ ဆွေးနွေးဖို့အတွက် ဆွေးနွေးတဲ့အခါမှာ ဘယ်လို မူဘောင်တွေ၊ အခြေအနေတွေကနေ ဆွေးနွေးကြမလဲဆိုတာကို ဆွေးနွေးဖြစ်ပါတယ်။ လက်ရှိအချိန်မှာ ဆွေးနွေးနေတာကတော့ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို အရင်ဆွေးနွေးနေပါတယ်" ဟု ပြောသည်။

ယနေ့ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC)အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) ဦးခင်ဇော်ဦး၊ ဦးအောင်စိုး၊ ဗိုလ်ချုပ်စိုးနိုင်ဦး၊ ဦးဇော်ဌေး၊ ဦးလှမောင်ရွှေ၊ ပဒိုစောတာဒိုမူး၊ ဦးမျိုးဝင်း၊ ဦးစိုင်းငင်း၊ စောမြရာဇာလင်း၊ ခွန်မြင့်ထွန်း၊ ဦးမြင့်စိုး၊ ဦးနိုင်ငံလင်း၊ စိုင်းကျော်ညွန့်၊ မင်းကျော်ဇေယျဦးနှင့် တာလှဖေ၊ ပူးတွဲကော်မတီဝင်များ၊ အစိုးရ၊ လွှတ်တော်၊ တပ်မတော် အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် အကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

**ဇွန် ၂၈ ရက်အထိ ကျင်းပမည်**

နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ လုံခြုံရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍဆိုင်ရာ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲများကို ဇွန် ၂၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ မျိုးသူဟိန်း(သတင်းစဉ်)**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးအတွက် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ၏ လုပ်ငန်းကော်မတီ ဆွေးနွေးပွဲ ကျင်းပစဉ်။ သတင်းစဉ်

# ကျောက်ဖြူမြို့နယ်၌ ကျေးရွာစီမံကိန်းများ ကွင်းဆင်းစစ်ဆေး

**ကျောက်ဖြူ ဇွန် ၂၇**

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးနေထက်ရှိန်သည် ဇွန် ၂၆ ရက်တွင် ကျောက်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၏ တတိယနှစ် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နေကြသည့် စီမံကိန်းကျေးရွာများအနက် ကလန့်တဲကျေးရွာအုပ်စု ကုန်းဘောင်ကျေးရွာနှင့် ကင်းမြောက်ကျေးရွာအုပ်စု ပင်လယ်နားကျေးရွာများသို့ ကွင်းဆင်းစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာကော်မတီများနှင့်တွေ့ဆုံပြီး ပုံစံ (၇) မျိုး မြစိမ်းရောင်စာရင်း၊ ဇယားများဖြည့်သွင်းပြုစုထားရှိမှုနှင့် စီမံကိန်းငွေဖြင့်ဆောင်ရွက်နေသည့် လုပ်ငန်းများအား စစ်ဆေးခဲ့သည်။ ကျောက်ဖြူမြို့နယ်အတွင်း ၂၀၁၄-၂၀၁၅ ခု ဘဏ္ဍာရေးနှစ်မှ ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းကျေးရွာ ၂၈ ရွာရှိပြီး ငွေကျပ် သန်း ၆၄၀ အား စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်း၊ ကုန်ထုတ်လုပ်ငန်း၊ အရောင်းအဝယ်နှင့်အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ၂၉၀၇ ဦးတို့ကို ထုတ်ချေးထားပြီးဖြစ်ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၂၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် ယနေ့ မွန်းလွဲပိုင်းက ပြန်ကြားရေးဝန်ကြီးဌာနတွင် ကျင်းပသည့် နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးအတွက် ရုပ်ရှင်စတူဒီယိုဖြစ်မြောက်ရေး ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားသည်။**

ရှေးဦးစွာ ရုပ်ရှင်စတူဒီယို ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က နေပြည်တော်တွင် အဆင့်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရန်စီစဉ်ဆောင်ရွက်ခြင်းသည် မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုနိုင်ရန် အပြင် နေပြည်တော် စည်ပင်ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ရည်ရွယ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အနုပညာရှင်များ၏ ဖန်တီးထုတ်လုပ်မှုဆိုင်ရာ ကဏ္ဍ၊ စတူဒီယိုများ တည်ဆောက်ရေးဆိုင်ရာ နည်းပညာ ကဏ္ဍနှင့် စတူဒီယိုများ တည်ဆောက်ရေး ရင်းနှီးမြှုပ်နှံမှုကဏ္ဍ ဟူ၍ ကဏ္ဍ (၃) ရပ်ဖြင့် ဆောင်ရွက်ရမည်ဟု မြင်ပါကြောင်း၊ ရုပ်ရှင်စတူဒီယို ဖြစ်မြောက်ရေးကော်မတီ အနေဖြင့် ပြည်တွင်းမှ အနုပညာရှင်များ၊ ထုတ်လုပ်သူများ၊ စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအပြင်နိုင်ငံတကာမှ ကျွမ်းကျင်သူများ၏ အကြံဉာဏ်များပါ ရယူပြီး ကော်မတီ၏စုပေါင်းညှိနှိုင်း ဆွေးနွေးမှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ရုပ်ရှင်စတူဒီယို ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က နေပြည်တော်တွင် အဆင့်မီရုပ်ရှင်စတူဒီယိုများ တည်ဆောက်ရခြင်း၏ ရည်ရွယ်ချက်၊ ရုပ်ရှင် စတူဒီယိုဖြစ်မြောက်ရေး ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်၊ အစည်းအဝေးများ ကျင်းပခဲ့မှုနှင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း၊ နေပြည်တော် ကောင်စီဝင် ဦးအောင်မြင့်ထွန်း၊ ရုပ်ရှင်စတူဒီယို ဖြစ်မြောက်ရေး ကော်မတီဝင် များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ညှိနှိုင်းဆွေးနွေးသည်။

နေပြည်တော်တွင် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရန်အတွက် ရုပ်ရှင်စတူဒီယို ဖြစ်မြောက်ရေး ကော်မတီကို အဖွဲ့ဝင် ၁၈ ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပြီး ဇူလိုင်လ ၆ ရက်နေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ်(၅၀) ရွှေတောင်ကြားလမ်းရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲဝင်း၌ ဒါရိုက်တာများ၊ ထုတ်လုပ်သူများ၊ ရုပ်ရှင်ရုံလုပ်ငန်း လုပ်ကိုင်သူများ၊ ရုပ်သံမီဒီယာများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် သင်တန်းကျောင်းမှ တာဝန်ရှိသူများနှင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအားလုံးကို ဖိတ်ကြားပြီး နေပြည်တော်တွင် ရုပ်ရှင်ရိုက်ကူးနိုင်မည့်အခြေအနေများ ရိုက်ကူးထားမှုအား ပြသခြင်းနှင့် ရင်းနှီးမြှုပ်နှံမှု အခြေအနေများကို ရှင်းလင်းခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရုပ်ရှင်စတူဒီယိုများ တည်ဆောက်နိုင်ရေးအတွက် ရုပ်ရှင်စတူဒီယိုဖြစ်မြောက်ရေး ကော်မတီ၏ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# အင်းဝဘဏ်လီမိတက် မရမ်းကုန်း(၉ မိုင်) ဘဏ်ခွဲဖွင့်လှစ်




**ရန်ကုန် ဇွန် ၂၇**

အင်းဝဘဏ်လီမိတက် မရမ်းကုန်း(၉ မိုင်)ဘဏ်ခွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါဘဏ်ခွဲပရဝဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ အင်းဝဘဏ်လီမိတက် ဒုတိယအုပ်ချုပ်မှု ဒါရိုက်တာ ဦးသာဇံနှင့် တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးက အင်းဝဘဏ်လီမိတက် မရမ်းကုန်း(၉ မိုင်) ဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် မရမ်းကုန်း(၉ မိုင်) ဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၁ ခုမြောက် ဘဏ်ခွဲဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း Star Mart (၉ မိုင်) Show Room (မြေညီထပ်)တွင် ဖွင့်လှစ်ထားရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲ ဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလအပိုင်းအခြားအလိုက် မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်း မတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

● *ကျောဖုံးမှ*

MMA (Mixed Material Arts) ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ရွှေခါးပတ်ချန်ပီယံလုပွဲတွင် လက်ရှိ လိုက်ဟဲဗီးဝိတ်တန်း ရွှေခါးပတ်ချန်ပီယံနှင့် မစ်ဒယ်ဝိတ်တန်း ချန်ပီယံ အောင်လအန်ဆန်အား စိန်ခေါ်သူ ဂျပန်နိုင်ငံသား ကန်ဟာဆီဂါဝါက အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။

“ကျွန်တော် One Championship ရဲ့MMA ပြိုင်ပွဲကို ဒါပထမဆုံးယှဉ်ပြိုင် ထိုးသတ်မှာပါ။ အရင်တစ်ခါမှ မထိုးဖူးဘူး ဆိုပေမယ့် ဒီပြိုင်ပွဲအတွက် အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့တော့ မျှော်လင့်ထားပါတယ်။ ဒီပွဲအတွက် ငါးပတ်ကျော် ပြင်ဆင်ချိန်ရပေမယ့် ရာနှုန်းပြည့်အနိုင်ရဖို့ မျှော်လင့်ထားပါတယ်။ ဒီပွဲဟာ ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲကောင်းတစ်ပွဲဖြစ်မယ်ဆိုတာတော့ ပြောလိုပါတယ်”ဟု အောင်လအန်ဆန်အား စိန်ခေါ်ယှဉ်ပြိုင် ထိုးသတ်မည့် ဂျပန်နိုင်ငံသား ကန်ဟာဆီဂါဝါက ပြောသည်။

ကန်ဟာဆီဂါဝါသည် လက်ရှိဂျပန်နိုင်ငံ၏ ဂျူဒိုထိပ်တန်းဘုရင်၊ ဂျူဂျစ်ဆုနှင့် နပန်းတို့တွင်လည်း သူမတူကျော်ကြားသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။ MMA ပြိုင်ပွဲကို ပထမဆုံးအကြိမ် ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်ပြီး One Championship အဖွဲ့၏ MMA ပြိုင်ပွဲများ၌ နောက်ထပ်ခြောက်ပွဲယှဉ်ပြိုင်ထိုးသတ်ရန် သဘောတူလက်မှတ်ရေးထိုးထားကြောင်း သိရသည်။ လက်ရှိတွင် အသက် ၃၁ နှစ်ရှိပြီး လက်ဝှေ့ပွဲပေါင်း ၁၉ ပွဲတွင် ၁၆ ပွဲနိုင်၊ နှစ်ပွဲရှုံးနှင့် တစ်ပွဲသရေ ရလဒ်ပိုင်ဆိုင်ထားသော လက်ဝှေ့ကျော်တစ်ဦးဖြစ်သည်။

အောင်လအန်ဆန်သည် ပြိုင်ပွဲတိုင်းအတွက် အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်နိုင်ရန် ပြင်ဆင်လျက်ရှိပြီး ယခုပွဲအတွက်လည်း နှစ်လကျော်ကြာ အပြင်းအထန် ကြိုးစားလေ့ကျင့်ပြင်ဆင်ထားကြောင်းနှင့် မြန်မာသည် ကမ္ဘာ့နံပါတ်တစ် ဖြစ်စေရမည်ဟု ယနေ့မီဒီယာရှင်းလင်းပွဲမှာ ပြောကြားခဲ့သည်။ အောင်လအန်ဆန်သည် မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော MMA ပြိုင်ပွဲခုနစ်ပွဲတွင် ခြောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်ခဲ့ရာ ပွဲအားလုံးအနိုင်ရထားခဲ့ပြီး လာမည့်အောက်တိုဘာတွင်လည်း လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲအတွက် ပြင်ဆင်လေ့ကျင့်ထားကြောင်းနှင့် ပြိုင်ဘက် မည်သူမည်ဝါ မသိသေးသော်လည်း လက်ရှိချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ရန် အကောင်းဆုံးယှဉ်ပြိုင်ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းပြိုင်ပွဲကြီးကို ဇွန် ၂၉ ရက်တွင် ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်ရာ စုစုပေါင်းတွဲဆိုင်း ၁၀ ဆိုင်းပါဝင်ပြီး မြန်မာနိုင်ငံမှ စောမိုက်ရိုင်းနှင့် စောဒါဝိတ်တို့လည်း MMA စည်းမျဉ်းအတိုင်း ဝင်ရောက်ယှဉ်ပြိုင် ထိုးသတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် တာမွေအဝိုင်းအနီးတွင် ၁၂-၅-၂၀၁၈ ရက်နေ့ ညနေ၌ စစ်ပွဲများရပ်တန့်ရေးအတွက် ဆန္ဒဖော်ထုတ်သူများကို ရဲတပ်ဖွဲ့မှ တားဆီးရာတွင် အရပ်ဝတ်အချို့က ဆန္ဒဖော်ထုတ်သူများကို ချုပ်နှောင်ဖမ်းဆီးပေးခဲ့ခြင်း၊ သတင်းရယူနေသော မီဒီယာသမားများကို ခြိမ်းခြောက်မှုများ ပြုလုပ်ခဲ့ခြင်းများနှင့်ပတ်သက်၍ တိုင်တန်းမှုများရှိလာသဖြင့် ကော်မရှင်စုံစမ်းစစ်ဆေးရေးအဖွဲ့သည် တိုင်တန်းသူများက တင်ပြထားသည့် ဗီဒီယိုရုပ်သံနှင့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုလေ့လာခြင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ တိုင်တန်းသူများနှင့် တရားဝင် တာဝန်ပေးအပ်ထားခြင်းမရှိဘဲ ဝိုင်းဝန်းချုပ်နှောင် ဖမ်းဆီးပေးခဲ့သည်ဟု စွပ်စွဲခံရသူများအနက်မှ အချို့ကိုခေါ်ယူတွေ့ဆုံပြီး လိုအပ်သည်များ စုံစမ်းမေးမြန်းခဲ့ပါသည်။

၂။ စုံစမ်းမေးမြန်းချက်များအရ ဤဖြစ်စဉ်တွင် ဆန္ဒဖော်ထုတ်သူများသည် ငြိမ်းစုစီးဥပဒေနှင့်အညီ အသိပေးသော်လည်း ဒေသန္တရအမိန့်အရ ခွင့်ပြုနိုင်ခြင်းမရှိပါက မည်သည့်အတွက် ခွင့်မပြုနိုင်ကြောင်းကို တာဝန်ရှိသူများက ကြိုတင်တွေ့ဆုံညှိနှိုင်းခြင်း၊ ရှင်းလင်းအသိပေးခြင်း၊ နှစ်ဦးနှစ်ဖက် နားလည်မှုရယူခြင်းများကို ဆောင်ရွက်ခြင်း မပြုခဲ့သည်ကို တွေ့ရှိရသကဲ့သို့ ငြိမ်းစုစီးဥပဒေနှင့်အညီ ခွင့်ပြုချက် တောင်းခံခြင်းမရှိဘဲ တန်ပြန်ဆန္ဒပြမည့် ဆန့်ကျင်ဘက် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကိုလည်း ထိုသို့ပြုလုပ်မည်ကို သတင်းရရှိပါလျက် တာဝန်ရှိသူများက ကြိုတင်ဆွေးနွေး ညှိနှိုင်းတားဆီးခြင်း မပြုခဲ့ခြင်းကြောင့် ယခုကဲ့သို့ မလိုလားအပ်သော ပြဿနာများ ဖြစ်ခဲ့ရကြောင်း တွေ့ရှိရပါသည်။

၃။ ယခုဖြစ်စဉ်တွင် ခွင့်ပြုချက်မရရှိဘဲ စစ်ပွဲများရပ်တန့်ရေး ဆန္ဒဖော်ထုတ်သူများကို ၁၃-၅-၂၀၁၈ ရက်နေ့က ငြိမ်းစုစီးဥပဒေပုဒ်မ ၂၀ ဖြင့် အမှုဖွင့်အရေးယူထားသကဲ့သို့ တရားဝင် တာဝန်ပေးအပ်မှုမရှိဘဲ တန်ပြန်ဆန္ဒပြသူများ၊ အရပ်ဝတ်ဖြင့် ဝင်ရောက်စွက်ဖက် ဖမ်းဆီးခဲ့သူများအနက် ၈ ဦး ကို ၂၈-၅-၂၀၁၈ ရက်နေ့တွင် ဗဟန်းမြို့နယ် ရဲတပ်ဖွဲ့မှ မြို့နယ်တရားရုံးသို့ ဦးတိုက်လျှောက်ထား တရားစွဲဆိုခဲ့ပြီး ဗဟန်းမြို့နယ်တရားရုံးက ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၂၀၂ နှင့်အညီ ချမှတ်ခဲ့သော အမိန့်အရ ရဲတပ်ဖွဲ့မှ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း တွေ့ရှိရပါသည်။

၄။ သတင်းရယူသည့် သတင်းမီဒီယာသမားများအနေဖြင့်လည်း သတင်းမီဒီယာဥပဒေ၊ သတင်းမီဒီယာကျင့်ဝတ်တို့နှင့်အညီ လိုက်နာဆောင်ရွက်ပြီး၊ သတင်းမီဒီယာသမားအဖြစ် သိသာထင်ရှားစေသော အမှတ်အသားများကို အသုံးပြု၍ သတင်းရယူရေး ဆောင်ရွက်သင့်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

**ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဇွန်လ ၂၇ ရက်**

# ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၅ စံပြရပ်ကွက် လုပ်သားလမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်

**ရန်ကုန် ဇွန် ၂၇**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးမှုဖြင့် ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၃၅ စံပြရပ်ကွက်ရှိ လုပ်သားလမ်း



အရှည်ပေ ၇၃၀၊ အကျယ် ၁၄ ပေ၊ ထု ၆ လက်မ ထပ်ပိုးကွန်ကရစ်လမ်းအဖြစ် ယနေ့အဆင့်မြှင့်တင် ဖွင့်လှစ်ပေးလိုက်ကြောင်း သိရသည်။

ထပ်ပိုးကွန်ကရစ်လမ်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် အဆိုပါ လမ်း၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၁) မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွန်းနိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် ခရိုင်အင်ဂျင်နီယာမှူး ဦးအောင်စိုးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးခဲ့ကြောင်း သိရှိရသည်။ **(ဝဲပုံ)**

**သတင်းစဉ်**

# မူးယစ်အန္တရာယ် ပညာပေးမှတ်စု

ခင်ရတနာ

## မိဘနဲ့ မူးယစ်ဆေးဝါးကာကွယ်ရေးတာဝန်

မိဘတိုင်းက မိမိတို့ကလေးငယ်တွေ မူးယစ်ဆေး သုံးစွဲမှာမဟုတ်ဘူးဆိုပြီး ထင်မြင်တတ်ကြပါတယ်။ အမှန်က မူးယစ်ဆေးဝါးအန္တရာယ်ဟာ အမြဲလက်တစ်ကမ်းမှာ ရှိနေတယ်လို့ မူးယစ်ဆေးစွဲနေသူတစ်ဦးရဲ့မိခင်က ဆိုပါတယ်။ မူးယစ်ဆေးဝါးသုံးစွဲမှုဆိုတာ ကမ္ဘာလုံးဆိုင်ရာပြဿနာဖြစ်ပြီး မူးယစ်အန္တရာယ်ကို တွန်းလှန်ဖို့အတွက် မိဘတွေမှာ အများဆုံးတာဝန်ရှိပါတယ်။

မစ်ဆိုရီပြည်နယ်က အမေတစ်ဦးကတော့ ကလေးအများစုဟာ "မိဘစိတ်ဆင်းရဲအောင်၊ စိတ်ပျက်အောင် မလုပ်ချင်ကြပါဘူး" လို့ ဆိုပါတယ်။ မိဘတွေဟာ ဆယ်ကျော်သက်မတိုင်မီကတည်းက မူးယစ်ဆေးအန္တရာယ်ကို ကလေးတွေသိရှိအောင် ပညာပေးထားသင့်သလို မသုံးစွဲရဘူးဆိုတဲ့ တင်းကျပ်တဲ့စည်းကမ်းမူဘောင်ကိုလည်း ကလေးလက်ခံနိုင်မယ့်ပုံစံနဲ့ လမ်းညွှန်မှုပြုသင့်တယ်လို့ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ဂျော်ထက်ဒိုးက အကြံဉာဏ်ပြုထားပါတယ်။

## မူလတန်းအရွယ်မှာ ကြိုသင်ပါ

ကလေးအသက် ၉ နှစ်ဝန်းကျင်ရောက်လာတဲ့အခါ အမှားအမှန်ကို ဆုံးဖြတ်တတ်ဖို့၊ မိမိကိုယ်ကို ကာကွယ်တတ်ဖို့နဲ့ ကျန်းမာအောင်နေတတ်ဖို့အတွက် မိဘတွေမှာ တာဝန်ရှိပါတယ်။ အလေ့အကျင့်ကောင်းလေးတွေ၊ မိတ်ဆွေနဲ့ရန်သူ၊ မုန်းသူနဲ့ချစ်သူ၊ ကောင်းတာနဲ့ ဆိုးတာကို ခွဲခြားနိုင်ဖို့ဆိုတာ မိဘတွေရဲ့သွန်သင်မှုအပေါ်မှာ အခြေခံပြီး အသက်ဆယ်နှစ်မကျော်မီ ကလေးငယ်ဟာ သူ့အသိဉာဏ်လေးနဲ့ အထိုက်အလျောက် ဝေဖန်ပိုင်းခြားနိုင်ပြီဆိုရင် မိဘတွေဟာ အရာတော်တော်များများကို ဆောင်ရွက်ပြီးတာနဲ့အတူတူပါပဲလို့ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာ ဂျော်ထက်ဒိုးက ဆိုပါတယ်။

## ပြောင်းလဲနိုင်တာ မိဘပါ

မိဘအုပ်ထိန်းသူတွေဆီကနေ မူးယစ်ဆေးဆိုးကျိုးတွေကို သိထားတဲ့ ကလေးတွေဟာ မူးယစ်ဆေးသုံးစွဲမှုက တခြားကလေးတွေထက် နည်းပါးတယ်လို့ စိတ်ရောဂါအထူးကုဆရာဝန်ကြီး ဒေါက်တာ ဂျော်ထက်ဒိုးက ပြောပါတယ်။ ကမ္ဘာပေါ်က စိတ်ရောဂါပညာရှင်တွေရဲ့လေ့လာချက်တွေအရ မိဘတွေက မူးယစ်ဆေး မသုံးစွဲစေဖို့ သတိပေးကြတဲ့အတွက် ကလေးတွေ ဆေးခြောက်သုံးစွဲတဲ့နေရာမှာ ၃၆ ရာခိုင်နှုန်း၊ နှာခေါင်းကနေရှူသွင်းရတဲ့ မူးယစ်ဆေးသုံးစွဲမှုမှာ ၅၀ ရာခိုင်နှုန်း၊ စိတ်ကြွရူးသွပ်ဆေးတွေ သုံးတဲ့နေရာမှာ ၅၆ ရာခိုင်နှုန်းအထိ လျော့ကျစေတာကို မြင်တွေ့ရပါတယ်။ မူးယစ်ဆေးဝါး၊ ဆေးရွက်ကြီးနဲ့ ဆေးလိပ်၊ အရက် သုံးစွဲတာရဲ့အန္တရာယ်ကို မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်ဆင့်မှာ စဉ်ဆက်မပြတ်အသိပေးနေဖို့ လိုအပ်ပါတယ်။

## မူးယစ်ဆေးဝါး လုံးဝမသုံးရ

ကလေးတွေဟာ အရေးကြီးတဲ့ ဆုံးဖြတ်တာတွေ ရွေးချယ်ရာတွေမှာ မိဘအုပ်ထိန်းသူတွေကို အကြံဉာဏ် တောင်းတတ်ပါတယ်။ ဥပမာပြောရရင် "သင်္ချာပုံသေနည်းတွေ ဘယ်လိုမှတ်မိအောင်လုပ်ရမလဲ"လို့ မေးတတ်ပါတယ်။ ကလေးတွေရဲ့ မေးခွန်းတိုင်းကို ပြန်ပြီးဖြေကြားတတ်ဖို့ မိဘတွေဟာလည်း အသိပညာကို အချိန်မဆိုင်း ဖြည့်ဆည်းကြဖို့လိုအပ်သလို ကလေးတွေရဲ့ ကိုယ့်အပေါ်ထားတဲ့ ယုံကြည်ကိုးစားမှုကိုလည်း ဖြည့်ဆည်းနေကြဖို့ လိုအပ်ပါတယ်။ မူးယစ်ဆေးဝါး လုံးဝမသုံးရလို့ တိတိကျကျစည်းကမ်းကို သားသမီးတွေသိအောင် ပြောပြထားဖို့ တာဝန်ရှိသလို ဒါမှလည်း ကလေးတွေက မိဘတွေဖြစ်စေချင်တဲ့ ဆန္ဒကို ရှင်းရှင်းလင်းလင်းသိထားပြီး နားလည်လိုက်နာမှာပါ။



ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပတ်သက်ပြီး လူငယ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်စေရန် မှုခင်းပြခန်းယာဉ်ဖြင့် အသိပညာပေးဆောင်ရွက်စဉ်။



ကျောင်းသား ကျောင်းသူလေးများ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးပန်းချီ ရေးဆွဲကြစဉ်။





ကလေးငယ်တစ်ဦး မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေးပန်းချီ ရေးဆွဲနေစဉ်။

## ဆေးမသုံးတဲ့အတွက် ဂုဏ်ယူတတ်ပါစေ

ဆယ်ကျော်သက်အရွယ်မှာ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း မိဘတွေဆီကနေ သိထားတဲ့ကလေးတွေဟာ ဆေးဝါးသုံးစွဲမှု ၄၂ ရာခိုင်နှုန်း လျော့နည်းတယ်လို့ သုတေသနအချက်အလက်တွေအရ သိရပါတယ်။

"တိကျတဲ့ စည်းကမ်းတွေသတ်မှတ်ပြီး မူးယစ်ဆေးရဲ့အကျိုးဆက်တွေရှင်းပြတာ၊ ကလေးတွေရဲ့အပြုအမူကောင်းလေးတွေကို ချီးမွမ်းတာ၊ ဆုပေးတာနဲ့ ကလေးတွေရဲ့ နေ့စဉ်ဘဝမှာ တစ်သားတည်းပါဝင်နေထိုင်ပေးတာဟာ သားသမီးတွေ မူးယစ်ဆေးကင်းစင်စေဖို့ ကာကွယ်ရာရောက်တယ်" လို့ မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ရေးပါရဂူ ဒေါက်တာ အယ်မလီရမီရက်ဇာက မိဘတိုင်းအတွက် ရည်ရွယ်ပြောလိုက်ပါတယ်။ ကလေးတွေ မူးယစ်ဆေးဝါးမသုံးစွဲကြဘူးဆိုတာဟာ သူတို့အပေါ် မိဘတွေထားတဲ့ အရေးယူတဲ့ နွေးထွေးတဲ့ ဆက်ဆံရေးတွေနဲ့ ဆေးမသုံးတာကို ဂုဏ်ယူတတ်တဲ့ အရာတွေကို ဆုံးရှုံးသွားမှာ ကြောက်လို့ဖြစ်ပါတယ်လို့ မူးယစ်ဆေးသုံးစွဲမှု ကာကွယ်ရေးပါရဂူက မိဘတွေအားလုံးအတွက် သတိပေးထားတာကို ပြန်လည်မျှဝေလိုက်ရပါတယ်။ ။

## မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဇွန် ၂၀ ရက်နေ့မှ ဇွန် ၂၆ ရက်နေ့အထိ တစ်ပတ်အတွင်း ထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | လူထုနှင့်နိုင်ငံရေး | မောင်စွမ်းရည် | ၁၈၀၀ | လူထုစာပေ |
| ၂ | မျှဝေလိုသော အတွေးများ (၃) | ဗန်းမော်သိန်းဖေ | ၃၀၀၀ | ပဋ္ဌာဂံ |
| ၃ | မညီမျှသောတိုးတက်ခြင်းနဲ့ အခြားဆောင်းပါးများ | လူထုဒေါ်အမာ | ၃၅၀၀ | လူထုစာပေ |
| ၄ | ကိုယ်ရည်ကိုယ်သွေး မြင့်မားစွာအောင်မြင်ခြင်း | လင်းသိုက်ညွန့် (မြန်မာ့မြေ) | ၄၀၀၀ | မြန်မာ့မြေ |
| ၅ | မျက်နှာပေါ်က မဲ့ခြောက်နှင့် ဆေးလက်ဆောင်ပေးချင်တယ် - ၃ | ဦးဝင်းဇော် (သုံးဆယ်) | ၁၅၀၀ | စိတ်ကူးချိုချို |
| ၆ | အသက် (၃၀) မတိုင်မီ ဖတ်သင့်သော ကမ္ဘာ့စာအုပ် - ၃၀ | အလင်းဆက် (IR) | ၅၀၀၀ | Journalist |
| ၇ | စုံဆယ်ဖြာ ရသဝတ္ထုတိုများ | စုံဆယ်ဖြာ | ၃၀၀၀ | မျိုးဆက်သစ် |
| ၈ | ဘဝထဲက အမေး ဘဝထဲက အဖြေ | ထက်ထက်ထွန်း | ၄၀၀၀ | ရေတံခွန် |
| ၉ | အရောင်းအောင်မြင်ရေးအတွက် ဖောက်သည်ဆက်ဆံနည်း | မောင်ဗေဒါ - မြန်မာပြန် | ၁၃၀၀ | စိတ်ကူးချိုချို |
| ၁၀ | အောင်တေဇ သဘော်နစ်မြုပ်စဉ်က | ဦးဘဝင်း | ၁၂၀၀ | ရွှေဗညားစာပေ |
| ၁၁ | ကျောက်စာတိုင်များကပြောသော အသောကမင်းတရားကြီး အကြောင်း | အောင်မြင့်စိန် | ၂၅၀၀ | လူငယ်တစ်ယောက် |
| ၁၂ | ကျေးဇူးတော်လမ်း | စိုင်းဝင်းမြင့် | ၂၅၀၀ | ကျော်မွေး |
| ၁၃ | အရိပ် (ရုပ်ပြ) | မစန္ဒာ | ၄၀၀၀ | ငါတို့စာပေ |
| ၁၄ | မောင် | ဦးဘုန်း (ဓာတု) | ၃၀၀၀ | လင်းလွန်းခင် |
| ၁၅ | အလှဗေဒ - ၂ | ဒဂုန်တာရာ | ၃၂၀၀ | စိတ်ကူးချိုချို |
| ၁၆ | ကလေးလူငယ် ဖတ်ဖွယ်သုတ (၁၃) | မိုးဇက်ပိုင် | ၃၅၀၀ | စိတ်ကူးချိုချို |
| ၁၇ | အမွေခံအတိတ် (မြန်မာ့သမိုင်းစဉ်နှင့် ခေတ်ပြိုင်အတွေးအမြင်) | သန်းမြင့်ဦး | ၆၅၀၀ | Myanmar Book Center |
| ၁၈ | သံသရာခရီးသည် | ဒေါ်ရီကြိန် | ၃၀၀၀ | စိတ်ကူးချိုချို |
| ၁၉ | ဥရောပမှ ပေးစာများ - ၂ | အေးအေးဝင်း | ၄၀၀၀ | စိတ်ကူးချိုချို |
| ၂၀ | ကိုယ်တိုင်တိုက် ကိုယ်တိုင်ရေး တိုက်ပွဲများ (နဝမတွဲ) | တိုက်ပွဲဝင်တပ်မှူးများ | ၃၅၀၀ | မြန်မာ့ရတနာ |

ဆက်လက်ဖော်ပြပါမည်

# ရခိုင်ပြည်နယ် မောင်တောဒေသ၌ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ်များအတွက် ICRC ဥက္ကဋ္ဌ မြေပြင်သွားရောက်လေ့လာ

**စစ်တွေ ဇွန် ၂၇**
အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌ Mr. Peter Maurer နှင့် အဖွဲ့သည် ဇွန် ၂၆ ရက်က စစ်တွေမြို့သို့ရောက်ရှိပြီး ရေကြောင်းခရီးဖြင့် ဘူးသီးတောင်-မောင်တောဒေသသို့ သွားရောက်ကာ ရခိုင်တိုင်းရင်းသားများ၊ ဟိန္ဒူနှင့် အစ္စလာမ်ဘာသာဝင်များနှင့် တွေ့ဆုံပြီး ၎င်းတို့ ကြုံတွေ့ခံစားနေရသည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ တွေ့ဆုံမေးမြန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ခရီးစဉ်နှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ဥက္ကဋ္ဌက "ကျွန်တော်တို့ မောင်တောနဲ့ ဘူးသီးတောင်ဒေသတွေကို သွားခဲ့ပါတယ်။ မောင်တောကနေ ငါးခူရစခန်းမှာရှိသူတွေကို အကူအညီပေးနေတာကို သွားရောက်ကြည့်ရှုခဲ့ပါတယ်။ နောက်ပြီးတော့ မောင်တောခရိုင်အုပ်ချုပ်ရေးမှူးနဲ့ တွေ့ဆုံပြီး နှစ်ဖက်အမြင်တွေကို ဖလှယ်ကြပါတယ်။ ရှေ့ကို ဘယ်လိုပူးပေါင်းဆောင်ရွက်နိုင်မလဲဆိုတာတွေကို ဆွေးနွေးခဲ့ကြပါတယ်။ မနက်ဖြန်မှာ ဒီက အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ တွေ့ဆုံပြီး ရခိုင်ပြည်နယ် ဝန်ကြီးချုပ်နဲ့လည်း တွေ့ဆုံဖို့ရှိပါတယ်" ဟု ပြောသည်။

ဆက်လက်၍ ၎င်းက "ICRC ဟာ ကြားနေပြီးတော့ ဘက်လိုက်မှုမရှိတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဒါကြောင့်မို့ လိုအပ်ချက်ရှိတဲ့သူတွေနဲ့ ဘယ်အဖွဲ့အစည်းကိုမဆို ICRC အနေနဲ့ လွတ်လပ်စွာ ကြားနေပြီးတော့ အကူအညီပေးသွားမှာပါ။ ဒီနေ့ ကျွန်တော်တွေ့ခဲ့တာမှာ ရခိုင်ပြည်နယ်မှာရှိတဲ့သူတွေ အားလုံးက အကြမ်းဖက်မှုဒဏ်ကို ခံခဲ့ရပါတယ်။ ဒါကြောင့်မို့ သူတို့ရဲ့ လိုအပ်ချက်တွေကို ဆောင်ရွက်ပေးဖို့လိုပါတယ်။ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှုလို လုပ်ငန်းမျိုးတွေ၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးတွေ၊ အဲဒီအပြင် သူတို့ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ စသဖြင့် အဲဒါတွေကို ဆောင်ရွက်ဖို့လိုပါတယ်။ ဒါကြောင့်မို့ အခြေအနေတွေ အမြန်တည်ငြိမ်လာဖို့လည်း လိုပါတယ်။ ICRC အနေနဲ့လည်း အဲဒီလို တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ပေးနေပါတယ်" ဟု သတင်းအဖွဲ့ကို ပြောကြားခဲ့သည်။

**အောင်သူရ၊ နေဝင်းထွန်း၊ ဓာတ်ပုံ- ခင်မောင်ဝင်း**



အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ ဥက္ကဋ္ဌ Mr. Peter Maurer နှင့် အဖွဲ့ မောင်တောခရိုင် အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်နှင့် တွေ့ဆုံစဉ်။



## ရခိုင်ပြည်နယ် မောင်တောဒေသ မြေပြင်အခြေအနေ သတင်းရယူရန် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့ စစ်တွေသို့ ရောက်ရှိ

**စစ်တွေ ဇွန် ၂၇**
ရခိုင်ပြည်နယ် မောင်တောဒေသ တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေး ကိစ္စရပ်များအပါအဝင် မြေပြင်ကွင်းဆင်း သတင်းရယူရန် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများပါဝင်သော သတင်းအဖွဲ့သည် ယနေ့ ည ၇ နာရီ ၁၅ မိနစ်တွင် စစ်တွေမြို့သို့ ရောက်ရှိကြသည်။ **(အပေါ်ပုံ)**

သတင်းမီဒီယာအဖွဲ့တွင် Kyodo၊ Xinhua၊ CNA၊ Wall Street Journal၊ RFA၊ BBC၊ AP၊ AFP၊ Frontier Myanmar၊ MIR၊ NPE၊ MRTV၊ MITV တို့မှ သတင်းသမားများ စုစုပေါင်း ၁၈ ဦး ပါဝင်သည်။

**ဟန်လင်းနိုင်၊ ဓာတ်ပုံ- တင်ထွန်း**

## အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ကျင်းပ

**စမ်းချောင်း ဇွန် ၂၇**
အနာဂတ်၏ မျိုးဆက်သစ်ဖြစ်လာမည့် ကျောင်းသားမောင်မယ်များ မူးယစ်ဆေးဝါး၏ဆိုးကျိုးကို ကျယ်ကျယ်ပြန့်ပြန့်သိရှိပြီး မူးယစ်အန္တရာယ်ကို ရှောင်ရှားတတ်စေရန် ရည်ရွယ်၍ စမ်းချောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Comunity Centre ခန်းမတွင် နံရံကပ်စာစောင်ပြပွဲ၊ ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ယမန်နေ့က ကျင်းပခဲ့သည်။ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်ရဲမှူး အောင်လွင်က မူးယစ်အန္တရာယ် ကြီးမားပုံအကြောင်းကို ကျောင်းသား ကျောင်းသူများ နားလည်စေရန် တွေ့ကြုံခဲ့ရသော ဥပမာများဖြင့် အသိပညာပေး ဟောပြောခဲ့သည်။

ဆက်လက်၍ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲအစီအစဉ်ကို ကျင်းပရာ အ ထ က (၂) စမ်းချောင်းမှ ပြိုင်ပွဲဝင်ကျောင်းသူ ၂၀ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး မူးယစ်နှင့်ပတ်သက်သည့် အကြောင်းအရာများသာမက ပြင်ပဗဟုသုတများကိုပါ ထည့်သွင်းမေးမြန်း ခဲ့ပါသည်။ အဆိုပါ အခမ်းအနားတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြပြီး အခမ်းအနားတက်ရောက်သူ ၆၀ ကျော်ခန့် ရှိကြောင်း သိရသည်။

**စမ်းချောင်း (ပြန်/ဆက်)**

## မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေယာဉ်ပြေးလမ်း ခေတ္တပိတ်ထားရ

**တာချီလိတ် ဇွန် ၂၇**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေယာဉ်ကွင်းပြေးလမ်း ရေကျော်မှုဖြစ်ပွားကာ ဇွန် ၂၇ ရက် နံနက်ပိုင်းက ခေတ္တပိတ်ထားခဲ့သည်။

ဇွန် ၂၆ ရက် ညနေ ၆ နာရီမှစ၍ တာချီလိတ်မြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေထွက်လမ်းမများပိတ်ကာ ဇွန် ၂၇ ရက် နံနက် ၈ နာရီခန့်တွင် လေယာဉ်ပြေးလမ်းအမှတ် (၅/၂) နှင့် (၃/၄) ကြား အရှည် ပေ ၁၈၀၀ ခန့်၊ အကျယ် ပေ ၅၀ နှင့် ရေအနက် ခုနစ်လက်မခန့်အထိ ရေကျော်မှုဖြစ်ပွားကာ လေဆိပ်တာဝန်ရှိသူများက ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရေစုပ်စက်များဖြင့် မွန်းလွဲ ၂ နာရီ မိနစ် ၂၀ အထိ ဆောင်ရွက်ခဲ့သည်။

မွန်းလွဲ ၃ နာရီခန့်တွင် လေယာဉ်ပြေးလမ်းများ ပြန်လည်ပြေးဆွဲနိုင်ခဲ့ပြီး ပုံမှန်ပြေးဆွဲလျက်ရှိသော လေကြောင်းလိုင်းကိုးလိုင်းအနက် အဲယားကမ္ဘောဇ၊ ရန်ကုန်အဲယားဝေးလ်၊ အဲယားမန္တလေး၊ အေးရှားဝေးလ် စသည့် လေကြောင်းလိုင်းများ ပြေးဆွဲခဲ့ကြောင်း သိရသည်။

**မြင့်မိုရ် (တာချီလိတ်)**

## မြစ်သားမြို့နယ်၌ လမ်းမြေကျူးကျော်နေထိုင်သူ ၄၀၀ ကျော်ရှိပြီး ဖျက်သိမ်းဖယ်ရှားရန် သတိပေးစာ နှစ်ကြိမ်ထုတ်ပြန်ခဲ့သော်လည်း ယနေ့အချိန်အထိ တည်ရှိနေသေးဟုဆို

**မြစ်သား ဇွန် ၂၇**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် လမ်းဦးစီးဌာနပိုင် လမ်းမြေများအတွင်း ကျူးကျော်နေအိမ်၊ ဈေးဆိုင်ခန်း စသည့်ကျူးကျော်သူဦးရေ ၄၀၀ ကျော်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနပိုင်မြေအား ကျူးကျော်နေထိုင်သူများကို မြစ်သားမြို့နယ် လမ်းဦးစီးဌာနမှ လမ်းမြေများအတွင်း ကျူးကျော်နေထိုင်ခြင်းများနှင့်ပတ်သက်၍ ဖယ်ရှားရှင်းလင်းဖျက်သိမ်းကြရန် တရားဝင်သတိပေး နှစ်ကြိမ်ထုတ်ပြန်ခဲ့သော်လည်း ကျူးကျော်နေထိုင်သူများက ဇွန် ၂၆ ရက်အထိ ဖျက်သိမ်းဖယ်ရှားခြင်းမရှိသေးကြောင်း မြစ်သားမြို့နယ် လမ်းဦးစီးဌာနမှ သိရသည်။

"ကျွန်မတို့လမ်းဦးစီးဌာနပိုင်လမ်းမြေအတွင်း လူနေအိမ်၊ ဈေးဆိုင်ခန်း စတဲ့ ကျူးကျော်နေထိုင်သူဦးရေဟာ တစ်နှစ်ထက်တစ်နှစ် ပိုများလာပါတယ်။ နှစ်စဉ်အလိုက် ကျူးစာရင်းတွေကို သက်ဆိုင်ရာအဖွဲ့အစည်းများကို တင်ပြခဲ့ပါတယ်။ မြစ်သားမြို့နယ် ရန်ကုန်-တောင်ငူ-မန္တလေးလမ်းပိုင်းမှာဆိုရင် ၂၈၅ ဦးနှင့် မြင်းခြံ-ရေဝန်းလမ်းပိုင်းမှာဆိုရင် ၁၃၁ ဦး၊ မြစ်သားမြို့နယ်လမ်းမြေအတွင်း ၂၀၁၇-၂၀၁၈ ခုနှစ်မှာ ကျူးကျော်နေထိုင်သူ စုစုပေါင်း ၄၁၆ ဦးရှိပြီး အဲဒီလမ်းမြေကျူးကျော်အတွင်း ကျူးကျော်နေတဲ့ လူနေအိမ်၊ ဈေးဆိုင်ခန်းတွေကို ဖျက်သိမ်းဖယ်ရှားရှင်းလင်းကြဖို့ ကျွန်မတို့ဌာနအနေနဲ့ တရားဝင်သတိပေး (နို့တစ်စာ) နှစ်ကြိမ်ထုတ်ပြန်ခဲ့ပါတယ်။ သက်ဆိုင်ရာ မြို့နယ်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများကိုပေးပြီး ထုတ်ပြန်ခဲ့ပေမယ့် လမ်းမြေကျူးသူတွေက ဇန်နဝါရီ ၁၀ ရက်အထိ ဖျက်သိမ်းခြင်းမရှိခဲ့ပါဘူး။ ကျွန်မတို့ဌာနအနေနဲ့ ပြည်သူတွေကို စိတ်မဆင်းရဲစေလိုပါဘူး။ တစ်ခုတော့ရှိပါတယ်။ တခြားမြို့နယ်တွေအားလုံးက ကျူးတွေကို အထက်အဖွဲ့အစည်းတွေက ဖျက်သိမ်းရမယ်လို့ တရားဝင်စာဝင်လာရင်တော့ ကျွန်မတို့ မြို့နယ်အတွင်းမှာ တည်ရှိနေတဲ့ လမ်းမြေကျူးအားလုံးကို ဖျက်သိမ်းဖယ်ရှားဖို့ အဓိကလုပ်ကိုင်သွားမှာပါ" ဟု မြစ်သားမြို့နယ် လမ်းဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဝင့်မွန်သိန်းက ဆိုသည်။

"ကျွန်တော်တို့မြို့နယ်မှာ အခုလို လမ်းနယ်ကျူး အပါအဝင် ကျူးနေထိုင်သူတွေ များပါတယ်။ တချို့က နေစရာမရှိလို့ ကျူးတယ်။ တချို့ကျတော့ နေစရာရှိပေမယ့် နိုင်ငံပိုင်မြေတွေကို ကျူးပြီး တစ်ဆင့်ပြန်လည်ရောင်းဝယ်မှုတွေပါ တွေ့မြင်နေရပါတယ်။ အများဆုံးကတော့ ရန်ကုန်-မန္တလေးလမ်းပိုင်း သာလွန်ကျေးရွာ အနီးမှာဆိုရင် လမ်းနယ်တွေတောင် ကျူးပြီး တစ်ဆင့်ပြန်လည်ရောင်းဝယ်မှုတွေ ရှိနေပေမယ့်လည်း ဘယ်သူကမှ မပြောရဲကြဘူး။ ဒါကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူတွေအနေနဲ့ အရေးယူဆောင်ရွက်မယ်ဆိုရင် ဘက်လိုက်မှုတွေ ကင်းစေလိုပါတယ်" ဟု အဆိုပါ မြို့နယ်မှ လမ်းနယ်အတွင်း ကျူးကျော်နေထိုင်သူတစ်ဦးက ပြောသည်။

လမ်းနယ်မြေများအတွင်း ကျူးကျော်နေသူများနှင့် ကူမဲ-ကင်းတားတမံသွား လမ်းဘေးဝဲယာများအတွင်း လမ်းနယ်ကျူးကျော်သူများအား ၂၀၁၆-၂၀၁၇ ခုနှစ်၌ ဖယ်ရှားပေးရန်နှင့် ဖယ်ရှားခြင်းမရှိပါက တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဟု ကျူးကျော်သူများအား စာများပေးပို့ထားသော်လည်း ယနေ့အချိန်အထိ ကျူးကျော်သူများက ဖယ်ရှားခြင်းမရှိသေးကြောင်း မြစ်သားမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ကျော် (မလှိုင်)**



# မြောက်ယမားဆည်မှ စိုက်ပျိုးရေကို ဇူလိုင် ၁ ရက်မှစတင်ပြီး ဖြန့်ဝေမည်

**မုံရွာ ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားဆည်မှ စိုက်ပျိုးရေကို ဇူလိုင် ၁ ရက်မှ စတင်ပြီး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"မြောက်ယမားဆည်မှာ မြောင်းမကြီး၊ လက်ဝဲ၊ လက်ယာတိုးချဲ့တူးမြောင်းဆိုပြီး ရေပေးတဲ့မြောင်းမကြီးသုံးခုကနေ စိုက်ပျိုးရေကိုလည်း အလုံအလောက် ဖြန့်ဝေပေးနိုင်မှာပါ။ အခုနှစ် မိုးဦးကာလမှာ မိုးများတဲ့အတွက် ရေကူတမံနဲ့ ဆည်အတွင်းမှာ ဆည်ရေကို အပြည့်အဝလှောင်ထားပါတယ်၊ မြောင်းမကြီးပြုပြင်ခြင်းလုပ်ငန်း အားလုံးပြီးစီးသွားရင် ယင်းမာပင်နဲ့ ပုလဲမြို့နယ်အတွင်းက နွေရာသီနဲ့ မိုးရာသီမှာ စိုက်ပျိုးရေကို ဖြန့်ဝေပေးနိုင်တော့မှာပါ" ဟု ခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်က ပြောသည်။

မြောက်ယမားဆည်တွင် ယနေ့အချိန်အထိ စိုက်ပျိုးရေအတွက် ဆည်ရေအမှတ် ၄၈၈ ဒသမ ၃ ပေ သို့ ရောက်ရှိလျက်ရှိကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးနိုင်၏ ပြောကြားချက်အရ သိရသည်။

**ဝင်းဦး(ဇေယျာတိုင်း)**

# ပူတာအိုရှိ သက်မွေးလုပ်ငန်းသင်တန်းကျောင်းနှင့် ဖွံ့ဖြိုးရေးကျောင်းသို့ ငွေနှင့် စာအုပ်များလှူဒါန်း

**ပူတာအို ဇွန် ၂၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် ပူတာအိုမြို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးပညာသင်တန်းကျောင်းနှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများသို့ အလှူငွေနှင့် စာအုပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အဆိုပါကျောင်းများ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ပူတာအိုခရိုင်မှူး ဒုတိယညွှန်ကြားရေးမှူး ဦးဇော်လွင်ဦးနှင့် ကျောင်းအုပ်ဆရာကြီးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး အခမ်းအနားတွင် အလှူရှင်စာရေးဆရာ အကြီးကိုကိုက အလှူငွေများပေးအပ်လှူဒါန်းရသည့် အကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး အဆိုပါကျောင်း နှစ်ကျောင်းအတွက် တစ်ကျောင်းလျှင် ငွေကျပ် ငါးသိန်းစီနှင့် ကိုယ်တိုင်ရေးသားထားသည့် လူငယ်များအတွက် ဘဝ အောင်မြင်တိုးတက်ရေးဆိုင်ရာ စာအုပ်များကို ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာကြီးများက လက်ခံယူခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**




လှူဒါန်းရသည့်ရည်ရွယ်ချက်နှင့် ပတ်သက်ပြီး စာရေးဆရာ အကြီးကိုကိုက "ဝေးလံခေါင်သီနယ်စပ်ဒေသတွေမှာ တိုင်းရင်းသား ညီအစ်ကိုမောင်နှမ သွေးချင်းတွေကို သူတို့ရဲ့ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတွေအတွက် ကိုယ်တတ်နိုင်တဲ့ဘက်ကနေ အခုလို ငွေလှူဒါန်းတာဖြစ်ပါတယ်။ နောက်တစ်ချက်က လူငယ်တွေ တစ်ဦးချင်းစီဟာ ကိုယ့်ဘဝတိုးတက်ဖို့ကို အမြဲတမ်းကြိုးစားနေရမယ်၊ ကျောင်းစာအပြင် ဘဝတိုးတက်ဖို့အတွက် အကျိုးရှိမယ့် စာအုပ်စာပေတွေကို လေ့လာဖတ်ရှုဖို့ လိုအပ်ပါတယ်၊ ဒါကြောင့် သူတို့တွေရဲ့ဘဝအောင်မြင်တိုးတက်စေဖို့အတွက် ကျွန်တော်ကိုယ်တိုင်ရေးတဲ့ စာအုပ်လေးတွေကိုလည်း လှူဒါန်းခဲ့ပါတယ်၊ ဒီအိမ်တွင်းမှု သင်တန်းကျောင်းဆိုတာကတော့ နိုင်ငံတော်အတွက်လည်း အများကြီးအကျိုးရှိပါတယ်။ အိမ်တွင်း မှု စက်ချုပ်လက်ချုပ်တွေ၊ အလုပ်လက်မဲ့တွေကို အလုပ်ခွင်အခွင့်အလမ်းတွေ ပေါ်ပေါက်လာအောင် ဆောင်ရွက်ပေးတဲ့နေရာလည်းဖြစ်ပါတယ်၊ ထို့အတူ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းဟာဆိုရင်လည်း နိုင်ငံတော်အတွက် လူသားအရင်းအမြစ်တွေကို မွေးထုတ်ပေးတာဖြစ်ပါတယ်" ဟု ပြောကြားသည်။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးကျောင်း (ပူတာအို)ကို ၁-၁၁-၁၉၉၈ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး လက်ရှိတွင် ကျောင်းအုပ်ကြီးအပါအဝင် ဝန်ထမ်း ၁၈ ဦးရှိကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် ကျောင်းသား ၈၈ ဦး ကျောင်းသူ ၆၅ ဦး စုစုပေါင်း ၁၅၃ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

အလားတူ ပူတာအိုမြို့ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းကို ၂၀၀၄ ခုနှစ် ဒီဇင် ဘာလတွင် ဖွဲ့စည်းပုံရရှိကာ ၁၆-၅-၂၀၁၅ တွင် စတင်ဖွင့် လှစ်သင်ကြားခဲ့ပြီး ယခု ၆/၂၀၁၈ တွင် သင်တန်းသူ စုစုပေါင်း ၆၅ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-မောင်မွှေး**




## ပထမအကြိမ် ပြည်ထောင်စုလွှတ်တော်ကာလအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့နုတ်ထွက်ခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက် စာအုပ်ထွက်ရှိ




နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့နုတ်ထွက်ခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက် စာအုပ်ထွက်ရှိလာသည်။

ဤစာအုပ်တွင် ပထမအကြိမ် ပြည်ထောင်စု လွှတ်တော်ကာလအတွင်း နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ နုတ်ထွက်ခြင်းဆိုင်ရာ လေ့လာတွေ့ရှိချက်များအပြင် နိုင်ငံတော်သမ္မတ၏ကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်၏ တင်သွင်းလွှာ၊ တင်သွင်းလွှာအပေါ် လွှတ်တော်အသီးသီး၏ ပြန်လည်ရှင်းလင်းချက်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် လွှတ်တော်များ၏ လျှောက်လဲချက်များ၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်တို့ကိုလည်း လေ့လာနိုင်ရန် ဖော်ပြထားသည်။ ထို့ကြောင့် ဤစာအုပ်သည် စာဖတ်သူများ၊ သုတေသနပြုသူများနှင့် ဥပဒေဝါသနာပါသူများအတွက်ပါ များစွာအသုံးဝင်အထောက် အကူပြုမည့် စာအုပ်တစ်အုပ်ဖြစ်သည်။

ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူများသည် ဥပဒေကို တတ်ကျွမ်းနားလည်သူများ၊ ကျွမ်းကျင်ပညာရှင်များဟုပင် ခေါ်ဆိုနိုင်ပြီး ၎င်းတို့နုတ်ထွက်သွားသည့်အတွက် ၎င်းတို့အတွက်သာမက တိုင်းပြည်အတွက်ပါ များစွာနစ်နာရသည်။ ဤစာအုပ်ကို ဖတ်ရှုခြင်းဖြင့် သင်ခန်းစာယူစရာ၊ ဝေဖန်စရာ၊ စဉ်းစားစရာများစွာ ရရှိနိုင်မည် ဖြစ်သည်။

## ပခုက္ကူစာပေဆုရ သွေးချင်းတို့ရဲ့အင်းတော်ကြီး စာအုပ်ဖြန့်ချိရောင်းချ

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ၂၀၁၄ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ကျမ်းစာပေ တတိယဆုရရှိသည့် မောင်မောင်ချစ်ဦး(မုံရွာ)၏ "သွေးချင်းတို့ရဲ့အင်းတော်ကြီး" စာအုပ်ကို ဖြန့်ချိ ရောင်းချလျက်ရှိသည်။

ယင်းစာအုပ်တွင် မြန်မာနိုင်ငံ၌သာမက အရှေ့တောင်အာရှတွင်ပါ အကြီးဆုံး သဘာဝရေချိုအင်းကြီးဖြစ်သည့် ကချင်ပြည်နယ် အင်းတော်ကြီးအင်း၏ သဘာဝအနေအထား၊ ဖြစ်ပေါ်ခဲ့သော သမိုင်းအကြောင်းအရာ၊ အင်းကြီးမတိမ်ကောရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် တိုက်တွန်းရေးသားထားသည့်အတွက် စာဖတ်ပရိသတ်များ ဖတ်ရှုသင့်သည့်စာအုပ်တစ်အုပ် ဖြစ်သည်။

အဆိုပါစာအုပ်ကို ရောင်းဈေး ငွေကျပ် ၁၂၀၀ ဖြင့် အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း-၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈၊ အမှတ် ထ-၅၅ သပြေကုန်းဈေး နေပြည်တော်ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၆၇-၃၄၁၄၆၈၁၊ ၈၆ လမ်း ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေးမြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင် ဖုန်း ၀၂-၃၀၁၈၆ နှင့် အမြို့မြို့ရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဆက်သွယ် ဝယ်ယူနိုင်ကြောင်းနှင့် လက်ကားမှာယူလိုပါက အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်းရှိ စာပေဗိမာန် အရောင်းဌာန ဖုန်း ၀၁-၂၄၉၀၃၁၊ ၀၁-၃၈၁၄၄၈ တို့သို့ ဆက်သွယ်နိုင်သည်။ **သတင်းစဉ်**

# အမြို့မြို့အနယ်နယ်တွင် ပြည်သူ့စကားဝိုင်းများ ကျင်းပလျက်ရှိ

**ပြည်သူများ အသိအမြင်ဗဟုသုတတိုးတက်လာစေရေး၊ မိမိတို့ရပ်ရွာတွင်ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြားတွင် ဆွေးနွေးမှုများရှိလာစေရေးနှင့် ပြည်သူများ စဉ်းစားတွေးခေါ်မှု မြင့်မားလာပြီး ဆွေးနွေးပွဲများတွင် ပါဝင်ဆွေးနွေး တတ်သည့် အလေ့အထများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်လျက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးပြီး မြို့နယ်အသီးသီးတွင် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပလျက်ရှိသည်။**

### ဇေယျာသီရိ

နေပြည်တော် ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် မအူတောကျေးရွာအုပ်စု စိမ်းစားပင်ကျေးရွာ အောင်မြေဘုံရတနာဘုန်းတော်ကြီးကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ကျေးလက်နေပြည်သူများ မိမိတို့ရပ်ရွာတွင် ဖြစ်ပေါ်နေသည့် အကြောင်းအရာများကို အများပြည်သူကြား၌ ဆွေးနွေးမှုများ ရရှိလာစေရန် ပြည်သူ့စကားဝိုင်းများကို ကျင်းပပေးနေခြင်းဖြစ်၍ ပြည်သူများက ပူးပေါင်းပါဝင်ကြစေရန်လိုကြောင်း ပြောကြားသည်။ ထို့နောက် ဆွေးနွေးပွဲကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေနှင့် သက်ဆိုင်ရာတာဝန်ရှိသူတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆွေးနွေးကြသည်။ ထို့နောက် ဆွေးနွေးချက်၌ မပြီးပြတ်သေးသည့် လယ်ယာမြေကိစ္စရပ်များကို ဇွန် ၃၀ ရက်တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### တံတားဦး

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသည့် နွားခြံကြီးကုန်းကျေးရွာ သစ်တော်ဖျား(တ) ကျေးရွာ၊ သစ်တော်ဖျား(မ)ကျေးရွာ၊ ရွာသာအေးကျေးရွာ၊ ရှန်းတော ကျေးရွာတို့ ပူးပေါင်းပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဇွန် ၂၆ ရက်က သစ်တော်ဖျား(မ) ကျေးရွာ ရွာလယ်ခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှဝင်းအောင်က ယခုလိုကျေးလက်စကားဝိုင်းများ ကျင်းပရခြင်း သည် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာများတွေ့ဆုံပြီး မိမိတို့ ဒေသလိုအပ်ချက်များကို ပွင့်လင်းစွာမေးမြန်းတင်ပြနိုင်ရန်နှင့် သက်ဆိုင်ရာဌာနများအနေဖြင့်လည်း မိမိတို့ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများကို ကျေးရွာပြည်သူများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရမည့် လုပ်ငန်းများကို တတ်နိုင်သမျှ တိတိကျကျ ပြန်လည်ရှင်းလင်းဆွေးနွေးကြရန် ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။



ဆက်လက်၍ ပြည်သူ့စကားဝိုင်းကို တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမင်းမင်းနီနှင့် သက်ဆိုင်ရာ တာဝန်ရှိသူတို့က ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးကြသည်။

**ရဲတင့်**

### မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ စာဖတ်ရှုနှုန်းမြှင့်တင်ရေးအတွက် ခရိုင်ပြန်/ဆက် ဦးစီးဌာန စာအုပ်အသင်းအဖွဲ့ဝင်များနှင့် စာပေစကားဝိုင်းကို ဇွန် ၂၄ ရက်က ကျင်းပခဲ့သည်။

စာပေစကားဝိုင်းဆွေးနွေးပွဲတွင် ခရိုင် ပြန်/ ဆက်ဦးစီးမှူး ဒေါ်စန္ဒာမိုးက စကားဝိုင်းဆွေးနွေးကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာအုပ်အသင်းအဖွဲ့ဥက္ကဋ္ဌ ဦးမော်မျိုးထွန်းက အမှာစကားပြောကြားခြင်းနှင့် ဆရာဦးဟန်ဖြူအောင် (ဆရာဟန်-မြောင်းမြ) က ဦးဆောင်ဆွေးနွေးခဲ့ကာ စာအုပ်အသင်းအဖွဲ့ဝင် ဦးစသောင်းမြတ်၊ ဆရာစိုးမိုး (မြောင်းမြ) နှင့် တက်ရောက်လာသော အဖွဲ့ဝင်များက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**အောင်မင်း (မြောင်းမြ)**

# အနိမ့်ဆုံးသရေတစ်မှတ် ရယူသွားမယ့် အာရှရဲ့ဂျပန်

ဝင်းမြတ်

**၂၈ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Volgograd Arena)**



**ဇွန် ၂၈ ရက် ညမှာတော့ အုပ်စု (ဇ)ရဲ့ အုပ်စုနောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး**



**အဆိုပါပွဲတွေအနက်က ဂျပန်နဲ့ ပိုလန်တို့ရဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာဖြစ်ပါတယ်။**

### ဂျပန်ရဲ့အခြေအနေ

ဂျပန်ဟာ အုပ်စုဒုတိယပွဲမှာ ဆီနီဂေါကို သရေကစားနိုင်ခဲ့တာကြောင့် စုစုပေါင်း လေးမှတ်ရရှိခဲ့ပြီး ဒီပွဲမှာသရေကစားနိုင်ခဲ့မယ်ဆိုရင် နောက်တစ်ဆင့်ကို တက်ရောက်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်လည်း ဂျပန်တို့ အားစိုက်ကစားမှာဖြစ်ပါတယ်။

### ပိုလန်ရဲ့အခြေအနေ

ပိုလန်ကတော့ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့ရတာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခွင့် မရှိတော့ပါဘူး။ ပိုလန်အနေနဲ့ နောက်ဆုံးပွဲမှာနိုင်ပွဲရဖို့အတွက် အားစိုက်ကစားလာမှာဖြစ်ပေမယ့် လီဝန်ဒေါစကီးပေါ်မှာ မှီခိုလွန်းနေတာကို တွေ့ရပါတယ်။

### သုံးသပ်ချက်

ပိုလန်တို့ နိုင်ပွဲတစ်ပွဲရဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း ခံစစ်ပိုင်းအားနည်းတာကြောင့် ဂျပန်ရဲ့တန်ပြန်တိုက်စစ်ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ ဂျပန်ခံစစ်က ထင်သလောက်မကျစ်လျစ်ပေမယ့် ဒီပွဲမှာတော့ သရေလောက်ကစားသွားနိုင်ဖို့ ရှိပါတယ်။

# နောက်ဆုံးပွဲမှာ နောက်တစ်ဆင့်တက်မယ့် ကိုလံဘီယာ

**၂၈ ဇွန်လ ၂၀၁၈ ည ၈း၃၀ (Samara Arena )**



**အုပ်စု(ဇ)ရဲ့ အခြားအုပ်စုနောက်ဆုံးပွဲစဉ်တစ်ပွဲ ဖြစ်တဲ့ ဆီနီဂေါနဲ့ ကိုလံဘီယာတို့ရဲ့ပွဲကို**



**ဂျပန်-ပိုလန်တို့ရဲ့ပွဲနဲ့ တစ်ပြိုင်တည်းကျင်းပသွားမှာဖြစ်ပြီး ဘယ်အသင်းရလဒ်ကောင်းမလဲ စောင့်ကြည့်ရမယ်။**

### ဆီနီဂေါရဲ့အခြေအနေ

ဆီနီဂေါက အုပ်စုဒုတိယပွဲမှာ ဂျပန်ကို သရေကစားနိုင်ခဲ့တာကြောင့် စုစုပေါင်း လေးမှတ်ရရှိခဲ့ကာ ဒီပွဲစဉ်မှာ အနိမ့်ဆုံး သရေတစ်မှတ်ရယူနိုင်ခဲ့မယ်ဆိုရင်တောင်မှ အုပ်စုအဆင့်ကို ကျော်လွန်နိုင်မှာဖြစ်ပါတယ်။ ဆီနီဂေါရဲ့ ကစားပုံကလည်း မာကျောမှုရှိတဲ့အပြင် လျင်မြန်မှုလည်း ရှိတာ တွေ့ရပါတယ်။

### ကိုလံဘီယာရဲ့အခြေအနေ

ကိုလံဘီယာကတော့ အုပ်စုဒုတိယပွဲမှာ ပိုလန်ကို အနိုင်ရယူနိုင်ခဲ့တာကြောင့် လက်ရှိအချိန်မှာ သုံးမှတ်ပိုင်ဆိုင်ထားပြီး ဒီပွဲမှာသာ နိုင်ပွဲရခဲ့မယ်ဆိုရင် နောက်တစ်ဆင့်ကို တက်ရောက်သွားနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ကိုလံဘီယာတို့ အားစိုက်ကစားလာမှာဖြစ်ပါတယ်။

### သုံးသပ်ချက်

ဆီနီဂေါတို့ သရေဆိုရင်တောင် နောက်တစ်ဆင့်တက်မှာဖြစ်လို့ ပွဲကိုမာကျောမှုနဲ့ ထိန်းချုပ်ဖို့ကြိုးစားမှာ ဖြစ်ပေမယ့် ကိုလံဘီယာရဲ့တိုက်စစ်ကလည်း ထက်မြက်မှုရှိတာကြောင့် ဆီနီဂေါတို့ ဒီပွဲမှာတော့ ရှုံးကန်ရနိုင်ပြီး ကိုလံဘီယာ ကပ်နိုင်ခြေရှိတယ်။

# အုပ်စုဗိုလ်နေရာအပြိုင်လုမယ့် အင်္ဂလန်နဲ့ ဘယ်လ်ဂျီယံ

**၂၉ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Kaliningrad Stadium)**



**ဇွန် ၂၉ ရက် နံနက်ပိုင်းမှာတော့ အုပ်စု(ဆ)ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာဖြစ်ပြီး**



**အဆိုပါပွဲတွေအနက် အုပ်စုပထမနေရာရဖို့ အဆုံးအဖြတ်ဖြစ်နေတဲ့ အင်္ဂလန်နဲ့ ဘယ်လ်ဂျီယံတို့ပွဲကို သုံးသပ်တင်ပြလိုက်ရပါတယ်။**

### အင်္ဂလန်ရဲ့အခြေအနေ

နှစ်ပွဲကစား ခြောက်မှတ်ရထားတဲ့ အင်္ဂလန်အနေနဲ့ ဒီပွဲမှာနောက်တစ်ဆင့်ကို တက်နေပေမယ့် အုပ်စုပထမနေရာကို ရယူနိုင်ဖို့အားစိုက်ဦးမှာပါ။ ဟယ်ရီကိန်း၊ လင်ဂတ်တို့ ခြေစွမ်းပြနေလို့ အင်္ဂလန်ရဲ့ ခြေစွမ်းလည်း ထက်မြက်နေပါတယ်။

### ဘယ်လ်ဂျီယံရဲ့အခြေအနေ

ဘယ်လ်ဂျီယံကလည်း နှစ်ပွဲကစား ခြောက်မှတ်ရရှိထားပေမယ့် အုပ်စုပထမနေရာကို ရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဘယ်လ်ဂျီယံမှာ ဟာဇက်၊ လူကာကူ၊ ဒီဘရူနီတို့ ခြေစွမ်းပြနေပြီး တစ်ဦးချင်းခြေစွမ်းပိုင်းလည်း ထက်မြက်နေပါတယ်။

### သုံးသပ်ချက်

နှစ်သင်းစလုံး အုပ်စုပထမနေရာရဖို့ အားစိုက်ကြမှာဖြစ်ပေမယ့် အနာခံကစားဖို့တော့ ခက်ပါတယ်။ နှစ်သင်းစလုံး အသင်းလိုက် စွမ်းဆောင်ရည် ကောင်းမွန်ပေမယ့် တစ်ဦးချင်းခြေစွမ်းမှာ ဘယ်လ်ဂျီယံက အားသာနေတယ်။ အင်္ဂလန် သရေထက် မပိုနိုင်ပါဘူး။

# နိုင်ပွဲနဲ့အတူ ပြိုင်ပွဲကိုနှုတ်ဆက်သွားမယ့် တူနီးရှား

**၂၉ ဇွန်လ ၂၀၁၈ နံနက် ၀၀း၃၀ (Mordovia Arena )**



**ဇွန် ၂၉ ရက် နံနက်ပိုင်းမှာတော့ အုပ်စု(ဆ)ရဲ့ နောက်ဆုံးပွဲစဉ်တွေကို ကျင်းပသွားမှာ ဖြစ်ပြီး**



**အဆိုပါပွဲတွေအနက် ပနားမားနဲ့ တူနီးရှားတို့ ဆုံတွေ့နေတဲ့ပွဲကို သုံးသပ်တင်ပြပေးသွားမှာဖြစ်ပါတယ်။**

### ပနားမားရဲ့အခြေအနေ

ပနားမားအနေနဲ့ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့ရတာကြောင့် နောက်တစ်ဆင့်ကို တက်ရောက်နိုင်ဖို့ မျှော်လင့်လို့ မရနိုင်ပါဘူး။ ဒါပေမယ့် ပနားမားအနေနဲ့ ဒီတစ်ကြိမ်ဟာ ပထမဆုံးအကြိမ်ပြိုင်ပွဲဝင်ခွင့်ရရှိခဲ့တာဖြစ်လို့ ဒီနောက်ဆုံးပွဲမှာ နိုင်ပွဲနဲ့ နှုတ်ဆက်နိုင်အောင် အားစိုက်လာမှာပါ။

### တူနီးရှားရဲ့အခြေအနေ

တူနီးရှားအနေနဲ့ နှစ်ပွဲစလုံး အရေးနိမ့်ခဲ့လို့ နောက်တစ်ဆင့်ကို တက်ရောက်နိုင်ရေး မျှော်လင့်လို့မရနိုင်တော့ပါဘူး။ ဒါပေမယ့် တူနီးရှားတို့ နိုင်ပွဲနဲ့ ပြိုင်ပွဲကို နှုတ်ဆက်ဖို့တော့ ကြိုးစားလာမှာပါ။

### သုံးသပ်ချက်

ပနားမားတို့ ကမ္ဘာ့ဖလားမှာ ပထမဆုံး နိုင်ပွဲရဖို့ အားစိုက်လာမှာ ဖြစ်ပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းနေပါတယ်။ တူနီးရှားက အသင်းလိုက်စွမ်းဆောင်ရည်ပိုကောင်းသလို ခံစစ်လည်း ပနားမားထက် ပိုကျစ်လျစ်လို့ တူနီးရှားပဲ အနိုင်ရမယ်။



# ကမ္ဘာ့ဖလားအုပ်စု(စ)နောက်ဆုံးပွဲစဉ် လက်ရှိချန်ပီယံ ဂျာမနီ တောင်ကိုရီးယားကိုရှုံးနိမ့်

၂၀၁၈ ကမ္ဘာ့ဖလားအုပ်စုနောက်ဆုံးပွဲစဉ်များ ရုရှားမြေ၌ ဇွန် ၂၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ အုပ်စု(စ)မှ တောင်ကိုရီးယားက ဂျာမနီကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ဆွီဒင်က မက္ကဆီကိုအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဂျာမနီနှင့် တောင်ကိုရီးယားပွဲ၌ တောင်ကိုရီးယားက အုပ်စုအဆင့်၌သာ ကျနပ်ရမှာဖြစ်ပေမယ့် ကမ္ဘာ့ဖလားသမိုင်းတစ်လျှောက် သိက္ခာကြွေးအတွက် ယှဉ်ပြိုင်သည့်ပွဲဖြစ်သည်။ ပထမပိုင်းထိ ဂိုးရလဒ်မပေါ်ခဲ့ဘဲ ဒုတိယပိုင်း မိနစ် ၉၀ တွင် ကင်ယောင်ဂေါ်က သွင်းယူပေးပြီး **(အပေါ်ပုံ)** နာကျင်အချိန်ပိုတွင် ဆွန်ဟောင်မင်တို့ သွင်းဂိုးဖြင့် အနိုင်ယူခဲ့သည်။ ဂျာမနီတို့ အုပ်စုအဆင့်မှထွက်ရခြင်းသည် ၁၉၃၈ ခုနှစ်နောက်ပိုင်း နှစ်ပေါင်း ၈၀ အတွင်း ပထမဆုံးဖြစ်သည်။

အုပ်စု(စ)မှ တခြားပွဲစဉ်အဖြစ် မက္ကဆီကိုနှင့် ဆွီဒင်ပွဲတွင် ဆွီဒင်အသင်း သုံးဂိုး-ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။ အုပ်စု(စ)တွင် ဆွီဒင်နှင့် မက္ကဆီကိုအသင်းမှာ ရမှတ် ခြောက်မှတ်တူညီခဲ့ပေမယ့် ဆွီဒင်အသင်းမှ ဂိုးကွာခြားချက်ဖြင့် အုပ်စုဗိုလ်နှင့် မက္ကဆီကိုက အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်သွားသည်။ လက်ရှိချန်ပီယံ ဂျာမနီနှင့် တောင်ကိုရီးယားအသင်းမှာ ရမှတ် သုံးမှတ်စီဖြင့် အုပ်စုအဆင့်၌သာ ကျေနပ်ခဲ့ရသည်။

ဇွန် ၂၇ ရက် နံနက်ပိုင်းတွင် ယှဉ်ပြိုင်ကစားခဲ့သည့် အုပ်စု(ဃ)မှ ပွဲစဉ်၌ အာဂျင်တီးနားက နိုင်ဂျီးရီးယားကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ခရိုအေးရှားက အိုက်စ်လန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ယင်းအုပ်စုတွင် ခရိုအေးရှားက ရမှတ် ကိုးမှတ်ဖြင့် အုပ်စုဗိုလ်နှင့် အာဂျင်တီးနားက ရမှတ်လေးမှတ်ဖြင့် အုပ်စု ဒုတိယရကာ ကမ္ဘာ့ဖလား ၁၆ သင်းအဆင့် ရှုံးထွက်ပွဲစဉ်သို့ တက်ရောက်သွားခဲ့သည်။ **သီဟ**

# မြန်မာယူ-၁၉ အသင်း အာဆီယံ ယူ-၁၉ ပြိုင်ပွဲအတွက် အပြီးသတ်လူရွေးချယ်

**ရန်ကုန် ဇွန် ၂၇**

မြန်မာ ယူ-၁၉ အသင်းသည် ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲ ယှဉ်ပြိုင်ရန် အပြီးသတ်ကစားသမား ၂၃ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

မြန်မာ ယူ-၁၉ အသင်းတွင် **အုပ်ချုပ်သူ** - ဦးတင်မြင့်အောင်၊ **နည်းပြချုပ်** - ဦးမျိုးလှိုင်ဝင်း၊ **လက်ထောက်နည်းပြ** - ဦးဘိုဘိုအောင်၊ ဦးလင်းလင်းထွေး၊ **ဂိုးနည်းပြ** - ဦးကိုကိုအောင်၊ **ဂိုးသမား**- ဇင်ညီညီအောင်၊ သူရကျော်၊ ခန့်ကျော်ဦး၊ **နောက်တန်း**- စည်သူမိုးခန့်၊ ရဲလင်းထက်၊ အောင်ဝဏ္ဏစိုး၊ တေဇော်လင်း၊ နိုင်ကိုကို၊ ငြိမ်းချမ်းအောင်၊ စိုးမိုးကျော်၊ ဟိန်းဇေယျာလင်း၊ သန်းထိုက်ဇင်၊ **အလယ်တန်း** - နန်းထိုက်ဇော်၊ လွင်မိုးအောင်၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ သူရစံ၊ ခင်ကျော်ဝင်း၊ **ရှေ့တန်း**- ထက်ဖြိုးဝေ၊ လွှမ်းမိုးဦး၊ ပြည့်စုံနိုင်၊ ရဲရင့်အောင်၊ ဝင်းနိုင်ထွန်းတို့ ပါဝင်ကြသည်။ မြန်မာယူ-၁၉ အသင်းသည် စင်ကာပူခြေစမ်းခရီးစဉ်အပြီးတွင် ကစားသမား ၂၈ ဦးဖြင့် ပြန်လည်လေ့ကျင့်ခဲ့ပြီး စင်ကာပူခရီးစဉ်သို့ ခေါ်ဆောင်သွားသည့် ကစားသမား ၂၃ ဦးအနက် ၁၉ ဦး ပြန်ပါလာကာ လေးဦး အပြောင်းအလဲပြုလုပ်ခဲ့သည်။ မြန်မာ ယူ-၁၉ အသင်းသည် ဇွန် ၂၆ ရက်တွင် ယှဉ်ပြိုင်ကစားခဲ့သည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရောဝတီအသင်းနှင့် ခြေစမ်းပွဲမတိုင်မီ ထုတ်ပြန်ကြေညာခဲ့ခြင်းဖြစ်ပြီး အမာခံကစားသမားအများစု ပါဝင်လာသည်။ လက်ရှိရွေးချယ်ထားသည့် ပဏာမလူစာရင်းတွင် ပြီးခဲ့သည့်နှစ်က ဖွဲ့စည်းခဲ့သည့် မြန်မာ ယူ-၁၈ အသင်းမှ ကစားသမားအများစု ပြန်ပါလာပြီး လူငယ်လိဂ်ပြိုင်ပွဲများမှ ခြေစွမ်းပြနေသည့် ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်း ဖြစ်သည်။ မြန်မာယူ-၁၉ အသင်းသည် ယင်းပြိုင်ပွဲအတွက် မေ ၁၀ ရက်တွင် လေ့ကျင့်မှုစတင်ပြုလုပ်ခဲ့ပြီး ပြည်တွင်းခြေစမ်းပွဲ ငါးပွဲ၊ ပြည်ပခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။



မြန်မာ ယူ-၁၉ အသင်း ဇွန် ၂၇ ရက်က လေ့ကျင့်မှုပြုလုပ်နေစဉ်။

၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲကို ဇူလိုင် ၁ ရက်မှ ၁၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အုပ်စု(ခ)တွင် မလေးရှား၊ ကမ္ဘောဒီးယား၊ တီမော၊ ဘရူနိုင်းတို့နှင့် ကျရောက်နေသည်။ အုပ်စု (က) တွင် အင်ဒိုနီးရှား၊ ထိုင်း၊ ဗီယက်နမ်၊ စင်ကာပူ၊ ဖိလစ်ပိုင်နှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ဇူလိုင် ၂ ရက်တွင် တီမော၊ ဇူလိုင် ၆ ရက်တွင် ကမ္ဘောဒီးယား၊ ဇူလိုင် ၈ ရက်တွင် ဘရူနိုင်း၊ ဇူလိုင် ၁၀ ရက်တွင် မလေးရှားနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ညီမြတ်သော်တာ**
**ဓာတ်ပုံ-စိုးညွှန့်**

# အိုလံပစ်နေ့အထိမ်းအမှတ် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲတွင် မင်္ဂလာဒုံအသင်း ရွှေတံဆိပ်အများဆုံးရရှိ

**ရန်ကုန် ဇွန် ၂၇**

မြန်မာနိုင်ငံ သိုင်းအဖွဲ့ချုပ်က ကျင်းပသည့် အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့ အထိမ်းအမှတ် လူငယ်မြန်မာ့သိုင်းပြိုင်ပွဲ (2018 Olympic Day Junior Thaing Competition) ပြိုင်ပွဲကို ဇွန်၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း မိုးလုံလေလုံအားကစားခန်း၌ ကျင်းပခဲ့ရာ မင်္ဂလာဒုံအသင်းက ရွှေတံဆိပ်အများဆုံးရရှိသွားခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး၊ ကီလိုတန်းလိုက် ဖန်တိုအတိုက်၊ ပြိုင်ပွဲများ၊ အဖွဲ့လိုက်စွမ်းရည်ပြနှင့် တစ်ကိုယ်တော်ပညာစဉ်ပြိုင်ပွဲများ ကျင်းပခဲ့ရာ ရွှေနှစ်၊ ငွေတစ်၊ ကြေးတစ်ခုဖြင့် နန်းဝင်း သိုင်းပြောင်းပြန်အသင်းက တတိယ၊ ရွှေလေး၊ ငွေသုံး၊ ကြေးတစ်ခုဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)အသင်းက ဒုတိယ၊ ရွှေငါး၊ ငွေနှစ်၊ ကြေးတစ်ခုဖြင့် မင်္ဂလာဒုံမြို့နယ်အသင်းက ပထမရရှိသွားပြီး မြန်မာ့သိုင်းပညာရှင်များက ဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂုဏ်ပြုလက်မှတ်များကို အတွင်းရေးမှူး ဦးအောင်နိုင်ဦးကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။ ပြိုင်ပွဲသို့ ပင်မများ၊ သင်တန်းဌာနများ၊ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ပြိုင်ပွဲဝင်အသင်း ၂၉ သင်း၊ ကစားသမား ၁၉၀ ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **တင်စိုး(မြန်မာ့အလင်း)**

## မြန်မာ့ရုပ်မြင်သံကြား

၂၈ - ၆ - ၂၀၁၈ (ကြာသပတေးနေ့)

**နံနက်ပိုင်း**

၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - Breakfast News
၈း၅၀ - "(၅၅)ကြိမ်မြောက် ကျောက်မျက်ရတနာပြပွဲ"
၉း၁၅ - "မြန်မာ့သစ်တောများ"
၉း၄၀ - လှုပစုံလင်အာဆီယံတစ်ခွင်
၉း၅၀ - ASEAN Sportlight (33)
၁၀း၃၀ - အလုပ်သမားရေးရာအစီအစဉ်
၁၁း၀၀ - မြစ်မခမီဒီယာ (စာတတ်ဖို့၊ အသက်ရှည်ဖို့၊ ဝင်ငွေကောင်းဖို့)
၁၁း၃၅ - ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ "မနှင်းဆီ၏သမိုင်း"
၁၂း၃၀ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၇)
၁၃း၁၅ - ငြိမ်းချမ်းရေးဂီတပွဲတော် ထုတ်လွှင့်မှုအစီအစဉ် (Level-III) (ပွဲစဉ်-၃) (ရန်ကုန်မြို့) (ဒုတိယပိုင်း)

**ညပိုင်း**

၁၆း၃၅ - "ငွေခေတ်သူ့ရဲကောင်းများ" (အပိုင်း-၂)
၁၇း၂၀ - "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ" (၆၅)
၁၇း၃၅ - မြန်မာ့စီးပွားမြင်ကွင်းများ
၁၉း၁၅ - မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၈) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်သြဘာ)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - America's Got Talent
- "ငအ"(မင်းမော်ကွန်း၊ ဇင်ဝိုင်း၊ မြတ်သူအောင်၊ အိချောပို) (ဒါရိုက်တာ-ညိုမင်းလွင်)
၁၂း၀၀ - "၂၀၁၈ ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (Panama Vs Tunisia)

# ကျွဲများတင်ဆောင်လာသောယာဉ်တစ်စီး တိမ်းမှောက်၍ လူတစ်ဦးနှင့် ကျွဲသုံးကောင်သေဆုံး

**ညောင်လေးပင် ဇွန် ၂၇**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီး ဇွန် ၂၇ ရက် နံနက် ၁ နာရီခွဲခန့်က ကျွဲများတင်ဆောင်လာသောယာဉ်တစ်စီး တိမ်းမှောက်၍ လူတစ်ဦးနှင့် ကျွဲသုံးကောင် သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညောင်လေးပင်မြို့နယ် ထော်နွတ်ကျေးရွာအနီး ရန်ကုန်-မန္တလေးကားလမ်းဟောင်းမိုင်တိုင်အမှတ် ၁၀၅/၄ အနီးတွင် ဥက္ကံမြို့မှ မူဆယ်မြို့ဘက်သို့ ကျွဲကောင်ရေ ၁၀၀ ကို တရားဝင်တင်ပို့သည့် ယာဉ်ငါးစီးအနက် ကျွဲကောင်ရေ ၂၀ ကို တင်ဆောင်၍ ဥက္ကံမြို့နေသူများဖြစ်သည့် ယာဉ်မောင်း မျိုးမြင့်အောင် မောင်းနှင်ကာ ယာဉ်နောက်လိုက် နန်းဦး၊ ကျွဲထိန်းများ ဖြစ်ကြသည့် အီစွတ် (၂၃ နှစ်)နှင့် ဖိုးလပြည့် (၁၅ နှစ်)တို့ လိုက်ပါလာသော YGN 7K/ ---- ဟီးနိုးယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

ယင်းဖြစ်စဉ်ကြောင့် အီစွတ်မှာ သေဆုံးသွားပြီး ဖိုးလပြည့်တွင် ဒဏ်ရာများရရှိကာ ကျွဲသုံးကောင် သေဆုံးသွားသဖြင့် ယာဉ်မောင်း မျိုးမြင့်အောင်နှင့် ယာဉ်နောက်လိုက် နန်းဦးတို့မှာ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ပိန်းဇလုပ်နယ်မြေရဲစခန်းက အမှုဖွင့်ကာ ထွက်ပြေးသူများအား အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ညောင်ရွှေတွင် နိုင်ငံခြားသားမောင်းနှင်သည့်ယာဉ်နှင့်ငြိ၍ ဖုန်းကြိုးများပျက်စီး




**နေပြည်တော် ဇွန် ၂၇**

ရှမ်းပြည်နယ် ညောင်ရွှေမြို့ ကံသာရပ်ကွက်ရှိ ဈေးမီးပွိုင့်လမ်းဆုံ၌ ဇွန် ၂၅ ရက် ညနေ ၆ နာရီခွဲက ကလောမှ ညောင်ရွှေမြို့သို့ Golden Travels & Tours Co.,Ltd ၏ အစီအစဉ်ဖြင့် အလည်အပတ်လာရောက်သော ပြင်သစ်နိုင်ငံသား Mr. Patric Georges Jacopin (၃၆ နှစ်) မောင်းနှင်ပြီး နိုင်ငံခြားသား ခုနစ်ဦး လိုက်ပါလာသည့် Caravan ယာဉ်၏ အမိုးနှင့် ဖုန်းကြိုးတိုင်တို့ငြိ၍ ဖုန်းကြိုးများ ချည်နှောင်ထားသည့် လက်ဖက်ရည်ဆိုင်အပေါ်ထပ်ရှိ ဝရန်တာသံပန်းများ အနည်းငယ်ပျက်စီးသွားခဲ့သည်။

ဖြစ်စဉ်နှင့် ပတ်သက်၍ နန္ဒဝန်ရပ်ကွက်ရှိ ယာဉ်ထိန်းရုံး၌ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဦးစီးမှူး ဦးကျော်ဝင်းတို့က Mr. Patric Georges Jacopin အား ယာဉ်စည်းကမ်း လမ်းစည်းကမ်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး Mr.Patric Georges Jacopin တို့က ပျက်စီးဆုံးရှုံးသော ကွန်ကရစ်တိုင်၊ ဖုန်းကြိုးများ ပြန်လည်ပြင်ဆင်ရန်နှင့် လက်ဖက်ရည်ဆိုင် ဝရန်တာ သံပန်းများ ပြင်ဆင်ရန်အတွက် ကုန်ကျငွေများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ကိုရဲ**

# တာချီလိတ်၌ အမျိုးသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံး

**တာချီလိတ် ဇွန် ၂၇**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း(က) ရပ်ကွက် ပုံလို့လမ်းသွယ်၌ ဇွန် ၂၇ ရက် နံနက်ပိုင်းက မော်တော်ယာဉ်အတွင်း အမျိုးသားတစ်ဦး သေနတ်ဒဏ်ရာဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ဇွန် ၂၇ ရက် နံနက် ၉ နာရီခွဲတွင် မော်တော်ယာဉ်တစ်စီးအတွင်း လူတစ်ဦးသေဆုံးနေကြောင်း သတင်းအရ တာချီလိတ်မြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးခိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးခဲ့ရာ တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ဗယ်လင်တိုင်းဟိုတယ်အနီး ပုံလို့လမ်းသွယ်ပေါ်၌ ရပ်ထားသည့် ကရောင်းယာဉ်ပေါ်တွင် အမျိုးသားတစ်ဦး (၃၇ နှစ်)ခန့်မှာ ကျည်ဖောက်ဝင်ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း သိရသည်။

ကားအတွင်း ဆက်လက်စစ်ဆေးရှာဖွေရာ ကားဒက်ရှ်ဘုတ်အတွင်းမှ စိုင်းထွန်း(၃၇ နှစ်) နေရပ်လိပ်စာ(စုံစမ်းဆဲ) အမည်ဖြင့် မြန်မာ-ထိုင်း နယ်စပ်ဖြတ်သန်းခွင့် လက်မှတ်တစ်စောင်၊ ကျည်ထိပ်ဖူး တစ်ခု၊ ဆွဲပြားတွင် နဂါးပုံ၊ စစ်သူကြီးပုံ၊ တရုတ်စာသားများပါသည့် ပယင်းဆွဲကြိုးတစ်ကုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အလောင်းအား တာချီလိတ်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ခဲ့သည်။

အမှုမှ သေနတ်ဖြင့်ပစ်ကာ ဒဏ်ရာရသေဆုံးအောင် ပြုလုပ်သူအား စုံစမ်းဖော်ထုတ်အရေးယူနိုင်ရန် တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်ထားကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# တမူး-စေတီကားလမ်း၌ ဘိန်းဖြူများ သယ်ဆောင်လာသူတစ်ဦး ဖမ်းဆီးရမိ

**မြို့သစ် ဇွန် ၂၇**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့ တမူး-စေတီကားလမ်း၌ ဘိန်းဖြူများ သယ်ဆောင်လာသူတစ်ဦးအား ဇွန် ၂၇ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့စု(၇)တမူးမှ တပ်ဖွဲ့ဝင်များသည် မူးယစ်ဆေးဝါးသတင်းအရ ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက တမူးမြို့အထွက် မြို့မှ ၁၄ ရပ်ကွက် တမူး-စေတီ ကားလမ်း၌ စောင့်ဆိုင်းနေစဉ် တမူးမြို့ဘက်မှ မြို့သစ်မြို့ဘက်သို့ မောင်းနှင်လာသည့် ရွှေမင်းသားခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည်ဖြစ်သူ မြို့သစ်မြို့ သနန်ကျေးရွာနေ ထောင်းခိုလွန်းထံမှ ဘိန်းဖြူမှုန့်အလေးချိန် ၄ ဂရမ်ခန့်အား သိမ်းဆည်းရမိသဖြင့် တမူးမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**



# မိတ္ထီလာကန်ပေါင်ပေါ်၌ ဖုန်းလုသူများအား ဖမ်းမိ

**မိတ္ထီလာ ဇွန် ၂၇**

မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်တွင် မြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ရန်နိုင်ထွန်း ဦးဆောင်၍ နယ်ထိန်း တပ်ကြပ်တိုက်ဝေနှင့် ရဲတပ်ဖွဲ့ဝင် သုံးဦးတို့သည် ဇွန် ၂၄ ရက် ညက လှည့်ကင်းဆောင်ရွက်နေစဉ် မသင်္ကာဖွယ် အမျိုးသားတစ်ဦး ဖုန်းတစ်လုံး လိုက်လံရောင်းချနေသည်ကို တွေ့ရှိရသဖြင့် ဖမ်းဆီးစစ်ဆေးခဲ့သည်။ အဆိုပါဖုန်းမှာ ၎င်းပိုင်ဆိုင်ကြောင်း အထောက်အထားမပြနိုင်သဖြင့် စစ်ဆေးရာ ချည်စက်ရပ်ကွက်နေ ငြိမ်းချမ်းကျော်(၁၉ နှစ်)၊ ငြိမ်းချမ်းဝေ (၁၈ နှစ်)၊ အောင်ဇေယျာရပ်ကွက်နေ လွင်မိုးအောင်(ခ)အူဝဲ(၁၉ နှစ်)တို့က ဆိုင်ကယ်ဖြင့် မိတ္ထီလာမြို့ ပေါက်ချောင်းရပ်ကွက် ကန်ပတ်လမ်းပေါ်တွင် ဖြတ်သန်းသွားစဉ် သမီးရည်းစားစုံတွဲထံမှ ဖုန်းနှစ်လုံး လုယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ၎င်းတို့ထံမှ အရိုးအသွား တစ်တောင်ခန့်ရှိ ဓားတစ်လက်၊ ဓားမြှောင်တစ်လက်၊ လုယူလာသော ဖုန်းနှစ်လုံးနှင့် လုယက်ရာတွင် အသုံးပြုသည့် ဆိုင်ကယ်တစ်စီးတို့ကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ ငြိမ်းခန့်ကျော်၊ ငြိမ်းချမ်းဝေနှင့် လွင်မိုးအောင်(ခ)အူဝဲတို့အား မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(အပေါ်ပုံ)**

**တင်လှိုင်(မိတ္ထီလာ)**

# တောင်တွင်းကြီး၌ ဓားကိုင်ရမ်းကားသူများအား ဖမ်းဆီးစဉ် ပြန်လည်ခုခံသဖြင့် ရဲတပ်ဖွဲ့ဝင်အချို့ ဒဏ်ရာရ

**တောင်တွင်းကြီး ဇွန် ၂၇**

တောင်တွင်းကြီးမြို့နယ် ရွှေအိုး(၂) ရပ်ကွက်ရုံးအနီး၌ တောင်တွင်းကြီးမြို့ ရွှေအိုး(၂)ရပ်ကွက်နေ အောင်ရွှေမြင့်(၂၁ နှစ်)ပါ အမျိုးသား ခြောက်ဦးသည် ဇွန် ၂၅ ရက် ည ၁၀ နာရီ ၁၀ မိနစ်က ဓား၊ လက်နက်များ ကိုင်ဆောင်၍ လမ်းသွားလမ်းလာများအား နှောင့်ယှက်နေသဖြင့် တောင်တွင်းကြီးမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်းခဲ့သည်။

ထိုသို့ဖမ်းဆီးစဉ် အဆိုပါ အမျိုးသားများက အသာတကြည်အဖမ်းမခံဘဲ ပြန်လည်ခုခံသောကြောင့် ရဲတပ်ဖွဲ့ဝင်များက လုံးထွေးဖမ်းဆီးခဲ့ရသဖြင့် ရဲတပ်ဖွဲ့ဝင်အချို့ ပြတ်ရှဒဏ်ရာများ (မစိုးရိမ်ရ)ရရှိခဲ့၍ အောင်ရွှေမြင့်ပါ ခြောက်ဦးအား တောင်တွင်းကြီးမြို့မရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# မန္တလေး၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**မန္တလေး ဇွန် ၂၇**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၂၅ ရက် ညနေ ၅ နာရီခွဲက ပြည်ကြီးတံခွန်မြို့နယ် (ဆ) ရပ်ကွက် ၅၉ လမ်းနှင့် ၆၀ လမ်းကြား၊ အေးသုခလမ်းနှင့် အေးမေတ္တာလမ်းကြားတွင် ကျော်စိန်ဝင်း(ခ)စိန်ဝင်း ကို ဆိုင်ကယ်နှင့်အတူ တွေ့ရှိရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀၊ ဘိန်းဖြူဆပ်ပြာခွက် ၁၀ ခွက် (ဘိန်းဖြူအလေးချိန် ၁၀၀ ဂရမ်) နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ညနေ ၆ နာရီတွင် မူးယစ်ဆေးဝါးများ ရောင်းချခိုင်းသူ စိုးတင့် ကို ပိတ်ဆို့ရှာဖွေရာ ပြည်ကြီးတံခွန်မြို့နယ် ၅၅ လမ်းနှင့် ရတနာလမ်းထောင့်ရှိ ဘီယာဆိုင်၌ စိုးတင့်နှင့် ဆန်းပြည့်တို့ကို ဆိုင်ကယ် နှစ်စီး၊ လက်ကိုင်ဖုန်းနှစ်လုံးတို့နှင့် လည်းကောင်း၊ မူးယစ်ဆေးဝါးများ ရောင်းချသူ တူးတူး (ခ) ထန်ရှန်းချန် ကို ပိတ်ဆို့ရှာဖွေရာ ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ၅၄ လမ်းနှင့် ၅၅ လမ်းကြားရှိ ဘီယာဆိုင်၌ တူးတူး(ခ)ထန်ရှန်းချန်အား လက်ကိုင်ဖုန်းတစ်လုံးနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားသည်။

**ကိုရဲ**

# ကျောင်းကုန်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သည့် လူသတ်မှုမှ ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**ရန်ကုန် ဇွန် ၂၇**

ဧရာဝတီတိုင်းဒေသကြီး ဆူးပဒေါင်းကွင်းရွာ ရန်ကုန်-ပုသိမ် ကားလမ်းဘေး ချောက်ထဲတွင် မတ် ၁၇ ရက်က အသက်(၃၅ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦး ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရ၍ ကျောင်းကုန်းမြို့မရဲစခန်းတွင် အမှုဖွင့်စုံစမ်းခဲ့ရာ ဇွန် ၂၄ ရက် ညပိုင်းက ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်နေ အငှားယာဉ်မောင်း အေးမင်းဦးဆိုသူဖြစ်ကြောင်း ပေါ်ပေါက်ခဲ့၍ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံး၊ မှုခင်းဖော်ထုတ်ရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်ခဲ့ရာ မတ် ၁၇ ရက် ည ၇ နာရီက လူငယ်သုံးဦးက သေဆုံးသူမောင်းနှင်သည့် အငှားယာဉ်အား ချောင်းသာသို့ ငှားရမ်းခဲ့ကြောင်း သိရှိရပြီး အဆိုပါ လူငယ်သုံးဦးအား စုံစမ်းခဲ့ရာ အင်းစိန်မြို့နယ် မြို့သစ်(ဂ)ရပ်ကွက် ပိတောက်(၄)လမ်းနေ ထွန်းဇော်မျိုး(ခ)ထက်အောင်(၂၃ နှစ်) ဖြစ်ကြောင်း ပေါ်ပေါက်၍ ၎င်းအား နေအိမ်တွင် သေဆုံးသူ ကိုင်ဆောင်ခဲ့သည့် HUAWEI အမျိုးအစား ဖုန်းတစ်လုံးနှင့်အတူ ဇွန် ၂၄ ရက် ည ၁၁ နာရီ ၅၅ မိနစ်က ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဖမ်းဆီးရမိသူ ထွန်းဇော်မျိုး(ခ)ထက်အောင် အားစစ်ဆေးရာ ၎င်းနှင့်အတူ ရွှေပြည်သာမြို့နယ် အမှတ်(၂၀)ရပ်ကွက် ပုသိမ်(၃)လမ်းနေ အောင်အောင်(ခ)တင်မိုးအောင်(၃၈ နှစ်)၊ မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက်နေ ဆံရှည်(ခ)ဝင်းကျော်သူ(၃၆ နှစ်)နှင့် လှိုင်သာယာမြို့နယ် အဆင့်မြင့်(၅)ရပ်ကွက်နေ အောင်ကျော်ဟိန်း (ခ)မှန်ကြီးတို့ ပါဝင်ခဲ့ကြောင်း သိရ၍ အောင်အောင်(ခ)တင်မိုးအောင်၊ ဆံရှည်(ခ)ဝင်းကျော်သူတို့အား ဇွန် ၂၅ ရက် နံနက် ၂ နာရီက ၎င်းတို့နေအိမ်များမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူသုံးဦးအား စစ်ဆေးရာ ၎င်းတို့ နှစ်ကြိမ်ခန့် ငှားရမ်းဖူးသည့် အငှားယာဉ်အမှတ် DD/---- ပရိုဘောက်ယာဉ်ကို မတ် ၁၇ ရက် ည ၇ နာရီက ချောင်းသာသို့ သွားရန် ငှားရမ်းခဲ့ကြောင်း၊ ကျောင်းကုန်းမြို့နယ် ဆူးပဒေါင်းကွင်းရွာအနီး ရန်ကုန်-ပုသိမ် ကားလမ်းဘေးအရောက် ထွန်းဇော်မျိုး (ခ) ထက်အောင်က ယာဉ်မောင်းကို ဓားဖြင့်ထောက်ပြီး အောင်အောင်(ခ)တင်မိုးအောင်က ဂစ်တာကြိုးဖြင့် လည်ပင်းအား ဆွဲညစ်ကာ ဓားဖြင့်လှီးဖြတ်ပြီးနောက် လမ်းဘေးချောက်ထဲသို့ တွန်းချခဲ့ကြကြောင်း၊ ထို့နောက် ယာဉ်မောင်း၏ ဖုန်းနှစ်လုံးကို ယူဆောင်ခဲ့ပြီးနောက် ၎င်းယာဉ်အား ထွန်းဇော်မျိုး(ခ)ထက်အောင်က လှိုင်သာယာမြို့နယ်ဘက်သို့ ပြန်လည်မောင်းနှင်ခဲ့ကာ လှိုင်သာယာမြို့နယ်တွင် ယခင်က ချိတ်ဆက်ထားသော ဆံရှည်(ခ)ဝင်းကျော်သူထံသို့ ငွေကျပ် ၇၅၀၀၀၀ ဖြင့် ရောင်းချခဲ့ပြီး ၎င်းတို့သုံးဦး ခွဲဝေယူခဲ့ကြကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

အမှုမှ သက်သေခံအငှားယာဉ်အား တောင်ကြီးမြို့မှ ပြန်လည်သိမ်းဆည်းနိုင်ခဲ့ကာ ထွန်းဇော်မျိုး(ခ)ထက်အောင်၊ အောင်အောင်(ခ)တင်မိုးအောင်နှင့် ဆံရှည်(ခ) ဝင်းကျော်သူတို့အား အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်နေသူ အောင်ကျော်ဟိန်း(ခ)မှန်ကြီး ကို ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ သိရသည်။

**ကိုရဲ**

# မိသားစုများအား ပြန်လည်ပေါင်းစည်းပေးရန် အမေရိကန်တရားသူကြီး အမိန့်ချမှတ်



**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်သမ္မတဒေါ်နယ်ထရန့်၏ လုံးဝသည်းမခံ “ Zero tolerance” မူဝါဒအောက်တွင် ကွဲကွာခဲ့ရသော မက္ကဆီကို နယ်စပ်မှရွှေ့ပြောင်းအခြေချနေထိုင်သူများနှင့် ခွဲခြားထားခြင်းခံရသော ၎င်းတို့၏ ကလေးများကို ရက်ပေါင်း ၃၀ အတွင်း မိသားစုများ ပြန်လည်ပေါင်းစည်းပေးရန် အမေရိကန်တရားသူကြီးတစ်ဦးက အမိန့်ချမှတ်ခဲ့သည်။

အသက် ငါးနှစ်အောက် ကလေးငယ်များကို နှစ်ပတ်အတွင်းမိဘများနှင့် ပြန်လည်ပေါင်းစည်းရမည်ဟု အင်္ဂါနေ့တွင် ဆန်ဒီယာဂိုမှ တရားသူကြီး ဒါနာ ဆာဗရောက ပြောသည်။ အသက် ခုနစ်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးမှာ ကွန်ဂိုလူမျိုးမိခင်နှင့် ခွဲထားခံရပြီး အသက် ၁၄ နှစ်အရွယ် ယောကျ်ားကလေးတစ်ဦးမှာလည်း ၎င်း၏ဘရာဇီးလူမျိုး မိခင်ဖြစ်သူနှင့် ခွဲထားခြင်း ခံထားရရာ ၎င်းတို့ကိုယ်စား တရားသူကြီးက ပြင်းထန်သည့် စကားလုံးများသုံးကာ အမိန့်ချမှတ်ခဲ့ခြင်း ဖြစ်သည်။

အဆိုပါတရားသူကြီးသည် မိသားစုပေါင်းများစွာ ခွဲထားခံရသည့်အပေါ် ဆန့်ကျင်၍ အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်ဗဟိုအစိုးရအာဏာပိုင်များသည် မိဘများနှင့် ကလေးငယ်များပြန်လည်ပေါင်းစည်းနိုင်ရေးအချိန် ၁၀ ရက်အတွင်းဆောင်ရွက်ရမည်ဟု တရားသူကြီးက ပြောသည်။ လွန်ခဲ့သော သီတင်းပတ်ကလည်း အမေရိကန်သမ္မတသည် နယ်စပ်တွင် အထောက်အထားမဲ့ဝင်ရောက်လာသည့် ရွှေ့ပြောင်းအခြေချနေထိုင်သူများ၏ ကလေးငယ်များကို မိဘများနှင့် ခွဲခြားထားသည့်အစီအစဉ်ကို ရပ်တန့်ထားရန် လက်မှတ်ရေးထိုးခဲ့သည်။ ကလေး ၂၀၀၀ ကျော်မှာ မိဘများနှင့် ခွဲခြားခံထားရပြီး ၎င်းတို့ထဲတွင် လေးဖက်သွားအရွယ်ကလေးငယ်များလည်း ပါဝင်သည်။ **အေအက်ဖ်ပီ**

# ဗြိတိန်မင်းသားဝီလျံ အရှေ့အလယ်ပိုင်းခရီးစဉ်အတွင်း အစ္စရေးသမ္မတနှင့် တွေ့ဆုံ

**ဂျေရုဆလင် ဇွန် ၂၇**

ဗြိတိန်မင်းသား ဝီလျံသည် အင်္ဂါနေ့က အစ္စရေးသမ္မတ ရူဗန်ရက်ဗလင်၊ ဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးအတွင်း အစ္စရေးသမ္မတ ရက်ဗလင်က အစ္စရေးနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုများနှင့် နှစ်နိုင်ငံချိတ်ဆက်မှုများကို ကျေနပ်အားရမိကြောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးအရပူးပေါင်းဆောင်ရွက်မှုနှင့် ခင်မင်ရင်းနှီးမှုများကိုလည်း တန်ဖိုးထားကြောင်း မင်းသားဝီလျံကို ပြောကြားခဲ့သည်။




မင်းသားဝီလျံသည် ဗုဒ္ဓဟူးနေ့တွင် ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်နှင့် ရာမလာမြို့၌ တွေ့ဆုံရန်ရှိပြီး ပါလက်စတိုင်း ခေါင်းဆောင်အတွက်လည်း ငြိမ်းချမ်းရေးစကား ပါးလိုက်ပါသည်ဟု အစ္စရေးသမ္မတက မင်းသားဝီလျံကို ပြောသည်။

ပါလက်စတိုင်းနှင့်အစ္စရေးနှစ်နိုင်ငံကြား ဝမ်းနည်းကြေကွဲဖွယ်ရာများ အဆုံးသတ်နိုင်ရေး ပူးပေါင်းအဖြေရှာရမည့်အချိန်ဖြစ်ကြောင်း၊ ပထမဦးဆုံးခြေလှမ်းမှာ ယုံကြည်မှုတည်ဆောက်ရမည် ဖြစ်ကြောင်းလည်း အစ္စရေးသမ္မတက ပြောခဲ့သည်။ ထို့ပြင် အစ္စရေးနိုင်ငံအတွင်း လွတ်လပ်စွာကိုးကွယ်ခွင့်၏ အရေးပါပုံကိုလည်း တန်ဖိုးထားကြောင်း သမ္မတက ဆက်ပြောခဲ့သည်။

မင်းသားဝီလျံသည် ၎င်း၏အရှေ့အလယ်ပိုင်းခရီးစဉ်ကို တနင်္ဂနွေနေ့က စတင်ခဲ့ပြီး ဂျော်ဒန်နိုင်ငံသို့ ဦးစွာသွားရောက်ခဲ့သည်။ ထို့နောက် အစ္စရေးနိုင်ငံသို့ တနင်္လာနေ့ညတွင် ရောက်ရှိခဲ့သည်။ ၎င်း၏ဖခင်ဖြစ်သူ မင်းသားချားလ်သည်လည်း ယခင်ဝန်ကြီးချုပ် ယစ်ဇက်ရာဘင်၏ စျာပနအခမ်းအနားကို တက်ရောက်ရန်နှင့် အစ္စရေးသမ္မတဟောင်း ရှီမွန်ပဲရက်စ်၏ စျာပနကို တက်ရောက်ရန် အစ္စရေးနိုင်ငံသို့ သွားရောက်ခဲ့သည်။

**ဆင်ဟွာ**

# အီရန်မှရေနံတင်သွင်းမှုများကို လက်မခံရန် ဂျပန်နှင့်အခြား နိုင်ငံများကို အမေရိကန်တိုက်တွန်း

**နယူးယောက် ဇွန် ၂၇**

ဂျပန်နှင့် အခြားသောနိုင်ငံများအနေဖြင့် အီရန်နိုင်ငံမှ ရေနံစိမ်းတင်သွင်းခြင်းတို့ကို လုံးဝရပ်တန့်လိုက်ရန် အမေရိကန်ပြည်ထောင်စုက တိုက်တွန်းထားသည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတစ်ဦးက အင်္ဂါနေ့တွင် သတင်းထောက်များကို ပြောကြားခဲ့ရာ အမေရိကန်အနေဖြင့်အီရန်မှ ရေနံတင်သွင်းမှုကို နိုဝင်ဘာ ၄ ရက်တွင် လုံးဝရပ်တန့်လိုက်ရန် ဆန္ဒရှိသည်ဟု ပြောခဲ့သည်။

ဂျပန်နှင့်အခြားသောနိုင်ငံများမှ ယင်းကိစ္စကို မည်သို့တုံ့ပြန်မည်ကို တောင်းခံထားသည်။ အီရန်မှ ရေနံတင်သွင်းမှုကို ရပ်တန့်လိုက်ရန်မှာ ကြီးမားသည့်စိန်ခေါ်မှုကြီးတစ်ရပ်လည်း ဖြစ်သည်။

အမေရိကန်နိုင်ငံမှ ယင်းနိုင်ငံများကို မူဝါဒအပြောင်းအလဲလုပ်ရန် တောင်းဆိုထားကြောင်း၊ ၎င်းတို့အနေဖြင့်လည်း အမေရိကန်နှင့် ဆက်ဆံနေသည့်အတွက် ယင်းသို့လုပ်ဆောင်ရန် ဆန္ဒရှိကြောင်း အဆိုပါအရာရှိမှ ပြောခဲ့သည်။ အီရန်နိုင်ငံမှ ရေနံတင်သွင်းမှုရပ်ဆိုင်းရန် တောင်းဆိုခံရသော နိုင်ငံများတွင် အီးယူအဖွဲ့ဝင်နိုင်ငံများ တရုတ်၊ အိန္ဒိယနှင့် တူရကီနိုင်ငံတို့ပါရှိကြောင်း သိရသည်။

ထို့ပြင် အမေရိကန်သည် အီရန်နှင့် ကမ္ဘာ့အင်အားကြီး ခြောက်နိုင်ငံတို့ပူးပေါင်းချုပ်ဆိုထားသော အီရန်နျူကလီးယားသဘောတူညီမှုမှလည်း မေလအတွင်းက နုတ်ထွက်ထားသည်။

ယင်းသို့ပြုလုပ်ပြီးသည်နှင့်တစ်ပြိုင်နက် ဩဂုတ်လမှစတင်ကာ အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှုများ ပြန်လည်ပြုလုပ်တော့မည် ဖြစ်သည်။ အမေရိကန်သည် အခြားသောတိုင်းပြည်များကိုလည်း အီရန်နိုင်ငံအပေါ် ဖိအားပေးရန် တောင်းဆိုထားသည်။

ဂျပန်နိုင်ငံ၏ ရေနံစိမ်းတင်သွင်းမှု ၅ ရာခိုင်နှုန်းမှာ အီရန်မှဖြစ်ပြီး ဂျပန် အစိုးရအနေဖြင့် အမေရိကန်၏ ရေနံအပေါ်ပိတ်ဆို့မှုမှ ကင်းလွတ်ခွင့်ရရန် တောင်းဆိုဖွယ်ရှိပြီး ယင်းတောင်းဆိုချက်မှာ ပယ်ချခံရဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**

# ဒုက္ခသည်များကို လက်ခံနိုင်စွမ်းမရှိတော့ကြောင်း ဂျော်ဒန်ဝန်ကြီးချုပ်ပြော

**အာမန် ဇွန် ၂၇**

ဂျော်ဒန်နိုင်ငံတွင် ဒုက္ခသည်များကို လက်ခံနိုင်စွမ်းမရှိတော့သောကြောင့် ဆီးရီးယားဒုက္ခသည်များကို ထပ်ပြီးလက်ခံနိုင်တော့မည်မဟုတ်ကြောင်း ဂျော်ဒန်ဝန်ကြီးချုပ် အိုမာရာဇက်က အောက်လွှတ်တော်ဥက္ကဋ္ဌ အတက်ဖ်တာဝါနက်ခ်နှင့် တွေ့ဆုံပြီးနောက် မကြာသေးမီက ပြောခဲ့သည်။

ဆီးရီးယားပြည်သူများ၏ ဒုက္ခကိုစာနာကြောင်း၊ ဆီးရီးယားရှိ ပဋိပက္ခများကို နိုင်ငံရေးနည်းလမ်းဖြင့် အမြန်ဆုံးဖြေရှင်းနိုင်ရန် မျှော်လင့်ကြောင်း၊ ဂျော်ဒန်နိုင်ငံတွင်လက်ခံထားသည့် ဆီးရီးယားဒုက္ခသည်များကြောင့် အခက်အခဲဖြစ်နေကြောင်း ဂျော်ဒန်ဝန်ကြီးချုပ်က ပြောခဲ့သည်။

ယခုအခါတွင် ဂျော်ဒန်နိုင်ငံအနေဖြင့် ဒုက္ခသည်လက်ခံကူညီနိုင်စွမ်းကို ကျော်လွန်သွားသောကြောင့် နောက်ထပ်ဒုက္ခသည်များကို လက်ခံနိုင်တော့မည်မဟုတ်ကြောင်း ၎င်းကဆက်ပြီး ပြောခဲ့သည်။

ဆီးရီးယားတောင်ပိုင်း၌ ပြင်းထန်သောတိုက်ပွဲများ အခုရက်ပိုင်းအတွင်း ဖြစ်ပွားသောကြောင့် ပြည်သူ ၄၅၀၀၀ ခန့် ဆီးရီးယား- ဂျော်ဒန်နယ်စပ်ကို သွားနေကြသည်ဟု ကုလသမဂ္ဂအဖွဲ့အစည်းများ၏ သတင်းများအရ သိရသည်။

ဂျော်ဒန်တပ်ဖွဲ့သည် ဂျော်ဒန်နယ်စပ်တစ်လျှောက် ဒုက္ခသည်အရေးကာကွယ်မှုများကို တင်းကျပ်စွာလုပ်ဆောင်နေကြောင်း ဝန်ကြီးချုပ် အိုမာရာဇက်က ပြောခဲ့သည်။

ဂျော်ဒန်၌ လက်ခံထားသော ဆီးရီးယားဒုက္ခသည် ၁၃ သိန်းရှိရာ လူမှုစီးပွားအခြေအနေအရ ဂျော်ဒန်အတွက် ကြီးမားသည့် ဝန်ထုပ်ဝန်ပိုးဖြစ်နေကြောင်း ဂျော်ဒန်အစိုးရက ထုတ်ဖော်ပြောကြားခဲ့သည်။ **အေအက်ဖ်ပီ**



# နည်းပညာစမ်းသပ်မှုများလုပ်ရန် ဂြိုဟ်တုများကိုတရုတ်လွှတ်တင်

**ပေကျင်း ဇွန် ၂၇**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ရှီချန်း ဂြိုဟ်တုလွှတ်တင်ရေးစင်တာက နည်းပညာသစ်စမ်းသပ်မှု ဂြိုဟ်တုနှစ်လုံးကို လောင်းမာ့ချ် - ၂ စီ ဒုံးပျံဖြင့် ဇွန် ၂၇ ရက်က အောင်မြင်စွာလွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုနှစ်လုံးကို နံနက် ၁၁ နာရီခွဲတွင် လွှတ်တင်ခဲ့ပြီး သတ်မှတ်ဂြိုဟ်ပတ်လမ်းကြောင်းအတွင်းသို့ ဝင်ရောက်သွားခဲ့ကြောင်း သိရသည်။

အဆိုပါဂြိုဟ်တုများ လွှတ်တင်ပြီး ဂြိုဟ်တုကြားကွန်ရက်နှင့်ချိတ်ဆက်ကာ ကမ္ဘာမြေ စောင့်ကြည့်လေ့လာရေးဂြိုဟ်တုများပေါ်တွင် နည်းပညာသစ်များကို စမ်းသပ်လုပ်ဆောင်ရန် ဖြစ်ကြောင်း သိရသည်။ ယခုလွှတ်တင်မှုသည် လောင်းမာ့ချ်အမျိုးအစား ဒုံးပျံ၏ ၂၇၈ ကြိမ်မြောက် လွှတ်တင်မှုဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### အမေရိကန်တက္ကဆက်ပြည်နယ်ရှိ ဆေးရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံး

**ဝါရှင်တန် ဇွန် ၂၇**

အမေရိကန်နိုင်ငံ တက္ကဆက်ပြည်နယ် ဟူစတန်မြို့အနောက်မြောက်ဘက် ၃၂၅ ကီလိုမီတာခန့်အကွာ ဂဝ်စ်ဗီလီမြို့ရှိ ဆေးရုံတစ်ရုံတွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ရာ ဆောက်လုပ်ရေးဝန်ထမ်းတစ်ဦး သေဆုံးခဲ့ပြီး ၁၂ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ ပေါက်ကွဲမှုကြောင့် သေဆုံး ဒဏ်ရာရရှိခဲ့သူအားလုံးသည် ဆောက်လုပ်ရေးဝန်ထမ်းများ ဖြစ်ကြောင်း ဒေသခံရဲတပ်ဖွဲ့၏ ပြောကြားချက်အရ သိရသည်။

ပေါက်ကွဲမှုသည် လူဦးရေ ၁၂၅၀၀ နေထိုင်သည့် ဂဝ်စ်ဗီလီမြို့ရှိ ကော်ရဲလ်မန်မိုရီယယ်ဆေးရုံတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပေါက်ကွဲမှု ဖြစ်ပွားရသည့် အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

### အင်ဒိုနီးရှားရွေးကောက်ပွဲ အကြမ်းဖက်မှုများမဖြစ်ရန် လုံခြုံရေးတင်းကျပ်စွာချထား

**ဂျကာတာ ဇွန် ၂၇**

အင်ဒိုနီးရှားနိုင်ငံ၌ ဇွန် ၂၇ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှု ပြုလုပ်ရန် စီစဉ်ထားသည်ဟု စုံစမ်းဖော်ထုတ်နိုင်ခဲ့ပြီးနောက် အင်ဒိုနီးရှားအာဏာပိုင်များက နိုင်ငံအနှံ့ လုံခြုံရေးများ တင်းကျပ်စွာချထားကြောင်း သိရသည်။ နိုင်ငံတွင်းရှိ မဲရုံပေါင်း ထောင်ပေါင်းများစွာကို စောင့်ကြည့်ရန် ရဲတပ်ဖွဲ့နှင့် စစ်သားပေါင်း ၂၇၀၀၀၀ ကျော်ကို ချထားကြောင်း ထိပ်တန်းရဲတပ်ဖွဲ့နှင့် စစ်ဘက်ဆိုင်ရာ အရာရှိများက ပြောခဲ့သည်။

ပြည်နယ်အဆင့် ရွေးကောက်ပွဲအတွက် လုံခြုံရေးအင်အား ၉၉၀၀၀ နှင့် ဌာနချုပ်များအတွက် အခြားလုံခြုံရေးအင်အား ၈၀၀၀ ကို ချထားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ လေတပ်ဦးစီးချုပ်ဗိုလ်ချုပ်ကြီး ဟာဒီဂျာဂျယ်တွန်က ပြောခဲ့သည်။ ထို့အတူ စစ်သွေးကြွများ၏ လှုပ်ရှားမှုများကို စောင့်ကြည့်ရန် စစ်သားများနှင့် ရဲတပ်ဖွဲ့ဝင်စုစုပေါင်း ၁၇၁၀၀၀ ကို မဲရုံများတွင် ချထားမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ရဲမှူးချုပ် ရစ်ခ်ဝမ်သိုက ပြောခဲ့သည်။

"ရွေးကောက်ပွဲကို လုံလုံခြုံခြုံနဲ့ ချောချောမွေ့မွေ့ဖြစ်အောင် ထိန်းသိမ်းဖို့ ကျွန်တော်တို့ဆောင်ရွက်သွားရမှာပါ" ဟု ရဲမှူးချုပ် ရစ်ခ်ဝမ်သိုက ပြောသည်။

အင်ဒိုနီးရှားနိုင်ငံရှိ ပြည်နယ်ပေါင်း ၃၄ ခုတွင် ခရိုင်အုပ်ချုပ်ရေးမှူးများ၊ ပြည်နယ်အုပ်ချုပ်ရေးမှူးများ၊ မြို့တော်ဝန်များအား ဆန္ဒမဲပေးရွေးချယ်မည့် ရွေးကောက်ပွဲကို ဇွန် ၂၇ ရက်တွင် နိုင်ငံအနှံ့အပြားရှိ မဲရုံများတွင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ လွန်ခဲ့သော ရက်သတ္တပတ်က အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗား ပြည်နယ်တွင် ရဲအရာရှိများက အကြမ်းဖက်သံသယတရားခံ သုံးဦးကို သုတ်သင်ရှင်းလင်းခဲ့ပြီးနောက် ရွေးကောက်ပွဲတွင် အကြမ်းဖက်မှုနှစ်ခု အနည်းဆုံးပြုလုပ်ရန် စီစဉ်ထားရှိကြောင်းကို ရဲတပ်ဖွဲ့ကစုံစမ်းဖော်ထုတ်နိုင်ခဲ့ခြင်း ဖြစ်သည်။ **ဆင်ဟွာ**

# အာဏာနဲ့ရေနံအတွက် အားပြိုင်မှုတွေပြင်းထန်နေတဲ့ လစ်ဗျားနိုင်ငံ

*== တင်လင်းအောင် ==*



ပြိုင်ဘက်အစိုးရက အဓိကဆိပ်ကမ်းမြို့တွေကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် မတည်မငြိမ်ဖြစ်နေတဲ့ နိုင်ငံရဲ့ဘယ်လိုတရားမဝင် ရေနံတင်ပို့မှုမျိုးကိုမဆို လက်မခံဘဲ တားမြစ်ပိတ်ဆို့သွားဖို့ ကုလသမဂ္ဂလုံခြုံရေး ကောင်စီကို လစ်ဗျားစည်းလုံးညီညွတ်ရေး အစိုးရက ဇွန် ၂၆ ရက်က တိုက်တွန်းလိုက်ပါတယ်။

အာဏာရှင်ခေါင်းဆောင် ခါလီဖာဟာ့ဖ်တာက လစ်ဗျားအရှေ့ပိုင်း ရေနံတင်ပို့ရာ ဆိပ်ကမ်းမြို့နှစ်မြို့ကို ထိန်းချုပ်နိုင်ခဲ့ပြီးနောက် အခုလို ကုလသမဂ္ဂထောက်ခံလစ်ဗျားစည်းလုံးညီညွတ်ရေးအစိုးရရဲ့ မေတ္တာရပ်ခံမှု ထွက်ပေါ်လာခြင်းပဲ ဖြစ်ပါတယ်။

**အကွဲအပြဲပြဿနာကို ပိုမိုဆိုးရွားစေ**

အာဏာရှင်ခေါင်းဆောင် ခါလီဖာဟာ့ဖ်တာက သူထိန်းချုပ်ထားတဲ့ ရေနံတင်ပို့ရာ ဆိပ်ကမ်းမြို့နှစ်မြို့မှ ရရှိတဲ့ အခွန်ဘဏ္ဍာတွေ အားလုံးကို အရှေ့ဘက်ရှိ အများအသိအမှတ်မပြုတဲ့အစိုးရအဖွဲ့အစည်းတစ်ခုလိုဖြစ်နေတဲ့အဖွဲ့ကို ပေးအပ်မှာဖြစ်တယ်လို့ ဇွန် ၂၅ ရက်က ပြောခဲ့ပါတယ်။

ရေနံတင်ပို့ရာ ဆိပ်ကမ်းမြို့နှစ်မြို့ကရရှိတဲ့ အခွန်ဘဏ္ဍာတွေအားလုံးကို အခုလို လွှဲပြောင်းပေးအပ်ခြင်းဟာ အကွဲအပြဲပြဿနာကို ပိုမိုဆိုးရွားစေမှာဖြစ်တယ်လို့ ထရီပိုလီအခြေစိုက် လစ်ဗျားစည်းလုံးညီညွတ်ရေးအစိုးရက ပြောခဲ့ပါတယ်။

**သူတစ်လူငါတစ်မင်းဖြစ်နေတဲ့ လစ်ဗျား**

လစ်ဗျားနိုင်ငံဟာ ၂၀၁၁ ခုနှစ်ကတည်းက သူတစ်လူငါတစ်မင်းဖြစ်ခဲ့ပြီး ပဋိပက္ခတွေဆက်တိုက်ဖြစ်ခဲ့ပါတယ်။ နေတိုးထောက်ခံ ဆူပူအုံကြွမှုဖြစ်တဲ့ အချိန်မှာပဲ နိုင်ငံကိုကာလရှည်ကြာ လက်ဝါးကြီးအုပ်ကာ အာဏာရှင်ဆန်ဆန်အုပ်ချုပ်ခဲ့တဲ့ မွမ်မာကဒါဖီကို သတ်ဖြတ်ခဲ့ကြပြီး အာဏာလုဖို့နဲ့ ရေနံမြေရရှိရေးတို့အတွက် စင်ပြိုင်အစိုးရနဲ့ ပြည်သူ့စစ်များကြား အားပြိုင်မှုတွေ ဖြစ်ခဲ့ပါတယ်။

အာဏာရှင်ခေါင်းဆောင် ခါလီဖာဟာ့ဖ်တာ လစ်ဗျားအမျိုးသားတပ်ဖွဲ့တစ်ဖြစ်လဲ စင်ပြိုင်အစိုးရက လစ်ဗျားရေနံမြေတွေကို ဇွန် ၂၅ ရက်က အပြည့်အဝပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း ကြေညာခဲ့ပါတယ်။ ဟာ့ဖ်တာ လစ်ဗျားအမျိုးသားတပ်ဖွဲ့က ပြည်သူ့စစ်တပ်ဖွဲ့တွေနဲ့ ရက်သတ္တနှစ်ပတ်နီးပါး သူ့နိုင်ကိုယ်နိုင်အပြိုင်ကြဲခဲ့ပြီးနောက် ရက်စ်လာနုဖ်နဲ့ အယ်လ်ဆီတရာ ရေနံမြေတွေကို ပြန်လည်ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

**နိုင်ငံရေးပြိုကွဲမယ့် လမ်းကြောင်းပေါ်ရောက်စေနိုင်**

ရေနံမှရရှိခဲ့တဲ့ ဘဏ္ဍာငွေတွေကို ဟာ့ဖ်တာထောက်ပံ့ခံ နိုင်ငံအရှေ့ဘက်ရှိ အများအသိအမှတ်မပြုတဲ့အစိုးရအဖွဲ့အစည်းတစ်ခုလိုဖြစ်နေတဲ့ အဖွဲ့ကို ထောက်ပံ့နေခြင်းဟာ အပြည်ပြည်ဆိုင်ရာနဲ့ နိုင်ငံအတွင်း စည်းလုံးညီညွတ်ရေး ကြိုးစားမှုတွေအပေါ် ယုံကြည်မှုလျော့ပါးစေသလို အောက်ခြေက လိုက်စားတဲ့ သဘောဖြစ်ပြီး နိုင်ငံမတည်မငြိမ်ဖြစ်စေမယ့် လမ်းကြောင်းပေါ်ပြန်လည်ရောက်ရှိအောင် လုပ်ဆောင်နေခြင်းသာ ဖြစ်ကြောင်း ကုလသမဂ္ဂထောက်ခံလစ်ဗျားစည်းလုံးညီညွတ်ရေးအစိုးရက ပြောခဲ့ပါတယ်။

**တရားမဝင်ရေနံတင်ပို့မှုတွေကို ရပ်တန့်လိုက်ပြီ**

ဇွန် ၂၆ ရက်အစောပိုင်းက ထရီပိုလီအခြေစိုက် အမျိုးသားရေနံကုမ္ပဏီက စင်ပြိုင်အစိုးရရဲ့လွတ်လပ်စွာရေနံတင်ပို့နိုင်ရေး ကြိုးစားမှုအားလုံးကို ရပ်တန့်လိုက်ပြီလို့ ပြောကြားခဲ့ပါတယ်။

အားပြိုင်အဖွဲ့နှစ်ဖွဲ့ရဲ့ ရေနံတင်ပို့မှုတွေဟာ တရားမဝင်ကြောင်းနဲ့ သူတို့ဟာ ရေရှည်မှာအရှုံးတွေနဲ့ ရင်ဆိုင်ရနိုင်ကြောင်း ထရီပိုလီအခြေစိုက် အမျိုးသားရေနံကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောခဲ့ပါတယ်။

နိုင်ငံအရှေ့ဘက်အခြေစိုက်အာဏာပိုင်အဖွဲ့က အလားတူ စည်းမျဉ်းစည်းကမ်းတွေကို အလေးမထားဘဲ ရေနံရောင်းချ နိုင်ရေး ကြိုးစားမှုမျိုးကို လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ် ဧပြီလမှာ ကြိုးစားခဲ့ဖူးပေမယ့်လည်း မအောင်မြင်ခဲ့ပါဘူး။ သူတို့ဟာ တစ်နေ့ကို ရေနံစိမ်းစည်သုံးသိန်း ရောင်းချနိုင်ဖို့ ကြိုးစားခဲ့မှုအပေါ် ကုလသမဂ္ဂလုံခြုံရေး ကောင်စီက တားမြစ်ပိတ်ပင်ခဲ့တယ်လို့ သိရပါတယ်။

**ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်**

ကုလသမဂ္ဂလုံခြုံရေးကောင်စီရဲ့ ဆုံးဖြတ်ချက်ဟာ အလွန်ကိုပဲ ရှင်းလင်းလှပါတယ်။ ရေနံနဲ့ပတ်သက်တဲ့ လုပ်ဆောင်မှုတွေ အကုန်လုံးမှာ ဥပမာ ထုတ်လုပ်ခြင်း၊ တင်ပို့ခြင်းတွေဟာ ထရီပိုလီအခြေစိုက် အမျိုးသားရေနံကုမ္ပဏီရဲ့ ထိန်းချုပ်မှုအောက်မှာသာ ရှိရမှာဖြစ်ပြီး ရေနံနဲ့ ပတ်သက်တဲ့ ကြီးကြပ်ရေးတွေကိုလည်း လစ်ဗျားစည်းလုံးညီညွတ်ရေး အစိုးရတစ်ဦးတည်းကသာ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်လို့ ဆနယ်လာက ပြောခဲ့ပါတယ်။

နိုင်ငံတကာဥပဒေကို လေးစားမှုမရှိဘဲ ချိုးဖောက်ခဲ့တဲ့ ရေနံတင်ပို့မှုအားလုံးကို ရပ်တန်းကရပ်ဖို့ လိုအပ်တဲ့ ဆောင်ရွက်ချက်တွေကို လစ်ဗျားစည်းလုံးညီညွတ်ရေးအစိုးရနဲ့ နိုင်ငံတကာမိတ်ဖက်တွေ စုပေါင်းကာလုပ်ဆောင်သွားမယ်လို့ ယုံကြည်ကြောင်း ဆနယ်လာက ဆက်လက်ပြောခဲ့ပါတယ်။

**နိုင်ငံအရှေ့ဘက်အာဏာပိုင်များထံက ရေနံဝယ်ယူတဲ့ကုမ္ပဏီတွေကို တရားစွဲမယ်**

ထရီပိုလီအခြေစိုက် အမျိုးသားရေနံကုမ္ပဏီကလည်း နိုင်ငံအရှေ့ဘက်အာဏာပိုင်တွေထံက ရေနံဝယ်ယူတဲ့ ဘယ်ကုမ္ပဏီမဆို တရားစွဲဆိုသွားမှာ ဖြစ်တယ်လို့ သတိပေးပြောကြားခဲ့ပြီး သူတို့နဲ့ ရေနံဝယ်ယူရေးစာချုပ် မချုပ်ထားတဲ့ ကုမ္ပဏီတွေကိုလည်း လေးစားကြောင်း ဖော်ပြခဲ့ပါတယ်။

ရေနံနဲ့ပတ်သက်တဲ့ လုပ်ဆောင်မှုတွေအကုန်လုံး ထရီပိုလီအခြေစိုက် အမျိုးသားရေနံ ကုမ္ပဏီတစ်ခုတည်းကသာ တရားဝင်ဖြစ်ကြောင်း နိုင်ငံတကာအသိုင်းအဝိုင်းတွေနဲ့ အိုပက်အဖွဲ့ကြီးက အတည်ပြုပြောကြားခဲ့တယ်လို့ ဆနယ်လာက ထပ်မံပြောကြားခဲ့ပါတယ်။

နိုင်ငံအရှေ့ပိုင်း အာဏာပိုင်အဖွဲ့က ရေနံရောင်းချရတဲ့ ဘဏ္ဍာငွေတွေကို မျှတစွာ အသုံးချသွားမှာ ဖြစ်ကြောင်းနဲ့ နိုင်ငံခြားစာချုပ် ချုပ်ဆိုမှုတွေကိုလည်း လေးစားသွားမယ်လို့ ပြောခဲ့ပါတယ်။

လစ်ဗျားနိုင်ငံဟာ ဥရောပကို အများဆုံးရေနံတင်ပို့ခဲ့သော်လည်း အမေရိကန်ပြည်ထောင်စုနဲ့ တရုတ်နိုင်ငံတို့ဟာလည်း လစ်ဗျားရဲ့ရေနံတင်ပို့ရာနိုင်ငံတွေ ဖြစ်ကြပါတယ်။

**နိုင်ငံတကာ ကြိုးစားမှုကို ထိုးနှက်မှုဖြစ်စေ**

သူ့ရဲ့တပ်ဖွဲ့တွေ ရေနံမြေတွေကို ပြန်လည်ရရှိရေးတိုက်ပွဲမှာ ဆုံးရှုံးမှုအချို့နဲ့ ရင်ဆိုင်ရပြီးနောက် ဟာ့ဖ်တာဟာ အံ့သြစရာကောင်းတဲ့ ဆုံးဖြတ်ချက်တစ်ခုချခဲ့ပါတယ်။ အဲဒါကတော့ သူထိန်းချုပ်ထားတဲ့ရေနံတင်ပို့မှုတွေကို နိုင်ငံတကာအသိအမှတ်ပြု ထရီပိုလီအခြေစိုက် နိုင်ငံတော်ရေနံကုမ္ပဏီသို့ လွှဲပြောင်းမပေးဘဲ နိုင်ငံအရှေ့ပိုင်းအခြေစိုက် ရေနံကုမ္ပဏီကို လွှဲပြောင်းပေးခဲ့တာပဲ ဖြစ်ပါတယ်။

ဟာ့ဖ်တာရဲ့အဲဒီလို လုပ်ဆောင်မှုဟာ လစ်ဗျားစည်းလုံးညီညွတ်ရေးကို ထိန်းသိမ်းဖို့ လုပ်ဆောင်နေတဲ့နိုင်ငံတကာကြိုးစားမှုတွေကို ထိုးနှက်မှုဖြစ်စေပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးအတွက် ဟာ့ဖ်တာရဲ့ ဆုံးဖြတ်ချက်ကို ပြန်လည်ပြုပြင်ဖို့ ဆနယ်လာက တိုက်တွန်းခဲ့ပါတယ်။

နိုင်ငံတော်အကျိုးအတွက် အရေးကြီးတဲ့ဆောင်ရွက်မှုတွေကို ဆောင်ရွက်ဖို့ လစ်ဗျားအမျိုးသားတပ်ဖွဲ့လို့ ကိုယ့်ကိုယ်ကိုယ် အမည်သမုတ်ထားတဲ့ ဟာ့ဖ်တာတပ်ဖွဲ့ရဲ့ ဦးဆောင်မှုအောက်မှာ တကယ့်တန်ဖိုးရှိတဲ့ အခွင့်အရေးတွေ လက်လွှတ်ဆုံးရှုံးရတယ်လို့ သူက ဆိုပါတယ်။

**လစ်ဗျားနိုင်ငံရဲ့စီးပွားရေး ရေနံကို အဓိကမှီခိုနေ**

လစ်ဗျားနိုင်ငံရဲ့ စီးပွားရေးဟာ ရေနံကို အဓိကမှီခိုနေပါတယ်။ ကဒါဖီရဲ့ လက်အောက်မှာတုန်းက လစ်ဗျားနိုင်ငံဟာ တစ်နေ့ကို ရေနံစည် ၁ ဒသမ ၆ သန်း ထုတ်လုပ်နိုင်ခဲ့ပါတယ်။

၂၀၁၁ ကဒါဖီ ပြုလဲသွားပြီးတဲ့နောက်မှာ လစ်ဗျားနိုင်ငံရဲ့ ရေနံတင်ပို့မှုဟာ ၂၀ ရာခိုင်နှုန်း ကျဆင်းသွားပါတယ်။

ရက်စ်လာနုဖ်ရေနံမြေကို သွားရောက်ဆန်းစစ်ပြီးတဲ့နောက် ထရီပိုလီအခြေစိုက် ရေနံကုမ္ပဏီက တိုက်ခိုက်မှုတွေဟာ ရေနံထုတ်လုပ်မှုတွေကို ထက်ဝက်လောက် ကျဆင်းစေပြီး ဒေါ်လာဘီလီယံပေါင်း များစွာဆုံးရှုံးနစ်နာစေတယ်လို့ပြောခဲ့ပါတယ်။

အကွဲကွဲအပြဲပြဲဖြစ်နေတဲ့ လစ်ဗျားနိုင်ငံဟာ ရေနံနဲ့အာဏာအတွက် ရန်းကန်ရင်း နိုင်ငံတော်စည်းလုံးညီညွတ်ရေးအတွက် အောင်အောင်မြင်မြင်လုပ်ဆောင်နိုင်ပါ့မလား ဆိုတာ ဆက်လက်စောင့်ကြည့်ရမှာပဲ ဖြစ်ပါကြောင်း။ ။

**ကိုးကား- အေအက်ဖ်ပီ**

> **"လစ်ဗျားနိုင်ငံဟာ ၂၀၁၁ ခုနှစ်ကတည်းက သူတစ်လူငါတစ်မင်းဖြစ်ခဲ့ပြီး ပဋိပက္ခတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ နေတိုးထောက်ခံ ဆူပူအုံကြွမှုဖြစ်တဲ့ အချိန်မှာပဲ နိုင်ငံကို ကာလရှည်ကြာလက်ဝါးကြီးအုပ်ကာ အာဏာရှင်ဆန်ဆန် အုပ်ချုပ်ခဲ့တဲ့ မွမ်မာကဒါဖီကို သတ်ဖြတ်ခဲ့ကြပြီး အာဏာလုဖို့နဲ့ ရေနံမြေရရှိရေးတို့အတွက် စင်ပြိုင်အစိုးရနဲ့ ပြည်သူ့စစ်များကြား အားပြိုင်မှုများဖြစ်ခဲ့"**

# မိုင်းယောင်းမြို့၌ မိုးစပါးအထွက်တိုးရေးနှင့် ရေမြုပ်စိုက်ခင်းများ ပြန်လည်ထူထောင်ရေးပညာပေး

**မိုင်းယောင်း ဇွန် ၂၇**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်အတွင်း ယခုနှစ်တွင် မိုးစပါးစိုက်ဧက တစ်သောင်းကျော် စိုက်ပျိုးထားရှိရာ အဆိုပါစိုက်ခင်းများမှ စပါးအထွက်တိုးရေးနှင့် အနိမ့်ပိုင်းဒေသများရှိ လယ်မြေများ ရေကြီးနစ်မြုပ်မှုရှိလာပါက တောင်သူများအနေဖြင့် အချိန်မီ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက တောင်သူအသိပညာပေးမှုများကို ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ယခင်နှစ်က မိုင်းယောင်းမြို့နယ်ရှိ အနိမ့်ပိုင်းကျသော လယ်မြေများတွင် ရေလွှမ်းမှုများ ဖြစ်ပေါ်ခဲ့ရာ ဧကအနည်းငယ် ထိခိုက်မှုရှိခဲ့ပြီး အချိန်မီပြန်လည်အစားထိုးစိုက်ပျိုးနိုင်ခဲ့သည်။ ယခုနှစ်တွင် မိုးစပါးများ ရေမြုပ်မှုမရှိသေးသော်လည်း တောင်သူများအနေဖြင့် ကြိုတင်ပြင်ဆင်ထားနိုင်ရေးနှင့် ဖြစ်ပေါ်လာပါက ပြန်လည်ထူထောင်ရေးလုပ်ငန်းများဖြစ်သည့် တစ်ဧကလျှင် စပါးတစ်တင်းနှုန်းဖြင့် အရန်မျိုးများ ပျိုးထောင်နိုင်ရေး၊ ပျိုးသက်နုဖြင့် စိုက်ပျိုးသည့် SRI နည်းစနစ် အသုံးပြုရေး၊ ရေလွှမ်း၍ ထိခိုက်သည့် စိုက်ခင်းများကို ပြန်လည်ရှင်သန်အောင်ရွက်ဖြန်းအားဆေးများ၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများ စနစ်တကျသုံးစွဲနိုင်ရေး တို့ကို ကြိုတင်အသိပညာပေးနေခြင်းဖြစ်သည်။



ထို့အပြင် ရေကြီးနစ်မြုပ်မှုမဖြစ်နိုင်သော စပါးစိုက်ခင်းများတွင်လည်း အထွက်နှုန်းတိုးတက်ရေးအတွက် ပညာပေးခြင်းလုပ်ငန်းများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်ကျော်မိုးနှင့် ဝန်ထမ်းများက ကျေးရွာများသို့ ကွင်းဆင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျောက်မဲမြို့၌ မိုင်းအန္တရာယ်အကြောင်း ပညာပေးဆွေးနွေး

**ကျောက်မဲ ဇွန် ၂၇**
ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲမြို့တွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)က ကြီးမှူး၍ မိုင်းအန္တရာယ်အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ကျောက်မဲမြို့ အမှတ်(၁)ရပ်ကွက်ရှိ သရက်တောဘုန်းတော်ကြီးကျောင်းတိုက်၌ ဇွန် ၂၆ ရက်က ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ရှမ်းပြည်နယ် လားရှိုးကိုယ်စားလှယ်ရုံးခွဲမှ ကွင်းဆင်းအရာရှိ ဦးကျော်သက်နိုင်က အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအကြောင်း သိကောင်းစရာများနှင့် နိုင်ငံတကာတွင် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ ကွင်းဆင်းအရာရှိ နန်းလောဝ်ဆွမ်းယွက်ဆိုင်က မိုင်းအန္တရာယ်အကြောင်း သိကောင်းစရာများနှင့် ရှမ်းပြည်နယ်အတွင်း ကော်မတီက ပြည်သူ့အကျိုးပြုဆောင်ရွက်ခဲ့သော လုပ်ငန်းများအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောက်မဲမြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲအပြီးတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအကြောင်း သိကောင်းစရာများ အသိပညာပေးသည့် စာအုပ်စာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ အဖွဲ့အနေဖြင့် ဇွန် ၂၇ ရက်နှင့် ၂၈ ရက်တွင်လည်း ကျောက်မဲမြို့နယ်အတွင်းရှိ ပရဟိတအဖွဲ့များနှင့် ယဉ်ကျေးမှုအဖွဲ့များမှ အဖွဲ့ဝင်များအား အခြေခံကြက်ခြေနီသင်တန်းကို ဆက်လက်ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ဆောမြို့၌ သက်ဆိုင်သူပေါင်းစုံပါဝင်သော လူထုဗဟိုပြုစီမံကိန်း သုံးသပ်ဆွေးနွေးပွဲကျင်းပ

**ဆော ဇွန် ၂၇**
မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းလုပ်ငန်းများနှင့် ပတ်သက်၍ မြို့နယ်အဆင့် သက်ဆိုင်သူ အဖွဲ့အစည်းပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲကို ဇွန် ၂၅ ရက်က ဆောမြို့ ယောမင်းကြီး ဦးဘိုးလှိုင်ခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်းက စီမံကိန်း၏ အနှစ်သာရများဖြစ်သည့် ပွင့်လင်းမြင်သာမှုရှိခြင်း၊ တာဝန်ယူမှု တာဝန်ခံမှုရှိခြင်း၊ ဝေဖန်အကြံပြု တိုင်ကြားရေးစနစ်ရှိခြင်း၊ ကျား-မရေးရာ တန်းတူညီမျှမှုရှိခြင်းနှင့် စုပေါင်းဆွေးနွေးဆုံးဖြတ်ခြင်း စသည့် အချက်များကြောင့် ကျေးရွာများတွင် လိုအပ်နေသည့် အခြေခံအဆောက်အအုံများ ရရှိရုံသာမက ကျေးရွာလူထု၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်လာအောင် ဆောင်ရွက်ပေးသည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးမျိုးအောင်က ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားလာစေရန် ကဏ္ဍအလိုက် ဆောင်ရွက်ခဲ့မှုများနှင့် ဆောမြို့နယ်အတွင်း စီမံကိန်းဒုတိယနှစ်စက်ဝန်းတွင် ထောက်ပံ့ငွေကျပ် ၁၄၀၈ သန်းဖြင့် ကျေးရွာပေါင်း ၁၁၇ ရွာ၌ လုပ်ငန်းခွဲပေါင်း ၁၁၉ ခု ဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက စီမံကိန်းလုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို အုပ်စုခွဲ၍ ဆွေးနွေးခြင်း၊ ဂျူရီအဖွဲ့များက အကဲဖြတ်အမှတ်ပေးခြင်းနှင့် ဆွေးနွေးချက်အကြောင်းအရာများကို ပြန်လည်တင်ပြခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

ဆောမြို့နယ်အတွင်း စီမံကိန်းဒုတိယနှစ်စက်ဝန်း ဆောင်ရွက်ခဲ့သော လုပ်ငန်းခွဲများမှာ လမ်း၊ တံတား၊ ရေမြောင်း၊ ရေကာ ၅၃ ခု၊ စာသင်ကျောင်း ၂၀ ခု၊ စုရပ်ဆောင်၊ စာကြည့်တိုက် ၁၉ ခု၊ ရေပေးရေးခုနစ်ခု၊ မီးလင်းရေး ၁၉ ခုတို့ဖြစ်ပြီး ကန်ထရိုက်စနစ်ဖြင့် လုပ်ငန်းလေးခု၊ လူထုလုပ်အားဖြင့် ၈၆ ခု၊ ကန်ထရိုက်နှင့် လူထုပူးပေါင်းမှု ၂၉ ခုတို့ဖြင့် ဆောင်ရွက်ခဲ့ကာ လက်ရှိအချိန်တွင် အဆိုပါလုပ်ငန်းများ ပြီးစီး၍ ကျေးလက်နေ လူဦးရေ ၆၀၀၀၀ ကျော်ကို အကျိုးပြုနေပြီဖြစ်ကြောင်း သိရသည်။ **သန်းနိုင်ဦး(ငဖဲ)**

## တောင်သူလယ်သမားဦးကြီးများသို့ အသိပေးကြေညာချက်

၁။ တိုင်းဒေသကြီး၊ ပြည်နယ်အချို့ရှိ မြို့နယ်များတွင် လယ်ယာမြေလုပ်ကိုင်ခွင့်ပြု (ပုံစံ-၇) မိတ္တူကို အာမခံရယူ၍ လယ် ၁ ဧကလျှင် ကျပ် ၅ သိန်း၊ ၁၀ သိန်းနှုန်းဖြင့် ချေးငွေထုတ်ပေးမည်ဟု ပုဂ္ဂလိကကုမ္ပဏီအချို့က တောင်သူများအား စည်းရုံးပြီး ငွေချေးယူရန် လျှောက်ထားသူတစ်ဦးလျှင် ကျပ် ၅၀၀၀၊ ၇၀၀၀၊ ၁၀၀၀၀ စသည်ဖြင့် ကော်မရှင်ခ၊ ကနဦး ထည့်ဝင်ကြေးများ ကောက်ခံလျက်ရှိကြောင်း သိရှိရပါသည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှု ကော်မတီ၏ ခွင့်ပြုချက်ရရှိသော လုပ်ငန်းများကိုသာ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေ အခန်း(၆) ပုဒ်မ ၂၀၊ ၂၁၊ ၂၂ တို့တွင်လည်း ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းများသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ ခွင့်ပြုချက်ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ချမှတ်သည့် စည်းကမ်းများနှင့်အညီသာ လုပ်ကိုင်ဆောင်ရွက်နိုင်သည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၄။ ကုမ္ပဏီအချို့မှ တိုင်းဒေသကြီး၊ ပြည်နယ်တွင် တောင်သူလယ်သမားကို အယုံ သွင်း၊ မက်လုံးပေး၍ ငွေချေးပေးမည်ဟု ပြောဆိုကာ လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇) မိတ္တူတောင်းခံပြီး ငွေကြေးကောက်ခံမှုများ ရှိနေသည့်အတွက် ၎င်းကုမ္ပဏီများအား သတ်မှတ်ချက်များအရ လုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုချက်မရှိဘဲ ငွေချေးလုပ်ငန်းကို လုပ်ကိုင်နေမှုကို သက်ဆိုင်ရာဌာနများက တည်ဆဲဥပဒေများအရ စိစစ်၍ အရေးယူဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၅။ သို့ဖြစ်ပါ၍ တောင်သူလယ်သမားဦးကြီးများအနေဖြင့် လိမ်ညာမှု မခံရစေရေး ဂရုပြုကြပါရန်နှင့် မိမိတို့ဒေသအတွင်း ငွေချေးလုပ်ငန်းလိုင်စင်မရှိသော ကုမ္ပဏီ၊ အဖွဲ့အစည်းများ ဝင်ရောက်စည်းရုံးလာပါက သက်ဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သတင်းပေးပို့ ဆောင်ရွက်ကြပါရန်၊ အသင်းဝင်ကြေး၊ ကနဦး ထည့်ဝင်ကြေးများ ပေးသွင်းထားပါကလည်း အဆိုပါ ကုမ္ပဏီများထံမှ အမြန်ပြန်လည်တောင်းခံကြပါရန် အသိပေးကြေညာအပ်ပါသည်။

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## သွေးလွန်တုပ်ကွေး အန္တရာယ်လက္ခဏာဂရုပြုပါ

**သွေးလွန်တုပ်ကွေးရောဂါ အန္တရာယ်ရှိသည့်လက္ခဏာများ**

(၁) ခန္ဓာကိုယ်တွင်းသွေးယိုထွက်သောလက္ခဏာများ
- အစာအိမ်နှင့် အူလမ်းကြောင်း သွေးယိုခြင်းကြောင့် ကော်ဖီရောင်၊ အညိုရောင်အရည်များ အန်ခြင်း၊ ဝမ်းမည်းမည်းသွားခြင်း၊
- အရေပြားသွေးယိုခြင်းကြောင့် သွေးခြည်ဥသကဲ့သို့ အနီကွက်များ ပေါ်လာခြင်း၊

(၂) သွေးလန့်သည့် လက္ခဏာများ
- ကိုယ်အပူချိန် ရုတ်တရက်ကျဆင်းသွားခြင်း (များသောအားဖြင့် စဖျား

သည့်နေ့မှ (၃)ရက်မြောက်တွင် ဖြစ်တတ်ပါသည်။)
- ခြေဖျား၊ လက်ဖျားများအလွန်အမင်းအေးစက်ခြင်း၊
- ရုတ်တရက် ဗိုက်အောင့်လာခြင်း၊
- အစာ၊ ရေ မဝင်နိုင်လောက်အောင် အဆက်မပြတ်အန်ခြင်း၊
- ဂနာမငြိမ်ဖြစ်ခြင်း(သို့) အလွန်မှိန်းလာခြင်း၊

**အန္တရာယ်ရှိသည့် လက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာဆေးရုံသို့ အမြန်ဆုံး သွားရောက်ပါရန် နှိုးဆော်အပ်ပါသည်။**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# လောင်းလုံးမြို့နယ်၌ ဝေါလ်ဗီရှင်(မြန်မာ)၏လုပ်ငန်းများ သုံးသပ်ဆွေးနွေးပွဲပြုလုပ်

**လောင်းလုံး ဇွန် ၂၆**
ဝေါလ်ဗီရှင်(မြန်မာ)က တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်၌ ၂၀၁၇ ဒီဇင်ဘာလမှ ၂၀၁၈ မေလအထိ ခြောက်လအတွင်း ရပ်ရွာလူထုနှင့် ကလေးများအတွက် ဆောင်ရွက်ခဲ့သော လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဖော်ထုတ်ဆွေးနွေးပွဲကို လောင်းလုံးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗထူးခန်းမ၌ ဇွန် ၂၆ ရက်က ပြုလုပ်ခဲ့သည်။

ဆွေးနွေးပွဲတွင် ဝေါလ်ဗီရှင် တနင်္သာရီဇုန်မှ တာဝန်ရှိသူများက မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်သူ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် မိတ်ဖက်အဖွဲ့အစည်းများ၊ ရပ်ကျေးအုပ်ချုပ်ရေးမှူးများ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဝေါလ်ဗီရှင်၏ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုဗျူဟာနှင့် ဒေသဖွံ့ဖြိုးရေးစီမံကိန်းများအကြောင်း၊ ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး လေ့လာဆန်းစစ်တွေ့ရှိချက်များ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့ကြသည်။ **စိုးထွန်း(ပြန်/ဆက်)**

# လျှပ်စစ်အန္တရာယ်ကင်းဝေးကြစေဖို့ အပိုင်း(၃)

**သိပ္ပံစာရေးဆရာကိုကိုအောင်**

(ယခင်တစ်ပတ်မှအဆက်)

**လျှပ်စစ်ထိန်းပင်မခလုတ်**

လျှပ်စစ်မီတာမှထွက်သော လျှပ်စစ်ဝိုင်ယာကြိုးများသည် Main Switch ခေါ် လျှပ်စစ်ထိန်း ပင်မခလုတ်သို့ ဝင်ရောက်ဆက်သွယ်ရမည်ဖြစ်သည်။ လျှပ်စစ်ထိန်း ပင်မခလုတ်သည် တစ်သွင်လျှပ်စစ်စနစ်တွင် နှစ်လိုင်းဖြတ်တောက်၍ သုံးသွင်လျှပ်စစ်စနစ်တွင် သုံးလိုင်း ဖြတ်တောက်ပေးသည်။ တစ်နည်းအားဖြင့် လျှပ်စစ်ထိန်း ပင်မခလုတ်သည် အဆောက်အအုံအတွင်းသွယ်တန်းထားသော လျှပ်စီးပတ်လမ်းကြောင်းအတွင်းရှိ လျှပ်စစ်ဓာတ်အားသုံးစွဲမှုစနစ် တစ်ခုလုံးကို ထိန်းချုပ်ထားသော ကိရိယာပင် ဖြစ်သည်။

အဆောက်အအုံအတွင်းရှိ လျှပ်စီးပတ်လမ်းကြောင်းနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းများကို ပြင်ဆင်ရန် လိုအပ်သည့်အခါ လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေရန်အတွက် လျှပ်စစ်ထိန်းပင်မခလုတ်ကို အသုံးပြု၍ လျှပ်စစ်စီးဆင်းမှုကို ဖြတ်တောက်ပေးထားရမည်ဖြစ်သည်။ နေအိမ်အဆောက်အအုံများတွင် အသုံးပြုမည့် လျှပ်စစ်ပစ္စည်းများ၏ လျှပ်စီးပမာဏအပေါ်မူတည်ပြီး ၁၅ အမ်ပီယာ၊ ၃၀ အမ်ပီယာ၊ ၆၀ အမ်ပီယာ စသည့် လျှပ်စီးပမာဏများကို နိုင်နင်းသော လျှပ်စစ်ထိန်းပင်မခလုတ်များကို အမျိုးမျိုး ရွေးချယ်သုံးစွဲနိုင်ကြသည်။

လျှပ်စစ်ထိန်း ပင်မခလုတ်များတွင် အတွင်းဘက်၌ မီးဖြတ်ခလုတ်မောင်းအပြင် ဒဏ်ခံကြိုးတပ်ဆင်သည့် Fuse Carrier ခေါ် ကြွေခံုများ တပ်ဆင်ပါရှိပြီး ယင်းကြွေခံုများပေါ်တွင် သုံးစွဲသည့် ဓာတ်အားပမာဏကိုလိုက်၍ အရွယ်အစားမှန်သည့် ဒဏ်ခံကြိုးကို တပ်ဆင်ထားပါက ဓာတ်အားသုံးစွဲမှုအလွန်အကျွံများပြားခြင်းနှင့် ရှော့(ခ်)ဖြစ်ခြင်းတို့ ဖြစ်ပေါ်ခဲ့လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပစ်လိုက်မည်ဖြစ်သည်။ ဤနေရာတွင် လျှပ်စစ်ထိန်း ပင်မခလုတ်က လျှပ်စီးပတ်လမ်းကြောင်းကို ဖြတ်တောက်ပေးလိုက်ခြင်းမဟုတ်ဘဲ ဒဏ်ခံကြိုး ပြတ်တောက်သွားခြင်းသာလျှင် ဖြစ်သည်။

ယခုအခါတွင်မူ Automatic Circuit Breaker ခေါ် အလိုအလျောက် လျှပ်စီးပတ်လမ်းဖြတ်တောက် ကိရိယာများကို တွင်ကျယ်စွာ အသုံးပြုနေကြပြီ ဖြစ်သည်။ အလိုလျောက် လျှပ်စီးပတ်လမ်းဖြတ်တောက် ကိရိယာများတွင် ဓာတ်အားသုံးစွဲမှုလွန်ကဲခြင်းနှင့် ရှော့(ခ်)ဖြစ်ခြင်းတို့အတွက် မောင်းတံများက အလိုအလျောက် ခလုတ်ဖြုတ်ချပေးကာ လျှပ်စီးပတ်လမ်းကြောင်းကို ဖြတ်တောက်ပေးလိမ့်မည် ဖြစ်သည်။

**မြေစိုက်ကြိုး**

လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်ဖြန့်ဖြူးရာတွင် ဓာတ်အားရရှိမှု တည်ငြိမ်စေရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းဝေးစေရန်အတွက် ပထဝီမြေဓာတ်ကို အသုံးချဆက်သွယ်ထားသည့် မြေစိုက်ကြိုးသည် အဆောက်အအုံတစ်ခု၏ လျှပ်စစ်သွယ်တန်းမှုတွင် မရှိမဖြစ်အရေးကြီးသော တပ်ဆင်မှု ပစ္စည်းတစ်ခုဖြစ်သည်။

အဆောက်အအုံနှင့် စက်ရုံအလုပ်ရုံများတွင် တပ်ဆင်ထားသော လျှပ်စစ်သုံးပစ္စည်းကိရိယာများအနက် လျှပ်စစ်ဓာတ်အား ဝင်ရောက်ဖြတ်သန်းရန် မလိုအပ်ဘဲ အဖုံးအအုပ်နှင့် အကာအကွယ်အဖြစ်လည်းကောင်း၊ သေတ္တာအဖြစ်လည်းကောင်း၊ ပြင်ပကိုယ်ထည်အဖြစ်လည်းကောင်း၊ အမာခံအဖြစ်လည်းကောင်း အသုံးပြုထားသည့် ပစ္စည်းများထဲတွင် သံ၊ သတ္တုစသည့် လျှပ်ကူးပစ္စည်းများဖြင့် ပြုလုပ်ထားသော ပစ္စည်းများသည် လျှပ်စီးပတ်လမ်းကြောင်းအတွင်း တစ်စုံတစ်ခုသော ချွတ်ယွင်းမှုကြောင့် လျှပ်စစ်ဓာတ်အား ပျံ့နှံ့နေခဲ့လျှင် ယင်းသို့ပျံ့နှံ့နေသော လျှပ်စစ်ဓာတ်ကို ပထဝီမြေကြီးအတွင်းသို့ စီးဝင်ရောက်ရှိသွားအောင် မြေစိုက်ကြိုးက လမ်းလွှဲပေးခြင်းအားဖြင့် ကိုင်တွယ်ထိမိသူတို့အား လျှပ်စစ်အန္တရာယ်မှ ကင်းဝေးစေသည်။

သို့ဖြစ်၍ လျှပ်စစ်သုံးပစ္စည်းများကို မြေဓာတ် ကောင်းစွာရရှိနေစေရန်အတွက် သီးခြားမြေမြှုပ်ကြိုးတစ်ခု ပြုလုပ်၍သော်လည်းကောင်း၊ ဓာတ်အားလိုင်းတိုင်များရှိ ကောင်းကင်မြေစိုက်ကြိုးနှင့် ဆက်သွယ်ပေးခြင်းဖြင့်သော်လည်းကောင်း ပြုလုပ်နိုင်သည်။ အကယ်၍ လူနေအဆောက်အအုံနှင့် စက်ရုံအလုပ်ရုံတို့တွင် သီးခြားမြေမြှုပ်ကြိုးပြုလုပ်ရန် အခက်အခဲရှိနေပါက ရေသွယ် ဂျီအိုင်ပိုက်များကို စနစ်တကျ အသုံးပြုနိုင်သည်။ ရေပိုက်များသည် မြေကြီးအောက်၌ ရှည်လျားစွာ သွယ်တန်းထားရှိခြင်းနှင့် ပိုက်အတွင်း ရေများ စီးဆင်းနေခြင်းကြောင့် ပထဝီမြေဓာတ်ကို ကောင်းစွာရရှိနေကြသည်။

သို့ရာတွင် ဂျီအိုင်ရေပိုက်များကို မြေစိုက်ကြိုးနှင့် ဆက်သွယ်တပ်ဆင်ရာတွင် ရေပိုက်လိုင်းပေါ်၌ ပိုက်ကလစ်ကို တပ်ဆင်၍ မြေစိုက်ကြိုးကို အဆိုပါပိုက်ကလစ်၌ တင်းကျပ်စွာ ဆက်သွယ်တပ်ဆင်ပေးထားရန် လိုအပ်ပေသည်။ ယင်းသို့မဟုတ်မူဘဲ မြေစိုက်ကြိုးကို ဂျီအိုင်ပိုက်တွင် ပူးကပ် ချည်နှောင်ထားခဲ့သည်ရှိသော် ကာလကြာသည့်အခါ မြေစိုက်ကြိုးနှင့် ရေပိုက်အကြားတွင် ကြေးညှိနှင့် သံချေးများ တက်လာပြီး မြေစိုက်ကြိုး၏ လျှပ်ခံမှုများလာလိမ့်မည်ဖြစ်သည်။

ဤသို့ဖြစ်လာခဲ့လျှင် ဒဏ်ခံကြိုးများနှင့် အလိုအလျောက် လျှပ်စီးပတ်လမ်းကြောင်း ဖြတ်တောက်ကိရိယာများ ပုံမှန်အလုပ်လုပ်နိုင်ရန် လုံလောက်သည့်အင်အားရှိသော လျှပ်စီးပမာဏ စီးဆင်းနိုင်တော့မည်မဟုတ်သည့်အတွက် မြေစိုက်ကြိုးနှင့်ဆက်သွယ်ထားသော လျှပ်စစ်ပစ္စည်း၏ ကိုယ်ထည်ကို ကိုင်တွယ်ထိမိသူများအဖို့ ထိခိုက်မှုအန္တရာယ် ဖြစ်ပေါ်နိုင်သည်။ ထို့ပြင် လျှပ်စစ်ဓာတ်အား ယိုစီးပျောက်ဆုံးမှုများလည်း ဖြစ်ပေါ်လာလိမ့်မည်ဖြစ်သည်။

မြေကြီးထဲတွင် မြှုပ်နှံထားခြင်းမရှိဘဲ မြေပေါ်တွင်သာ ဆက်သွယ်ထားရှိသော ဂျီအိုင်ရေပိုက်လိုင်းများကိုမူ မြေစိုက်ကြိုးအဖြစ် သုံးစွဲရန် မသင့်ပေ။ အကယ်၍ မြေမြှုပ်ထားသော



ဂျီအိုင်ရေသွယ်ပိုက်လိုင်း မရှိခဲ့လျှင် ၀ ဒသမ ၇၅ လက်မ အရွယ်(သုံးမတ်) ဂျီအိုင်ပိုက်ကို ခုနှစ်ပေခန့် ဖြတ်တောက်၍ တစ်နှစ်ပတ်လုံးစွတ်စိုနေသည့် နေရာမျိုး၌ မြေကြီးထဲသို့ ရိုက်သွင်းပြီး မြေစိုက်ကြိုးနှင့် စနစ်တကျ ဆက်သွယ်ကာ အသုံးပြုနိုင်သည်။

**လျှပ်စစ်ပစ္စည်းများ**

အဆောက်အအုံအတွင်း အသုံးပြုမည့် လျှပ်စစ်ပစ္စည်းများမှာ မီးသီး၊ မီးချောင်း၊ ခလုတ်၊ ပလပ်၊ မီးခေါင်းစသည့် အခြေခံပစ္စည်းများမှသည် ရေစုပ်မော်တာ၊ လျှပ်စစ်မီးဖို၊ လျှပ်စစ်ထမင်းပေါင်းအိုး၊ လျှပ်စစ်မီးပူ၊ ပန်ကာ၊ လေအေးပေးစက်၊ ရုပ်/သံဖမ်းစက်နှင့် ဖွင့်စက်၊ လုပ်ငန်းသုံးမော်တာကြီးများ စသည်တို့အထိ ပါဝင်နိုင်သည်။

အဆိုပါ ပစ္စည်းများကို တပ်ဆင်သွယ်တန်းရာ၌ I =V/R နှင့် W = V x I ဆက်စပ်မှု ညီမျှခြင်းများကို အသုံးပြု၍ တပ်ဆင်လိုသော ပစ္စည်းတစ်ခုချင်းအလိုက် လျှပ်စီးအင်အား(I)၊ လျှပ်စစ်စွမ်းအား(W)၊ လျှပ်စစ်ဖိအား(V)နှင့် လျှပ်ခံမှု(R) စသည်တို့ကို စနစ်တကျတွက်ချက်ကာ ယင်းတွက်ချက်မှုအရ ခံနိုင်ရည်ကောင်းစွာရှိသော လျှပ်စစ်ဝိုင်ယာကြိုးနှင့် လျှပ်စစ်ဆိုင်ရာ ပစ္စည်းများကိုသာ တပ်ဆင်ကြရမည်ဖြစ်သည်။

စနစ်တကျ မှန်ကန်စွာတွက်ချက်၍ တပ်ဆင် သွယ်တန်းထားသော လျှပ်စစ်ဆက်သွယ်မှုသည်သာလျှင် လျှပ်စစ်အန္တရာယ်မှ ကင်းဝေးကာ စိတ်ချရမည်ဖြစ်သည်။ ဤကဲ့သို့ မှန်ကန်စွာတွက်ချက်နိုင်ရန်အတွက် အရေးကြီးသောအချက်မှာ မိမိတို့သုံးစွဲလိုသည့် လျှပ်စစ်ပစ္စည်းပေါ်တွင် ရေးသားဖော်ပြထားသော လျှပ်စစ်စွမ်းအား၊ လျှပ်စီးအင်အား၊ လျှပ်ခံမှုအင်အား စသည်တို့ကို ဖတ်ရှုမှတ်သားကြရန်ဖြစ်သည်။

ဤနေရာတွင် လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ကြသော ကုမ္ပဏီနှင့် စက်ရုံအချို့တို့သည် မိမိတို့ ထုတ်လုပ်အပ်သော လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်သုံး ပစ္စည်းများပေါ်တွင် လျှပ်စစ်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို မှန်ကန်စွာ ဖော်ပြထားခြင်းမရှိကြသည်ကို သတိပြုကြရန် လိုအပ်သည်။ ထုတ်လုပ်မှု နည်းပညာ နိမ့်ကျခြင်း၊ ထုတ်လုပ်မှု စရိတ်စကကို ချွေတာခြင်း၊ ကုန်ကြမ်းအရည်အသွေးကို စစ်ဆေးထိန်းချုပ်မှု မရှိခြင်းနှင့် အကျိုးအမြတ်များများ ရရှိလိုခြင်း စသည်တို့ကြောင့် ထွက်ရှိလာသော လျှပ်စစ်ဆိုင်ရာ ပစ္စည်းများမှာ အရည်အသွေး ညံ့ဖျင်းနိမ့်ကျလွန်းနေသည်ကို တွေ့ရှိနိုင်သည်။

လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်သုံးပစ္စည်းများအတွက် အန္တရာယ်ကင်းသော ခံနိုင်ရည်အားကို တွက်ချက်ရာတွင် ယင်းကဲ့သို့ အရည်အသွေးနိမ့်ကျပြီး စံမမီသော ပစ္စည်းများဖြင့် တွက်ချက်ကာ တပ်ဆင်သုံးစွဲလျှင် မှန်ကန်မှုရှိနိုင်မည် မဟုတ်ပေ။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း**

လျှပ်စစ်ဓာတ်အားကို လျှပ်ထုတ်စက်များအား လည်ပတ်စေခြင်းဖြင့် ထုတ်လုပ်ရရှိနိုင်သည်။ လျှပ်ထုတ်စက်များကို ဒီဇယ်၊ ဓာတ်ဆီ၊ ရေနံဆီ စသော ရုပ်ကြွင်းလောင်စာများ အသုံးပြုသည့် အင်ဂျင်စက်များနှင့် တွဲဖက်၍ဖြစ်စေ၊ ထင်း၊ မီးသွေး၊ ဖွဲ၊ မီးထိုးဆီ၊ သဘာဝဓာတ်ငွေ့ စသည်တို့ကို လောင်ကျွမ်းစေပြီး ယင်းတို့မှ ထွက်ရှိလာသည့် အပူဓာတ်ဖြင့် ရေကို ဆူပွက်စေ၍ တစ်ဖန် ရေမှထွက်ပေါ်လာသော ရေနွေးငွေ့အားကို အသုံးပြုကာ လည်ပတ်သော ရေနွေးငွေ့တာဘိုင်များနှင့် တွဲဖက်၍ဖြစ်စေ၊ လှည့်အားထုတ်ပေးသော Prime Mover နှင့် တွဲဖက်၍ဖြစ်စေ လျင်မြန်စွာ လှည့်ပေးခြင်းဖြင့် လျှပ်ထုတ်စက်များအတွင်းမှ လျှပ်စစ်တွန်းအား၊ တစ်နည်းဆိုရသော် လျှပ်စစ်ဖိအားတစ်ရပ် ထွက်ပေါ်လာမည်ဖြစ်သည်။ မျက်မှောက်ကာလ၌မူ နောက်ဆုံးပေါ် နည်းလမ်းများအဖြစ် လျှပ်စစ်ဓာတ်အားကို နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်များ၊ ဘူမိအပူစွမ်းအင်သုံး ဓာတ်အားပေးစက်များ၊ ဒီရေလှိုင်းစွမ်းအင်သုံး ဓာတ်အားပေးစက်များ၊ လေစွမ်းအင်သုံး ဓာတ်အားပေးစက်များ၊ နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်များ စသည်တို့မှလည်း ထုတ်လုပ်လျက်ရှိနေကြသည်။

သိပ္ပံဆိုင်ရာ သုတေသနပြုချက်များအရ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရယူနိုင်သော နည်းလမ်းအမြောက်အမြားကို တွေ့ရှိထားကြပြီးဖြစ်သော်လည်း လျှပ်စစ်သံလိုက်ဓာတ်ကို အသုံးပြုသော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရယူခြင်းသည်သာလျှင် အင်အားပမာဏ ကြီးမားစွာ ရရှိနိုင်ကြောင်းကို သိရှိထားကြခြင်းကြောင့် အဆိုပါ နည်းလမ်းကိုသာလျှင် အများဆုံး အသုံးပြုလျက်ရှိနေကြသည်။

လျှပ်စစ်သံလိုက်ဓာတ်၏ အခြေခံသဘောတရားမှာ သံလိုက်စက်ကွင်းနယ်မြေတစ်ရပ် ဖြစ်ပေါ်စေရန် ဖန်တီးပြုလုပ်ပြီး လျှပ်ကူးဝါယာတစ်ချောင်းကို ထိုစက်ကွင်းနယ်မြေအတွင်း၌ အဆက်မပြတ် ရွေ့လျားနေစေခြင်းဖြင့် လျှပ်ကူးဝါယာ၏ အစွန်းနှစ်ဖက်ကြားတွင် လျှပ်စစ်တွန်းအားတစ်ရပ် ညှို့ဝင်ဖြစ်ပေါ်လာခြင်းပင်ဖြစ်သည်။

ထိုသို့ ပြုလုပ်ပေးခြင်းကြောင့် ဖြစ်ပေါ်လာသော လျှပ်စစ်တွန်းအား၏ အတိုင်းအတာပမာဏမှာ အောက်ပါအချက်တို့အပေါ်၌ အဓိကအားဖြင့် တည်မှီလျက်ရှိနေသည်။

(၁) သံလိုက်စက်ကွင်း နယ်မြေအတွင်း၌ ဖြစ်ပေါ်နေသော သံလိုက်အားလိုင်းတို့၏ သိပ်သည်းမှု အနည်းအများ

(၂) လျှပ်ကူးဝိုင်ယာ၏ အလျား အတိုအရှည်

(၃) လျှပ်ကူးဝိုင်ယာ၏ ရွေ့လျားမှုနှုန်း

ယင်းကို သင်္ချာနည်းအားဖြင့် e = Blu ဟု ဖော်ပြနိုင်သည်။ အဆိုပါ ညီမျှခြင်းတွင် e မှာ လျှပ်ကူးဝိုင်ယာအတွင်း ညှို့ဝင်ဖြစ်ပေါ်လာသော လျှပ်စစ်တွန်းအား ပမာဏဖြစ်ပြီး B မှာ သံလိုက်လိုင်းသိပ်သည်းမှု ဖြစ်သည်။ l မှာ လျှပ်ကူးဝိုင်ယာ၏ အလျားဖြစ်ပြီး u မှာ လျှပ်ကူးဝိုင်ယာ၏ ရွေ့လျားနှုန်းဖြစ်သည်။

အထက်ပါ သင်္ချာညီမျှခြင်းကို လေ့လာကြည့်လျှင် ညှို့ဝင်ဖြစ်ပေါ်လာသည့် လျှပ်စစ်တွန်းအားပမာဏသည် သံလိုက်လိုင်း သိပ်သည်းမှုကောင်းလေ မြင့်မားလေဖြစ်ကြောင်း သိရှိနိုင်သည်။ ထိုနည်းတူ လျှပ်ကူးဝိုင်ယာ၏အလျား ရှည်လေ လျှပ်စစ်တွန်းအားပမာဏ မြင့်မားလေ ဖြစ်သလို လျှပ်ကူးဝိုင်ယာ၏ ရွေ့လျားမှုနှုန်းမြန်လေ လျှပ်စစ်တွန်းအားပမာဏ မြင့်မားလေ ဖြစ်ကြောင်းကိုလည်း တွေ့ရှိ နိုင်သည်။ ဤကဲ့သို့ သံလိုက်နည်းဖြင့် လျှပ်စစ်ဓာတ်အား ညှို့ဝင်ဖြစ်ပေါ်စေသည့် သဘောတရားကို အခြေခံကာ လျှပ်ထုတ်စက်များကို တည်ဆောက်ထားကြခြင်းဖြစ်သည်။



**“အရေးကြီးသောအချက်မှာ မိမိတို့သုံးစွဲလိုသည့် လျှပ်စစ်ပစ္စည်းပေါ်တွင် ရေးသားဖော်ပြထားသော လျှပ်စစ်စွမ်းအား၊ လျှပ်စီးအင်အား၊ လျှပ်ခံမှုအင်အား စသည်တို့ကို ဖတ်ရှုမှတ်သားကြရန်ဖြစ်သည်။ ဤနေရာတွင် လျှပ်စစ်ပစ္စည်းများကို ထုတ်လုပ်ကြသော ကုမ္ပဏီနှင့် စက်ရုံအချို့တို့သည် မိမိတို့ထုတ်လုပ်အပ်သော လျှပ်စစ်ပစ္စည်းများနှင့် လျှပ်စစ်သုံးပစ္စည်းများပေါ်တွင် လျှပ်စစ်ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို မှန်ကန်စွာ ဖော်ပြထားခြင်းမရှိကြသည်ကို သတိပြုကြရန် လိုအပ်သည်”**

(ဆက်လက်ဖော်ပြပါမည်)

# ပုသိမ်ခရိုင်အတွင်းရှိ ရေကာတာများ ပြုပြင်ထိန်းသိမ်းရေး ကြိုတင်ဆောင်ရွက်ထား

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင်အတွင်း သာပေါင်းမြို့နယ်နှင့် ရေကြည်မြို့နယ်ရှိ ဝေန်ရေကာတာ စုစုပေါင်းတာမိုင်အရှည် ၃၆ မိုင် ၇ ဖာလုံမှ လိုအပ်သောနေရာများ၌ ရေကာတာပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ယခုနှစ် မိုးရာသီမတိုင်မီ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ရာ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ တာတမံထိန်းသိမ်းပြုပြင်ခြင်း၊ ဌာနရေကင်းများ၌ အရေးပေါ်တာတမံပြင်ဆင်ရေးလုပ်ငန်းသုံးပစ္စည်းများ ထားရှိခြင်းနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ခရိုင်အတွင်းရေကာတာတစ်လျှောက် ရေဘေးကာကွယ်ရေး ဆောင်ရွက်ထားမှုများကို တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဖြိုးမြင့်၊ ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဌေးတို့ ဦးဆောင်သော သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ဇွန် ၂၅ ရက်က လှည့်လည်စစ်ဆေးခဲ့သည်။

သာပေါင်းမြို့နယ်အတွင်း ဝေန်ရေကာတာ မိုင်အရှည် စုစုပေါင်း ၁၄ မိုင် ၇ ဖာလုံ၌ ယခုနှစ် မိုးရာသီကာလမတိုင်မီ တာမိုင် (၆၇/၀)မှ (၇၅/၇)အထိ ရေကာတာပြုပြင်မွမ်းမံမှု ၈ မိုင် ၇ ဖာလုံ ပြီးစီးခဲ့ပြီး ဘုမ္မဲဇာ၊ ကမ္ဘာ့၊ သစ်ပုတ်ကုန်း၊ လိန်ကုန်း အစရှိသည့် တာမိုင်များအလိုက် ဌာနရေကင်းများ ဆောင်ရွက်ထားမှု၊ ရေဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှု၊ အရေးပေါ်ရေကာတာပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းသုံးပစ္စည်းများ ကြိုတင်စုဆောင်းထားရှိမှု၊ တာတမံဥပဒေနှင့် ပြုပြင်ထိန်းသိမ်းနည်းပညာပေးကြေညာချက်များ ထုတ်ပြန်ထားရှိမှု၊ ရေဘေးကြိုတင်ကာကွယ်ရေးအတွက် ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်မှုများနှင့် ရေကာတာ မြေသားအသစ်များ၌ ဖြစ်ပေါ်တတ်သော မိုးရေစွတ်ကြောင်းများအား ပြုပြင်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လှည့်လည်စစ်ဆေးခဲ့ကြခြင်းဖြစ်သည်။

ဆက်လက်၍ တာဝန်ရှိသူများသည် ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ရှိ ဝေန်ရေကာတာ၌ တာတမံပြုပြင်ထိန်းသိမ်းခြင်း ဆောင်ရွက်ထားမှု အခြေအနေနှင့် ဒေါင့်ကြီး၊ ဗောဓိကုန်း၊ ဘွဲ့ငူ၊ မကျီးလဟာ ရေကင်းများ၌ အလားတူ လုပ်ငန်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးအတွင်း တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ၊ ပြည်ထောင်စုဘတ်ဂျက် ရန်ပုံငွေများဖြင့် ယခုနှစ် မိုးရာသီမတိုင်မီ ခရိုင်အတွင်းရှိ ဝေန်ရေကာတာ၌ ပြုပြင်မွမ်းမံရန် လိုအပ်လျက်ရှိသောနေရာများ၌ အချိန်မီ ဆောင်ရွက်ပြီးစီးခဲ့ပြီဖြစ်ရာ လက်ရှိအချိန်တွင် ခရိုင်အတွင်းရှိမြို့နယ်များ၌ ဝေန်မြစ်ရေသည် စိုးရိမ်ရေအမှတ်အောက်တွင်သာ ရောက်ရှိနေသော်လည်း ဌာနအနေဖြင့် ရေကာတာများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် ပြည်သူများ ရေဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကိုလည်း သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ကျယ်ကျယ်ပြန့်ပြန့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဌေးက ပြောကြားသည်။ **သတင်းဆောင်းပါး - စိုးမင်းဦး(ပြန်/ဆက်)**



**ပြုပြင်မှုများဆောင်ရွက်ထားပြီးသော ဝေန်ရေကာတာ တာပေါင်တစ်နေရာ။**

# ဘူတန်နိုင်ငံ သစ်တောဌာနညွှန်ချုပ်နှင့်အဖွဲ့ ကျောက်မဆင်သစ်တောကြိုးဝိုင်းသို့ လာရောက်လေ့လာ

**ရေတာရှည် ဇွန် ၂၇**

မြန်မာနိုင်ငံနှင့် ဘူတန်နိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာ တောင်တန်းဒေသဖွံ့ဖြိုးတိုးတက်ရေး ဗဟိုဌာန (ICIMOD)၏ (REDD+)Himalaya Initiative တွင် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် ရေရှည်တည်တန့်သော သစ်တောများ စီမံအုပ်ချုပ်လုပ်ကိုင်မှုများနှင့် (REDD+)လုပ်ငန်း ဆောင်ရွက်နေမှုများကို လေ့လာနိုင်ရန် ဘူတန်သစ်တောဌာနမှ ညွှန်ကြားရေးမှူးချုပ် Lobzang Dorji နှင့် အဖွဲ့ဝင်များက ဇွန် ၂၆ ရက်က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းသို့ လာရောက်လေ့လာခဲ့ကြောင်း သိရသည်။

ဘူတန်သစ်တောဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် နေပြည်တော်ရေဆင်းသစ်တောသုတေသနဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာယုယအေး၊ ဦးစီးအရာရှိ ဒေါက်တာဇာခြည်လှိုင်တို့နှင့်အတူ ဇွန် ၂၆ ရက်က ရေတာရှည်မြို့နယ်ရှိ ကျောက်မဆင်သစ်တောကြိုးဝိုင်း အကွက်အမှတ်(၂၀)၌ သစ်တောများ ထိန်းသိမ်းစောက်ရှောက်ထားသည့် လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့ရာ လက်ထောက်ညွှန်ကြားရေးမှူးနှင့် မြို့နယ်သစ်တောဦးစီးအရာရှိ ဦးကျော်ဆန်းမိုးတို့က မတူညီသော မြေအနေအထားအမျိုးမျိုးတွင် ပေါက်ရောက်နေသည့် သစ်ပင်အမျိုးအစားများကို ထိန်းသိမ်းဆောင်ရွက်ထားမှု၊ ရေရှည်အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် အစီအမံများကို ရှင်းပြခဲ့ပြီး ဘူတန်သစ်တောညွှန်ချုပ်နှင့် အဖွဲ့ဝင်များကလည်း ပြန်လည်မေးမြန်းဆွေးနွေးခဲ့သည်။ ထို့မှတစ်ဆင့် ရိုးမဖြတ်ကျော်ကားလမ်း မိုင်တိုင်(၄၇)ရှိ သစ်တောဦးစီးဌာန ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ပြီး ကျွန်း၊ ပိတောက်၊ မဟော်ဂနီ၊ ငုရွှေဝါ၊ ယင်းမာ၊ လျှော်ဖြူ၊ စန္ဒကူး သစ်ပျိုးပင်များကို အမှတ်တရ စုပေါင်းစိုက်ပျိုးခဲ့သည်။



ထို့နောက် ဘူတန်သစ်တောဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့သည် ရိုးမဖြတ်ကျော်ကားလမ်းအတိုင်း ပြန်လည်ထွက်ခွာလာခဲ့ရာ ၁၀ မိုင် ဖိုးကျားအပန်းဖြေဆင်စခန်းသို့ မွန်းလွဲ ၁ နာရီခွဲတွင် ရောက်ရှိခဲ့ပြီး တောင်ငူခရိုင် မြန်မာ့သစ်လုပ်ငန်း မန်နေဂျာ ဦးကျော်ဇင်နှင့် ဝန်ထမ်းများက ဆင်သရုပ်ပြကွင်း၌ ဆင်ပြကွက်များဖြင့် ဧည့်ခံပြသခဲ့သည်။ ဘူတန်သစ်တောညွှန်ချုပ်နှင့်အဖွဲ့သည် မြန်မာနိုင်ငံအတွင်းရှိ သစ်တောလုပ်ငန်းများကို ဇူလိုင် ၂ ရက်အထိ လေ့လာသွားမည်ဖြစ်ကာ ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် ဝန်းကျင်ဒေသများကိုလည်း ဆက်လက်သွားရောက်မည်ဖြစ်ကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

# နေပြည်တော်မှ အောင်ချက်မြင့်ကျောင်းများအား နေပြည်တော်ကောင်စီက ဆုများချီးမြှင့်

**နေပြည်တော် ဇွန် ၂၇**

၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းမှ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်မြင့်မားသည့် အခြေခံပညာအထက်တန်းကျောင်းများအား ဆုချီးမြှင့်ပွဲကို ဇွန် ၂၀ ရက်က နေပြည်တော်ရှိ MICC-2 ခန်းမ(၂)၌ ကျင်းပခဲ့သည်။ ဆုချီးမြှင့်ပွဲတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က အမှာစကားပြောကြားကာ ထူးချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများနှင့် အောင်ချက်မြင့်မားသော အစိုးရအခြေခံပညာအထက်တန်းကျောင်းများ၊ ကိုယ်ပိုင်အထက်တန်းကျောင်းများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီဝင်များက ဆုများချီးမြှင့်ခဲ့ကြသည်။

၂၀၁၇-၂၀၁၈ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် နေပြည်တော်ကောင်စီနယ်မြေ၏ အောင်ချက်ရာခိုင်နှုန်းမှာ ၃၃ ဒသမ ၀၅ ရှိကာ ခြောက်ဘာသာဂုဏ်ထူးရှင် ၂၅ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၇၁ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၉၆ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၂၅ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၇၆ ဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၅၀၁ ဦး အသီးသီးဂုဏ်ထူးရရှိခဲ့ကြကြောင်း၊ စာမေးပွဲအောင်မြင်သူများအနက် ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းမှ မောင်လင်းထက်စိုးသည် ဝိပ္ပံဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အဆင့်(၅)ဖြင့် အောင်မြင်ကာ မောင်ကျော်ဝေယံဖြိုးကလည်း ဝိပ္ပံဘာသာတွဲတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံး အဆင့်(၆)ဖြင့် အောင်မြင်ခဲ့ကြောင်း သိရသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း အောင်ချက်မြင့်မားဆုံးကျောင်းများအနေဖြင့် CAE ကိုယ်ပိုင်အထက်တန်းကျောင်းက ဝင်ရောက်ဖြေဆိုသူ ၃၂၃ ဦးအနက် ၃၁၄ ဦး အောင်မြင်၍ အောင်ချက်ရာခိုင်နှုန်း ၉၇ ဒသမ ၂၁ ရာခိုင်နှုန်းဖြင့် ပထမ၊ မဟာပညာ ကိုယ်ပိုင်အထက်တန်းကျောင်းက ဝင်ရောက်ဖြေဆိုသူ ၃၀၆ ဦးနက် ၂၇၂ ဦး အောင်မြင်ပြီး အောင်ချက်ရာခိုင်နှုန်း ၈၈ ဒသမ ၈၉ ဖြင့် ဒုတိယနှင့် ပညာပန်းတိုင် ကိုယ်ပိုင်အထက်တန်းကျောင်းက ဖြေဆိုသူ ၄၀၃ ဦးအနက် အောင်မြင်သူ ၃၁၉ ဦးရှိ၍ အောင်ချက်ရာခိုင်နှုန်း ၈၁ ဒသမ ၁၇ ဖြင့် တတိယရရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ထန်တလန်မြို့၌ အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေးစီမံကိန်းဆိုင်ရာများ ဆွေးနွေး

**ထန်တလန် ဇွန် ၂၇**

ချင်းပြည်နယ် ထန်တလန်မြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေး အစီအစဉ်ဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ပေါင်းစုလုပ်အားအကူအညီပေးရေးအဖွဲ့ (Network Activities Group-NAG)တို့ ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ချင်းပြည်နယ် အသက်မွေးဝမ်းကျောင်း ပြန်လည်ထူထောင်ရေး အရေးပေါ်ထောက်ပံ့မှုစီမံကိန်း၏ သုံးလပတ်လုပ်ငန်းများ ဆွေးနွေးတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနများ၏ အကြံပေးဆွေးနွေးမှုများ ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က ထန်တလန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစွမ်းထက်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးလျန်ကျင့်ခိုင်တို့က အမှာစကားပြောကြားကြပြီးနောက် NAG မှ တာဝန်ရှိသူများက ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ NAG အနေဖြင့် စီမံကိန်း ဒုတိယသုံးလပတ်ဖြစ်သည့် မတ်၊ ဧပြီနှင့် မေလအတွင်း သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဆိုင်ရာ အသိပညာပေးခြင်းကို ထန်တလန်မြို့နယ်အတွင်း ကျေးရွာပေါင်း ၂၂ ရွာတို့၌ ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ဆောင်ရွက်ရန် ကျေးရွာ ၁၈ ရွာ ကျန်ရှိကြောင်းနှင့် စီမံချက်ကာလမှာ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ အထိဖြစ်ကြောင်း သိရသည်။

သဘာဝဘေးများနှင့်ပတ်သက်၍ အသိပညာပေးရာတွင် လေပြင်းဘေး၊ မီးဘေး၊ မြေပြိုမှု၊ လေဘေး၊ ရေဘေး၊ မိုးကြိုးဘေးစသည့် သဘာဝဘေးဆိုင်ရာများကို ကျေးလက်နေပြည်သူများနှင့် အပြန်အလှန်ဆွေးနွေးကြပြီး ကျေးရွာအုပ်စုတစ်ခုစီတွင် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ(DRM Committee)များ ဖွဲ့စည်းပေးနိုင်ခဲ့ကြောင်း၊ ယင်းကော်မတီများတွင် နာယကအဖွဲ့၊ ရှေးဦးသူနာပြုအဖွဲ့၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ သတင်းရယူဖြန့်ဖြူးရေးအဖွဲ့၊ ခိုလှုံနေရာ စီမံခန့်ခွဲမှုအဖွဲ့၊ အစားအစာနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအဖွဲ့စသည်ဖြင့် ပါဝင်ဖွဲ့စည်းပေးခဲ့ကြောင်းလည်း တာဝန်ရှိသူများ၏ ရှင်းလင်းပြောကြားချက်များအရ သိရသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက သဘာဝဘေးအန္တရာယ်လျှော့ချနိုင်ရေးအတွက် NAG အဖွဲ့၏ ဆောင်ရွက်ချက်များအပေါ် ကျေးဇူးတင်ရှိကြောင်း၊ ကျေးရွာများတွင်သာမက မြို့ပေါ်ရပ်ကွက်များတွင်လည်း ဆက်လက်ဆောင်ရွက်ပေးစေလိုကြောင်းနှင့် မိမိတို့ ဌာနဆိုင်ရာများအနေဖြင့်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**







**ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် ရွှေမင်းဖုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း(ခွဲ)မှ ကျောင်းသားကျောင်းသူများအတွက် တရုတ်နိုင်ငံ ဆင်းရဲမွဲတေမှုလျှော့ချရေးအသင်းမှ လှူဒါန်းသောလွယ်အိတ်နှင့် စာရေးကိရိယာပစ္စည်းများကို အဆိုပါအသင်း၏ကိုယ်စား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်နှင့်အဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူ ၃၃ ဦးထံသို့ ဇွန် ၂၆ ရက်က သွားရောက်ပေးအပ်စဉ်။** မြို့နယ်(ပြန်/ဆက်)

# မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်၌ တရားမဝင် ကုန်စည်သယ်ဆောင်မှု လျှော့နည်းကျဆင်းရေးဆွေးနွေး


မူဆယ်မြို့နယ်ရှိ မိုင်းယု ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်

**မူဆယ် ဇွန် ၂၇**
ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ်အတွင်း၌ ကုန်ပစ္စည်းများ တရားမဝင်သယ်ဆောင်မှု လျှော့နည်းကျဆင်းရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၂၆ ရက်က မိုင်းယု (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲတွင် ကုန်သွယ်ရေးဇုန် ဒုတိယညွှန်ကြားရေးမှူး ဦးစိုးဝင်းမောင်က ကုန်သွယ်မှုလုပ်ငန်းပိုင်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးမြင့်အောင်က တရားမဝင် ဖြတ်သန်းသွားလာလျက်ရှိသော ကုန်ပစ္စည်းများဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း၊ ၁၀၅ မိုင်ကုန်သွယ်ရေးဇုန် တာဝန်ခံ (OSS) မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးဦးအုန်းဟန်ဦးက ရဲလုပ်ထုံးလုပ်နည်းနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ပြည်တွင်းအခွန်ဦးစီးအရာရှိ ဒေါ်ဒီလွမ်းနော က အခွန်ကိစ္စနှင့်ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသော မူဆယ်မြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေးကော်မတီမှ တာဝန်ရှိသူများနှင့် ယာဉ်ပိုင်ရှင်၊ ဂိတ်ပိုင်ရှင်များက မိမိတို့တွေ့ကြုံနေရသည့် အခက်အခဲများကို ဆွေးနွေးတင်ပြခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ ကုန်သွယ်ရေးဇုန်မှ ဒုတိယညွှန်ကြားရေးမှူးက ပြန်လည်ဆွေးနွေးပြီး သိရှိလိုသည်များကို ဖြေကြားပေးခဲ့သည်။

အဆိုပါဆွေးနွေးပွဲသို့ ကုန်သွယ်ရေးဇုန်မှတာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ၊ မြို့နယ် ပြည်တွင်းအခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့် မြို့နယ်အတွင်းရှိ ကားဂိတ်ပေါင်း (၄၆) ဂိတ်မှ တာဝန်ခံများ၊ ယာဉ်ပိုင်ရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**သန့်ဇင်(မူဆယ်)**

## ကမ်းပြို၍ ပြောင်းရွှေ့ရသည့် ပွင့်ဖြူမြို့နယ်မှ အိမ်ထောင်စုများအား ထောက်ပံ့

**ပွင့်ဖြူ ဇွန် ၂၇**
မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇွန် ၁၆ ရက်မှ ၁၉ ရက်အတွင်း ရေဝတီမြစ်ကမ်းပါးနှင့် မုန်းချောင်းကမ်းပါး ပြိုကျမှုများ ဖြစ်ခဲ့ကာ အိမ်ထောင်စုအချို့မှာ ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ အဆိုပါ ပြောင်းရွှေ့အိမ်ထောင်စုများမှ ပြည်သူများအား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လူသားချင်းစာနာထောက်ထားမှုအနေဖြင့် အိမ်ဆောက်ပစ္စည်း၊ ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၂၆ ရက်က ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမ၌ ကျင်းပခဲ့သည်။

ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်ပွဲတွင် ပွင့်ဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဆန်းနှင့် ပွင့်ဖြူမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းရွှေတို့က ပွင့်ဖြူမြို့နယ်အတွင်း သဘာဝဘေးအန္တရာယ်ဖြစ်မှုကြောင့် ပြည်သူများ ဘေးဒုက္ခကြုံတွေ့နေရမှုအပေါ် နိုင်ငံတော်မှ လူသားချင်းစာနာထောက်ထားမှုအနေဖြင့် ထောက်ပံ့ငွေနှင့် ကယ်ဆယ်ရေးပစ္စည်းများ တတ်နိုင်သမျှ ကူညီပံ့ပိုးပေးလျက်ရှိကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ဇွန် ၁၆ ရက်မှ ၁၉ ရက်အထိ ရေဝတီမြစ်ကမ်းပါးပြိုကျခြင်းနှင့် မုန်းချောင်းကမ်းပါးပြိုကျခြင်းတို့ကြောင့် အိမ်များပြောင်းရွှေ့ခဲ့ရသည့် ရွှေလေ့ကျေးရွာမှ အိမ်ထောင်စု နှစ်စု၊ ရွာထောင်ကျေးရွာမှ အိမ်ထောင်စု ၂၀၊ ရိုးကုန်းကျေးရွာမှ အိမ်ထောင်စု လေးစု၊ ဂါတ်ကုန်းကျေးရွာမှ အိမ်ထောင်စု လေးစု၊ မင်းမြေကွက်သစ်ကျေးရွာမှ အိမ်ထောင်စု ၁၁ စု၊ ကျွန်းကလေးကျေးရွာမှ အိမ်ထောင်စု ငါးစု၊ ဘီးဇပ်ခုံကျေးရွာမှ အိမ်ထောင်စု တစ်စု၊ စုစုပေါင်း အိမ်ထောင်စု ၄၇ စုအတွက် တစ်အိမ်လျှင် အိမ်ဆောက်ပစ္စည်း ထောက်ပံ့ငွေ ကျပ်တစ်သိန်းနှုန်းဖြင့် ထောက်ပံ့ငွေ ကျပ် ၄၇ သိန်းနှင့် ကယ်ဆယ်ရေးပစ္စည်း ကိုးမျိုးစီကိုလည်းကောင်း၊ လူဦးရေ ၂၃၇ ဦးအတွက် တစ်ဦးလျှင် စားနပ်ရိက္ခာ ဆန်ဖိုးထောက်ပံ့ငွေ ကျပ် ၂၁၀၀ နှုန်းဖြင့် ကျပ် ၄၉၇၇၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## ဂန့်ဂေါမြို့၌ စိုက်ပျိုးရေးဆိုင်ရာများ ပညာပေးဟောပြော

**ဂန့်ဂေါ ဇွန် ၂၇**
ဂန့်ဂေါမြို့နယ်အတွင်း သီးနှံအထွက်တိုးရေးနှင့် သီးနှံပင်များတွင် ကျရောက်တတ်သော ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းရေးဆိုင်ရာ တောင်သူအသိပညာပေးဟောပြောပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဂန့်ဂေါမြို့နယ် တောင်ယာပြင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ဇွန် ၂၆ ရက်က ပြုလုပ်သည်။

ဟောပြောပွဲတွင် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဌေးက အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးထင်အောင်ကြွယ်က ဆီထွက်သီးနှံစိုက်ပျိုးဝင်ငွေတိုး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဦးမြင့်ဇော်က ပဲမျိုးစုံအထွက်တိုးရေး ယူရီးယားလက်ချားပက်ဖြန်းပေး ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြပြီး တောင်သူများသိလိုကြသည့် မြေပဲအထွက်တိုး စိုက်ပျိုးနည်း၊ ဓာတ်မြေဩဇာနှင့် ရွက်ဖြန်းမြေဩဇာများ စနစ်တကျ အချိန်ကိုက်အချိုးကျ အသုံးပြုနည်း၊ သီးနှံဖျက်တိရစ္ဆာန်များဖြစ်သော ကြွက်၊ ပုရစ်နှင့် ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းနည်းဆိုင်ရာများ စသည်တို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက တောင်သူများအား ဇီဝစူပါ ရွက်ဖြန်းမြေဩဇာဘူးများ ပေးအပ်ခဲ့သည်။ အဆိုပါ တောင်ယာပြင်ကျေးရွာတွင် အရည်အသွေးကောင်း နှမ်းနက်သီးနှံကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ GAP စနစ်ဖြင့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**၁၀၁**



## ပြည်ပလေးနိုင်ငံမှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ပွဲ ဂျပန်၌ကျင်းပမည်

**ရန်ကုန် ဇွန် ၂၇**
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးပြီး မြန်မာမီဒီယာဂရု(ပ်) က စီစဉ်ကျင်းပသော ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် ထိုင်ဝမ်တို့မှ လက်ဝှေ့ကျော်များ ယှဉ်ပြိုင်ထိုးသတ်မည့် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကြီးကို ဇွန် ၂၉ ရက် ဂျပန်စံတော်ချိန် ညနေ ၄ နာရီခွဲတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ကိုလခုအန်အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံတွင် (၈) ကြိမ်မြောက်ကျင်းပမည့် အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ၆၄ ကီလိုတန်း၌ ထွန်းလွင်မိုး(မြန်မာ)နှင့် ချန်ဝုမ်းဟောင်(တောင်ကိုရီးယား)၊ ၆၇ ကီလိုတန်းတွင် ကြယ်စင်ဖြိုး(မြန်မာ)နှင့် ဒိုင်ခိခနဲကို(ဂျပန်)၊ ၇၃ ကီလိုတန်းတွင် စောဂေါ်မူဒို(မြန်မာ)နှင့် တိုခဲရှိ(ဂျပန်)၊ ၇၅ ကီလိုတန်းတွင် အောင်ပိုင်(မြန်မာ)နှင့် အိုကူဒါ(ဂျပန်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်ပြီး ၆၁ ကီလိုတန်းတွင် နိုင်ငံခြားတွဲဆိုင်းများဖြစ်သော ဟာရှိမိုတို(ဂျပန်)နှင့် ကတ်ဆုတာ(ဂျပန်)၊ ၉၇ ကီလိုတန်းတွင် ခရစ်ဗ်ဖိုက်(ဩစတြေးလျ)နှင့် ဒေါင်ဇီဝူး(ထိုင်ဝမ်)တို့ ယှဉ်ပြိုင်ထိုးသတ်ကြမည်ဖြစ်သည်။

"ကျွန်တော်တို့ မြန်မာမီဒီယာဂရု(ပ်)အနေနဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်ကတည်းက မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေကို ဂျပန်နိုင်ငံမှာ စဉ်ဆက်မပြတ်ကျင်းပခဲ့ပါတယ်။ ဒီတစ်ကြိမ်ဟာ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ ရှစ်ကြိမ်မြောက်ဖြစ်ပါတယ်။ အခုလို မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွေ စဉ်ဆက်မပြတ်ကျင်းပသလို အပြည်ပြည်ဆိုင်ရာလက်ဝှေ့အဖွဲ့ချုပ်(ဂျပန်)ကိုလည်း ဖွဲ့စည်းတည်ထောင်နိုင်ခဲ့ပါတယ်"ဟု ပွဲဖြစ်မြောက်ရေး အဓိက ဦးဆောင်စီစဉ်သူ မြန်မာမီဒီယာဂရု(ပ်)မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝဏ္ဏက ပြောသည်။

ယခု မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ထိုးသတ်မည့် တိုခဲရှိသည် ဂျပန် ဂျူဂျစ်ဆုချန်ပီယံနှင့် MMA ကစားသမားဖြစ်သလို မြန်မာ့ရိုးရာလက်ဝှေ့ကိုလည်း ကျွမ်းကျင်ပိုင်နိုင်စွာ ယှဉ်ပြိုင်ထိုးသတ်နိုင်သူဖြစ်သည်။ အလားတူ ဂျပန်နိုင်ငံသား ဒိုင်ခိခနဲသည် ကရင်ပြည်နယ် အမျိုးသားနေ့တွင် မြန်မာ့ရိုးရာလက်ဝှေ့သမား လွမ်းချိုင်းကို အလဲထိုးအနိုင်ယူထားသလို KBZ ရွှေခါးပတ်လုပွဲတွင်လည်း ထက်အောင်ဦးကို အလဲထိုးဖြင့်နိုင်ကာ ရွှေခါးပတ်ပိုင်ဆိုင်ထားသူဖြစ်သည်။

(၈) ကြိမ်မြောက်ကျင်းပမည့် အဆိုပါမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီးတွင် ယှဉ်ပြိုင်မည့် မြန်မာလက်ဝှေ့သမားများသည် ဇွန် ၂၆ ရက် ညပိုင်းက ANA လေကြောင်းဖြင့် ဂျပန်နိုင်ငံသို့ ထွက်ခွာသွားခဲ့ပြီး ပွဲဖြစ်မြောက်ရေး ဦးဆောင်စီစဉ်သူ မြန်မာမီဒီယာဂရု(ပ်)မှ မန်နေးဂျင်းဒါရိုက်တာ ဦးဝဏ္ဏ ဦးဆောင်၍ လက်ဝှေ့သမားများဖြစ်သော စောဂေါ်မူဒို၊ ထွန်းလွင်မိုး၊ ကြယ်စင်ဖြိုး၊ အောင်ပိုင်နှင့် နည်းပြဆရာများ လိုက်ပါသွားကြသည်။ ယခုပြိုင်ပွဲကဲ့သို့ နိုင်ငံတကာမှ ပါဝင်ယှဉ်ပြိုင်မည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတစ်ပွဲကို လာမည့်အောက်တိုဘာလတွင်လည်း မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်နှင့် အပြည်ပြည်ဆိုင်ရာ လက်ဝှေ့အဖွဲ့ချုပ်(ဥရောပ)တို့ ပူးပေါင်းကာ ဆိုက်ပရပ်စ်နိုင်ငံ၌ ပထမဆုံးအကြိမ်အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



ဂျပန်နိုင်ငံသို့ ထွက်ခွာမည့် မြန်မာ့ရိုးရာလက်ဝှေ့အဖွဲ့သားများကို အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

**သတင်း- မောင်စိန်လွင်(မြန်မာ့အလင်း)**
**ဓာတ်ပုံ- မင်းထက်**

## မှုခင်းလျှော့နည်းကျဆင်းရေးအတွက် မြစ်ကြီးနားဈေး၌ ရဲကင်းစခန်းငယ် အသစ်ဖွင့်

**မြစ်ကြီးနား ဇွန် ၂၇**
ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်အတွင်း မှုခင်းလျှော့နည်းကျဆင်းရေးနှင့် ပြည်သူများ လုံခြုံဘေးကင်းစေရေးအတွက် မြစ်ကြီးနားမြို့မဈေးကြီး၌ ရဲကင်းစခန်းအသစ်တစ်ခုကို ဇွန် ၂၅ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

မြစ်ကြီးနားမြို့မဈေး(၁)နှင့် ဈေး(၂)ကြားလမ်းရှိ အဆိုပါ ရဲကင်းစခန်းဖွင့်ပွဲတွင် ကချင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးသူရမျိုးတင်၊ ပြည်နယ်ဥပဒေချုပ် ဦးဒီဆင်ရမ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်တို့က ရဲကင်းစခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ ကင်းစခန်းအတွင်း လှည့်လည်ကြည့်ရှုခဲ့သည်။

မြစ်ကြီးနားမြို့ပေါ်တွင် ၂၀၁၇ ခုနှစ်နှင့် ၂၀၁၈ ခုနှစ် နှစ်ဆန်းပိုင်းက လုယက်မှု၊ အနုကြမ်းစီးမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လျင်မြန်ထိရောက်သည့် လုံခြုံရေးပေးစွမ်းနိုင်ရန်အတွက် မြို့မဈေး ရဲကင်းစခန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်မိုးက အဆိုပါရဲကင်းစခန်းဖွင့်ပွဲတွင် ပြောကြားသည်။

မြို့မဈေး ရဲကင်းစခန်းငယ်တွင် တပ်ဖွဲ့ဝင်အရာရှိ တစ်ဦးနှင့် အခြားအဆင့် တပ်ဖွဲ့ဝင်များ ရုံးထိုင်၍ ၂၄ နာရီလုံခြုံရေးအတွက် လှည့်ကင်း၊ ရပ်ကင်းများ ဆောင်ရွက်မည့်အပြင် အရေးပေါ်ကိစ္စရပ်များ ဖြစ်ပေါ်လာပါက ဆက်သွယ်ရန်ဖုန်းနံပါတ်များကိုလည်း အများမြင်သာရန် ရေးသားဖော်ပြထားကြောင်း သိရသည်။

ထို့အပြင် အရေးပေါ် မောင်းနှင်သွားလာနိုင်ရန်အတွက် ရဲမော်တော်ဆိုင်ကယ်ကိုလည်း ပြည်နယ်အစိုးရက ဝယ်ယူထောက်ပံ့ပေးထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**



# မကွေးမြို့၌ ရဟန်း ၂၅ ပါးနှင့် ရှင် ၂၀၇ ပါး ရှင်ပြုအလှူတော်မင်္ဂလာ ကျင်းပ

**မကွေး ဇွန် ၂၇**
မကွေးတိုင်းဒေသကြီး မကွေးမြို့ ဝိသုတာရာမစာသင်တိုက်၌ ရဟန်း ၂၅ ပါး ရဟန်းခံပွဲနှင့် သာမဏေ ၂၀၇ ပါး ရှင်ပြု ပွဲကို ဇွန် ၂၇ ရက်က ကျင်းပခဲ့ပြီး ဆရာတော် သံဃာတော်များ၊ မကွေးတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဝင်းမော်ဌေးနှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတနှင့် လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ပရိသတ်များက မကွေးမြို့ရာဇမုနိတောင်ပေါ်ကျောင်းတိုက် ဆရာတော်ကြီးထံမှ သီလခံယူဆောက်တည်ကြကာ ဝန်ကြီးနှင့် အလှူရှင်များက ဆရာတော်၊သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် အလှူရှင်မိသားစုက ဘာသာရေး၊ လူမှုရေး၊ ပရဟိတ အသင်းအဖွဲ့များသို့ အလှူငွေ ကျပ် ၅၁ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။

ရဟန်းခံ၊ ရှင်ပြုအလှူပွဲကို ဝိသုတာရာမစာသင်တိုက်နာယကဆရာတော်များ၏ ဦးဆောင်မှုဖြင့် ကျင်းပခြင်းဖြစ်ပြီး ရဟန်းခံရှင်ပြုပွဲ၏ တစ်ဦးတည်းအလှူရှင်မှာ ရန်ကုန်မြို့မှ ဦးစိုးနိုင်-ဒေါ်မိုးစိမ့်စိမ့်လင်း မိသားစု(THEIA Jewellery Treasure Link ကုမ္ပဏီလီမိတက်)ဖြစ်ပြီး ကျပ်သိန်း ၂၅၀ ခန့်အကုန်ကျခံ၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မကွေးမြို့နယ် သံဃနာယကအဖွဲ့အကျိုးတော်ဆောင်ဆရာတော် ဦးသာသနက "ဒီအလှူကို သာသနာတော်ထွန်းကားရေးအတွက် လာလုပ်ပေးလို့ အလွန်ဝမ်းသာပီတိဖြစ်ပါတယ်၊ ဒီအလှူကြောင့် စာသင်သားသံဃာတော်တွေလည်း တိုးပွားလာမယ်၊ မကွေးမြို့နယ်အတွင်းက ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေနဲ့ မိဘမဲ့ကလေးတွေကို ရဟန်းခံရှင်ပြုပေးတဲ့အတွက်လည်း မကွေးမြို့နယ် ပြည်သူလူထုကိုယ်စား ပိုပြီးပီတိဖြစ်ရတယ်၊ သာသနာအတွက် အလွန်လိုအပ်နေတဲ့ သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတွေ တိုးပွားများပြားလာအောင် ထောက်ပံ့ပေးလို့ သာသနာအတွက် အလွန်အကျိုးရှိတဲ့အလှူပါ"ဟု မိန့်ကြားသည်။

ရဟန်း ၂၅ ပါး နှင့်ရှင် ၂၀၇ ပါး အလှူပွဲကြီး ဖြစ်မြောက်ရန်အတွက် မကွေးမြို့ ဝိသုတာရာမတိုက်နာယက ဆရာတော်ကြီးများ၏ ဦးဆောင်မှုဖြင့် မကွေးမြို့ပေါ်ရှိ ဌာနဆိုင်ရာများနှင့် ဘာသာရေးအသင်းအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ ကူညီခဲ့ကြကြောင်း သိရသည်။

**မေသူလွင်(မကွေးကိုယ်ပွား)**



# လိပ်သို၌ မြန်မာ့ချဉ်ပေါင်ဖာလာ အရည်အသွေးကောင်းမွန်ရေး သင်တန်းပို့ချ

**လိပ်သို ဇွန် ၂၇**
ကရင်ပြည်နယ် လိပ်သိုမြို့နယ်အတွင်း စိုက်ပျိုးသော မြန်မာ့ချဉ်ပေါင်ဖာလာများ အရည်အသွေးကောင်းပြီး ပြည်ပဈေးကွက် တင်ပို့နိုင်ရေးအတွက် လိပ်သိုဒေသအတွင်းရှိ ကျေးရွာ ၃၉ ရွာမှ ဥယျာဉ်ခြံစိုက်တောင်သူ ၇၀ အား တစ်ရက်တာသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ချဉ်ပေါင်ဖာလာ သုတေသနပြု စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေး(SNV)အဖွဲ့တို့ ပူးပေါင်း၍ စိုက်ပျိုးရေးဦးစီးဌာနခန်းမ၌ ဇွန် ၂၆ ရက်က ပို့ချပေးကြောင်း သိရသည်။

သင်တန်းတွင် လိပ်သိုမြို့အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးသိန်းဌေးက ချဉ်ပေါင်ဖာလာ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ အရည်အသွေးကောင်း သီးနှံမျိုးများ ပြောင်းလဲဝယ်ယူစိုက်ပျိုးရေးနှင့် ဖာလာပင်စိုက်ပျိုးရာတွင် အရိပ်ရအပင်ကြီးများအောက်တွင် စိုက်ပျိုးသင့်ကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် သံတောင်ကြီးမြို့နယ် မြန်မာ့ချဉ်ပေါင်ဖာလာ စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးအသင်း ဥက္ကဋ္ဌ ဦးစောခရစ္စတိုဖာက သံတောင်ကြီးမြို့နယ်၌ ချဉ်ပေါင်ဖာလာ စိုက်ပျိုးမှုမှာ တိုးတက်များပြားလာလျက်ရှိကြောင်း၊ ယခင်က မြို့နယ်မှထွက်ရှိသော ဖာလာသည် (export quality) အရည်အသွေးမမီခြင်း၊ ထုတ်လုပ်မှုပုံစံနှင့် နည်းစနစ်အားနည်းခြင်းတို့ကြောင့် ဈေးကွက်ဝင်ငွေရရှိမှု အားနည်းခဲ့ကြောင်း၊ ချဉ်ပေါင်ဖာလာများကို အရည်အသွေးကောင်းအောင် နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးခြင်းနှင့် သီးနှံရင့်မှည့်ချိန်မှသာ ဆွတ်ခူးခြင်းတို့ဖြင့် ဈေးကွက်နှင့် ဝင်ငွေပိုမိုရရှိပြီး စိုက်ပျိုးသူများ အကျိုးစီးပွား ပို၍ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ချဉ်ပေါင်ဖာလာ သုတေသနပြုစိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ရေးအဖွဲ့ခေါင်းဆောင် ဦးစောလောလမင်းက ချဉ်ပေါင်ဖာလာနှင့်ပတ်သက်၍ အရည်အသွေး၊ စိုက်ပျိုးနည်းစနစ်များကို အသေးစိတ် ရှင်းလင်းပြောကြား သင်ကြားပို့ချပြီး ချဉ်ပေါင်ဖာလာ စိုက်ပျိုးပြုစုထိန်းသိမ်းခြင်း ဘာသာရပ်ကို ဦးစောပီတာမြကလည်းကောင်း၊ ဖာလာအရည်အသွေး မြှင့်တင်ဆောင်ရွက်ခြင်းဘာသာရပ်ကို ဦးမျိုးလွင်ကလည်းကောင်း၊ အခြောက်ခံခြင်းနှင့် ဈေးကွက်ဝင် အရည်အသွေးကောင်းရရှိရေးကို ဒေါ်ခိုင်ဝင့်ကိုက လည်းကောင်း သင်ကြားပို့ချပေးခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်မှ ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေး စီမံကိန်းလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဇွန် ၂၇**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်မှ ကျေးလက်ဒေသများတွင် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပြီး ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာများ ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် UNDP(မြန်မာ)ရုံးချုပ်နှင့် NGO, INGO အဖွဲ့အစည်းများ ပါဝင်သော ပူးပေါင်းအဖွဲ့များဖြင့် စီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါ စီမံကိန်းလုပ်ငန်းများကို အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစွန်ထွေး ဦးဆောင်သောအဖွဲ့နှင့် UNDP(မြန်မာ)ရုံးချုပ်မှ Mr.Bip Lov ဦးဆောင်သော တာဝန်ရှိသူများအဖွဲ့က ဇွန် ၂၅ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသည့် ရေအရင်းအမြစ်နှင့် စားနပ်ရိက္ခာဖူလုံရေး စီမံကိန်းလုပ်ငန်းများအနက် Well Done Engineering ကုမ္ပဏီလီမိတက်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ထီးပုကျေးရွာမှ အနက်ပေ ၁၀၀၀ ခန့်ရှိ အဝီစိစက်ရေတွင်း တူးဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ပြီး Well Done Engineering ကုမ္ပဏီမှ တာဝန်ရှိသူများက စက်ရေတွင်းမှ ရေဂါလန် ၁၃၀၀ ထွက်ရှိသဖြင့် ကျေးလက်နေပြည်သူများ အဆင်ပြေစွာ ရေရရှိသုံးစွဲနေသည့် အခြေအနေများနှင့် ရေအလေအလွင့်မရှိစေရေးအတွက် အုတ်ရေကန်များ တည်ဆောက်၍ ရေငုတ်များဖြင့် စနစ်တကျဖြန့်ဝေပေးနေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့သည်။

**ရဲဝင်းနိုင် (ညောင်ဦး)**



# ရေတာရှည်မြို့နယ်မှ အခွန်ထမ်းလုပ်ငန်းရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်

**ရေတာရှည် ဇွန် ၂၇**
၂၀၁၇-၂၀၁၈ အခွန်စည်းကြပ်နှစ်အတွက် ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသော ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းမှ လုပ်ငန်းရှင်များအား ဒုတိယအကြိမ်မြောက် ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ပေးအပ်ပွဲကို ဇွန် ၂၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဂုဏ်ပြုပွဲတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၊ စီးပွားရေးလုပ်ငန်းရှင်များက အခွန်ကျေပွန်စွာထမ်းဆောင်ကြရေးမှာ အဓိကကျကြောင်း၊ အခွန်ဝင်ငွေများရရှိမှသာ နိုင်ငံအတွက် လိုအပ်သော ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် သုံးစွဲနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးအောင်မိုးက အာဆီယံနိုင်ငံများ အခွန်ကောက်ခံသည့် ရာခိုင်နှုန်းနှင့် မြန်မာနိုင်ငံတွင် အခွန်ကောက်ခံမှုများကို နှိုင်းယှဉ်ချက်အရ အာဆီယံနိုင်ငံ ၁၀ နိုင်ငံထဲတွင် အနည်းဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းနှင့် ကောက်ခံရရှိသောအခွန်ငွေများကို ပြည်ထောင်စုဘတ်ဂျက်၊ တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်များသို့ ကဏ္ဍအလိုက် ဖြည့်သွင်းနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်လွင်က ဘဏ္ဍာရေးနှစ်အလိုက် အရ၊ အသုံးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ တိုင်းဒေသကြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်တင်တင်မြင့်က စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းပြောကြားခဲ့ပြီးနောက် ရေတာရှည်မြို့နယ်အတွင်းမှ ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသော လုပ်ငန်းရှင် ၁၅၉ ဦးအား တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ခဲ့သည်။

**ကိုလွင်(ဆွာ)**

# မြို့သစ်မြို့၌ မြို့တွင်းအုတ်ရေမြောင်းများ ပြုလုပ်လျက်ရှိ

**မကွေး ဇွန် ၂၇**
မကွေးတိုင်းဒေသကြီး မြို့သစ်မြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပရေး၊ မြို့တွင်း ရေစီးရေလာကောင်းမွန်ရေး ရည်ရွယ်ချက်များဖြင့် မြို့တွင်းအုတ်ရေမြောင်းများ ပြုလုပ်ခြင်း လုပ်ငန်းများကို ယခုနှစ် ဧပြီလကုန်ပိုင်းမှစ၍ ဆောင်ရွက်လျက်ရှိကာ လက်ရှိအချိန်တွင် လုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် လူအင်အား၊ စက်အင်အားများဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

"မိုးတွင်းကာလမှာ ရေဝပ်ဧရိယာ နည်းပါးပြီး ပြည်သူများ သွားလာမှုအဆင်ပြေစေရေး ဦးစားပေး ဆောင်ရွက်နေတာဖြစ်ပါတယ်၊ မိုးတွင်းကာလဖြစ်တဲ့အတွက် လုပ်ငန်းလုပ်ဆောင်ရာမှာ အခက်အခဲများစွာ ရှိသော်လည်း နေ့စဉ် လူအင်အား၊ စက်ယန္တရားအင်အားများနဲ့ အချိန်မီပြီးစီးရေး ဆောင်ရွက်နေပါတယ်"ဟု မြို့နယ်စည်ပင်သာယာ တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဌေးက ပြောသည်။

အဆိုပါ မြို့တွင်းအုတ်ရေမြောင်းများ ပြုလုပ်ခြင်းလုပ်ငန်းကို ၂၀၁၈ ဘဏ္ဍာရေးနှစ် စည်ပင်လုပ်ငန်းရန်ပုံငွေ ကျပ် ၁၂၅ သန်းဖြင့် မြို့သစ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က တာဝန်ယူဆောင်ရွက်နေခြင်းဖြစ်ပြီး မြို့သစ်မြို့ပေါ်ရှိ လမ်းခြောက်လမ်းတွင် လုပ်ငန်းများ ဆောင်ရွက်ရာ ဈေးဦးလမ်း၊ မြစိမ်းလမ်း၊ ဗိုလ်ချုပ်လမ်းနှင့် တောင်တွင်း-နတ်မောက်လမ်းတို့မှာ ပြီးစီးပြီဖြစ်ပြီး သန္တာလမ်းနှင့် ထွန်းရွှေဝါလမ်းတို့မှာ ယခုလက်ရှိ လုပ်ဆောင်ဆဲဖြစ်ကြောင်း၊ ဇွန်လကုန်တွင် လုပ်ငန်းများပြီးစီးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

**ဇော်ဇော်(မြို့သစ်)**

# လွိုင်လင်ခရိုင်၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းများ တိုးချဲ့သွားမည်

**လွိုင်လင် ဇွန် ၂၇**
ရှမ်းပြည်နယ်တောင်ပိုင်း လွိုင်လင်ခရိုင်တွင်းရှိ ကျေးရွာများတွင် မြစိမ်းရောင်စီမံကိန်းများကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ပေးပြီး အရင်းမပျောက် မတည်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ကို ထုတ်ချေးပေးလျက်ရှိရာ ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပထမခြောက်လ ဘတ်ဂျက်ကာလတွင် ခရိုင်အတွင်းရှိ လွိုင်လင်မြို့နယ်၊ နမ့်စန်မြို့နယ်၊ မိုင်းကိုင်မြို့နယ်နှင့် ကွန်ဟိန်းမြို့နယ်တို့မှ ကျေးရွာခြောက်ရွာ၌ စီမံကိန်းယူနစ် လေးခုကို ထပ်မံတိုးချဲ့သွားမည်ဖြစ်ကြောင်း သိရသည်။

လွိုင်လင်ခရိုင်အတွင်း လွိုင်လင်၊လဲချား၊ မိုင်းကိုင်၊ ကျေးသီး၊ မိုင်းရှူး၊ ကွန်ဟိန်းနှင့် နမ့်စန် မြို့နယ် ခုနစ်မြို့နယ်ရှိပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်က မြို့နယ်များအတွင်းရှိ ကျေးရွာပေါင်း ၃၁ ရွာ၌ မြစိမ်းရောင်စီမံကိန်း ၂၁ ယူနစ်ကို ငွေကျပ် သန်း ၆၃၀ ဖြင့် စတင်အကောင်အထည်ဖော်ခဲ့ကာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၀၃ ရွာ၌ စီမံကိန်းယူနစ် ၆၇ ယူနစ်ကို ငွေကျပ်သန်း ၂၀၁၀၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၈၉ ရွာ၌ စီမံကိန်းယူနစ် ၅၂ ယူနစ်ကို ငွေကျပ်သန်း ၁၅၆၀၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၇၄ ရွာ၌ စီမံကိန်းယူနစ် ၃၅ ယူနစ်ကို ငွေကျပ်သန်း ၁၀၅၀ တို့ဖြင့် ဆက်လက်အကောင်အထည်ဖော်ခဲ့ရာ လက်ရှိအချိန်အထိ ကျေးရွာပေါင်း ၂၉၇ ရွာ၌ စီမံကိန်းယူနစ် ၁၇၅ ခုကို ငွေကျပ်သန်းပေါင်း ၅၂၅၀ ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ရှိသူ၏ ပြောကြားချက်အရ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကလိန်အောင်မြို့မှ သားသတ်ရုံများကို ကျန်းမာရေးနှင့် ညီညွတ်မှုရှိစေရန် ကွင်းဆင်းစစ်ဆေး

**ကလိန်အောင် ဇွန် ၂၇**
တနင်္သာရီတိုင်းဒေသကြီး ရေဖြူမြို့နယ် ကလိန်အောင်မြို့ရှိ သားသတ်ရုံများတွင် အများပြည်သူစားသုံးရန်အတွက် ကျန်းမာရေးနှင့်ညီညွတ်စွာ ဆောင်ရွက်ထားမှု ရှိ၊ မရှိကို ကလိန်အောင်မြို့ စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ခံ ဦးသွင်စည်သူ ကျော်ထွေး၊ ကလိန်အောင်မြို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုဦးစီးမှူး ဒေါက်တာဒေါ်ဇင်မာမင်းနှင့်အဖွဲ့တို့က ဇွန် ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

ကွင်းဆင်းစစ်ဆေးရာတွင် သားသတ်ရုံများ၌ သတ်ဖြတ်ပြီး အသားများကို ပြည်သူများစားသုံးရာတွင် ကျန်းမာရေးနှင့် ညီညွတ်စေရန်အတွက် သန့်ရှင်းစွာ ဆောင်ရွက်ထားမှု ရှိ၊ မရှိကိုသာမက အများပြည်သူများ စားသုံးရန် သတ်ဖြတ်မည့် တိရစ္ဆာန်များကို မသတ်ဖြတ်မီ ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ကာ တိရစ္ဆာန်များ နာမကျန်းမှုဖြစ်ပါက အသားသတ်ရုံပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာဌာနများသို့ အကြောင်းကြားကြရန်လည်း အသိပေးမှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကွန်ပျူတာဒီပလိုမာတပ်ကြပ်ကြီး/စာရေး အမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည်အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူဖြစ်ရမည်။

( ဂ ) ၁-၁-၂၀၁၉ ရက်နေ့တွင် အသက် ၁၆ နှစ်ပြည့်ပြီး ၁၉ နှစ်ထက်မကြီးရ။

(ဃ) အရပ်(၅)ပေ(၂)လက်မ၊ ပေါင်(၁၀၀)နှင့်အထက် ရှိရမည်။
(အထက်ပါအတိုင်းကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

( င ) မိဘအုပ်ထိန်းသူ သဘောတူညီကြောင်းထောက်ခံချက်ပါရှိရမည်။

၂။ လျှောက်လွှာများကို နီးစပ်ရာစစ်ဌာနချုပ်များတွင် ၂၈-၆-၂၀၁၈ ရက်နေ့မှစတင်၍ အခမဲ့ရယူပြီး ၂၉-၆-၂၀၁၈ ရက်နေ့မှ ၂၄-၈-၂၀၁၈ ရက်နေ့အတွင်း စစ်ဌာနချုပ်များသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ လူကိုယ်တိုင်လာရောက်သတင်းပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးလက်မှတ်။

( ခ ) တက္ကသိုလ်ဝင်စာမေးပွဲ အောင်လက်မှတ်။

( ဂ ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး/ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ တစ်လအတွင်းရရှိသော ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ (၃)ပုံ။

၃။ သတ်မှတ်ချက်များနှင့်ပြည့်စုံသူများအား စစ်ရေးချုပ်ရုံး၊ စိစစ်ရွေးချယ်ရေးဘုတ်အဖွဲ့မှ ပဏာမရွေးချယ်ပါမည်။ ပဏာမရွေးချယ်ခံရသူများအား တိုင်းစစ်ဌာနချုပ်အစီစဉ်ဖြင့် လေ့ကျင့်ပေးမည့်သင်တန်းကျောင်းသို့ပို့ဆောင်ပေးမည်။ ၎င်းတွင် စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးအောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၄။ သင်တန်းတွင် အခြေခံစစ်ပညာရပ်များ၊ အခြေခံရုံးလုပ်ငန်းစည်းမျဉ်း၊ ကွန်ပျူတာနှင့် အင်္ဂလိပ်စာ ဘာသာရပ်တို့ကို ၂ နှစ်ကြာ သင်ကြားလေ့ကျင့်ပေးပြီး အောင်မြင်သူများကို ကွန်ပျူတာဒီပလိုမာ Dip,C.S (Diploma in Computer Studies) ချီးမြှင့်ပေးမည်။

၅။ သင်တန်းကာလ ၂ နှစ်အတွင်း ခြေလျင်တပ်သားသစ် သင်တန်းကာလတွင် တပ်သားသစ်လစာ ၁၄၄၀၀ဝိ/-ကျပ်ကိုလည်းကောင်း၊ ခြေလျင်တပ်သားသစ်သင်တန်း ပြီးဆုံးသည့်ရက်မှစ၍ သင်တန်းပြီးဆုံးသည်အထိ တပ်သားအခြေခံလစာ ၁၅၀၀၀ဝိ/-ကျပ်ကိုလည်းကောင်းရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် တပ်ကြပ်ကြီး (စာရေး/ကွန်ပျူတာ)(တတိယတန်း) (အခြေခံလစာ- ၂၀၄၀၀ဝိ + အရည်အချင်းလစာ ၄၀၀ဝိ + M.H.R.A = ၁၀၀၀ဝိ = ၂၁၈၀၀ဝိ)အဖြစ် ခန့်အပ်ပေးမည်။

၆။ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) အဆင့်/အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ လုပ်သက် ၂ နှစ် ပြည့်သည့်အခါ အဆင့်/အတန်းတိုးမြှင့်ရေးစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုခွင့်ရှိ၍ စာမေးပွဲအောင်မြင်ပါက အောက်ဖော်ပြပါ အဆင့်/အတန်းများတိုးမြှင့်ရရှိနိုင်ပြီး ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါ လစာ၊ စရိတ်များ ရရှိမည်-

| | အဆင့်အတန်း | အခြေခံ လစာ | အရည်အချင်း လစာ | M.H.R.A | ပေါင်း |
|---|---|---|---|---|---|
| (က) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ဒုတိယတန်း) | ၂၀၄၀၀၀ | ၆၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀၀ |
| ( ခ ) | တပ်ကြပ်ကြီး(စာရေး/ကွန်ပျူတာ) (ပထမတန်း) | ၂၀၄၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၂၂၀၀၀ |
| ( ဂ ) | ဒုတိယအရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၄၀၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၅၈၀၀၀ |
| (ဃ) | အရာခံဗိုလ် (စာရေး/ကွန်ပျူတာ) | ၂၅၈၀၀၀ | ၈၀၀၀ | ၁၀၀၀၀ | ၂၇၆၀၀၀ |

**မှတ်ချက်။** နှစ်တိုးလစာကို ၂ နှစ်လျှင် ၂၀၀ဝိ/- နှုန်းဖြင့် ၁၀၀၀ဝိ/- အထိ ခံစားခွင့်ရှိသည်။

၇။ တာဝန်ထမ်းဆောင်စဉ် **အဝေးသင်တက္ကသိုလ်မှ ဘွဲ့ရရှိနိုင်ရေး**အတွက် အဆင်ပြေစွာဖြေဆိုနိုင်သည်။

**မှတ်ချက်။** အသေးစိတ်သိလိုပါက နီးစပ်ရာ စစ်ဌာနချုပ်များတွင် စုံစမ်းနိုင်သည်။

# ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government ဦးဆောင်ကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား




**ဒုတိယသမ္မတ ဦးမြင့်ဆွေ e-Government ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** သတင်းစဉ်

**နေပြည်တော် ဇွန် ၂၇**

e-Government ဦးဆောင်ကော်မတီ၏ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ e-Government ဦးဆောင်ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စု စာရင်းစစ်ချုပ်၊ ပြည်ထောင်စု ရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်နာယက ဦးသောင်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် e-Government ဦးဆောင်ကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက မြန်မာနိုင်ငံတွင် e-Government စနစ်အောင်မြင်စွာ

စာမျက်နှာ ၅ ကော်လံ ၁ ■

# ခါးပတ်နှစ်ခုပိုင် ချန်ပီယံအောင်လအန်ဆန်အား အနိုင်ယူဖို့ ရာနှုန်းပြည့်ပြင်ဆင်ထားကြောင်း စိန်ခေါ်သူ ကန်ဟာဆီဂါဝါ ပြောကြား



**ချန်ပီယံ အောင်လအန်ဆန်နှင့် စိန်ခေါ်သူ ဂျပန်နိုင်ငံသား ကန်ဟာဆီဂါဝါတို့အား စာနယ်ဇင်းရှင်းလင်းပွဲတွင် တွေ့ရစဉ်။** ဓာတ်ပုံ- မင်းထက်

**ရန်ကုန် ဇွန် ၂၇**

စင်ကာပူအခြေစိုက် One Championship အဖွဲ့က မြန်မာနိုင်ငံ၌ သတ္တမအကြိမ်မြောက် ကျင်းပမည့် MMA ၏ ကမ္ဘာ့မစ်ဒယ်ဝိတ်တန်း ချန်ပီယံလုပွဲကြီးတွင် လက်ရှိချန်ပီယံ မြန်မာနိုင်ငံသား ကချင်ပြည်နယ်ဖွား အောင်လအန်ဆန်အား စိန်ခေါ်သူ ဂျပန်နိုင်ငံသား ကန်ဟာဆီဂါဝါက အနိုင်ယူဖို့ ရာနှုန်းပြည့်ပြင်ဆင်ထားကြောင်း ပြောဆိုသည်။

ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် ရန်ကုန်မြို့ Pullman Yangon Centrepoint Hotel ၌ ကျင်းပသော အဆိုပါ Spirit of a Warrior ဟု အမည်ပေးထားသည့်

စာမျက်နှာ ၈ ကော်လံ ၁ ●

# မဲဆန္ဒရှင်ပြည်သူများသို့ မေတ္တာရပ်ခံချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ ၃ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် လစ်လပ်မဲဆန္ဒနယ်များတွင်ပါဝင်သည့် မြို့နယ်များ၌ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေးအတွက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ မဲဆန္ဒရှင်စာရင်းကို အခြေခံ၍ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ပြုစုစိစစ်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ မဲဆန္ဒရှင်စာရင်းများကို ၉-၇-၂၀၁၈ ရက်နေ့မှ ၂၂-၇-၂၀၁၈ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု ရွေးကောက် ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ပထမအကြိမ်အဖြစ် ကပ်ထားကြေညာမည်ဖြစ်ပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်းလာရောက်ကြည့်ရှုမှသာ ပြည့်စုံမှန်ကန်သော မဲစာရင်းရရှိနိုင်မည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ မဲဆန္ဒရှင်များအနေဖြင့် မဲဆန္ဒရှင်စာရင်းကို လာရောက်ကြည့်ရှုပြီး မိမိအမည် မဲစာရင်းတွင် မပါဝင်ပါက ပုံစံ(၃)ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားယွင်းနေပါက ပုံစံ(၄-က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းတို့ကို ဆောင်ရွက်စေလိုပါသည်။

စာမျက်နှာ ၇ ကော်လံ ၁ ❋

